အဂတိလိုက်စားမှုတိုက်ဖျက်ရေး

တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်(၁)

၂၀၂၀ မတ်လ

ACC Myanmar

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ	-	အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး (၀၂၇၈၇) အုပ်စု(၁)၊ အားကစားလေ့ကျင့်ရေးစခန်း၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ နေပြည်တော်။
ပုံနှိပ်သူ	-	ပေါင်းစည်းညီညာရွှေနိုင်ငံပုံနှိပ်အုပ်စုကုမ္ပဏီလိမိတက် ပုံနှိပ်တိုက် (၀၁၄၁၆) အမှတ်(၁၁၂)၊ ဓုန်(၂)၊ ပြင်စည်မင်းသားကြီးလမ်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ပုံနှိပ်ခြင်း	-	၂၀၂၀ ပြည့်နှစ်၊ မတ်လ
အုပ်ရေ	-	၃၀၀၀၀
ဖြန့်ချိရေး	-	အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မျက်နှာဖုံး	-	အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

This document is a translation of Education for Justice (E4J) modules, developed by UNODC/E4J initiative. The original modules can be found here: https://www.unodc.org/e4j/en/tertiary/index.html

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏
ကျေးဇူးတင်လွှာ

၁။ ကော်မရှင်သည် အများပြည်သူတို့၏ဘဝများ သာယာဝပြောလာစေရန်အတွက် နိုင်ငံတစ်ဝန်း အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့်အတူ လက်တွဲ၍ တွန်းလှန်တိုက်ဖျက်လျက်ရှိပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်ခြင်းဟူသည့် နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ ပုဒ်မ ၁၆ ပုဒ်မခွဲ (ည) အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာများအား အခြေခံပညာမူလတန်းအဆင့်မှ စတင်သင်ကြားနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြုစုခဲ့သော ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် မူလတန်းအဆင့် (ဆရာကိုင်) စာအုပ်များကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင်လည်းကောင်း၊ အလယ်တန်းအဆင့် (ဆရာကိုင်) စာအုပ်များကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင်လည်းကောင်း ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး အထက်တန်းအဆင့် (ရည်ညွှန်း) စာအုပ်ကိုလည်း ပြုစုဆောင်ရွက်လျက်ရှိပါသည်။

၃။ တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို စိတ်ပါဝင်စားသူများ ဖတ်ရှုလေ့လာနိုင်ရေးအတွက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (United Nations Office on Drugs and Crime – UNODC) ၏ Education for Justice(E4J) Initiative ၊ University Module Series မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေခဲ့သော Anti-Corruption Module များနှင့် ၂၀၁၈ ခုနှစ်၊ မတ်လတွင် ထုတ်ဝေခဲ့သော Integrity and Ethics Module များကို ဆက်လက်ဘာသာပြန်ဆို ပြုစုခဲ့ပါသည်။ ယခုစာစောင်သည် UNODC ၏ University Module Series မှ အဓိကကျသော အကြောင်းအရာများကို အလွယ်တကူ အဆင်ပြေစွာ လေ့လာနိုင်ရေးအတွက် မြန်မာဘာသာသို့ ဘာသာပြန်ဆိုထားသည့်အပြင် စိတ်ပါဝင်စားသူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်ရန်အတွက် မူရင်းအင်္ဂလိပ်ဘာသာဖြင့် ရေးသားချက် အပြည့်အစုံကိုလည်း Module အလိုက် တစ်ဆက်တည်း ထည့်သွင်းပြုစုထားပါသည်။

၄။ Education for Justice(E4J) Initiative၊ University Module Series သည် ၂၀၁၅ ခုနှစ်တွင် ကာတာနိုင်ငံ၊ ဒိုဟာမြို့၌ ကျင်းပခဲ့သည့် ကုလသမဂ္ဂ၏ ပြစ်မှုတားဆီးကာကွယ်ရေးနှင့် ပြစ်မှုတရားစီရင်ရေးဆိုင်ရာ (၁၃) ကြိမ်မြောက် ညီလာခံတွင် အတည်ပြုခဲ့သည့် ဒိုဟာ

ထုတ်ပြန်ကြေညာချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တစ်ခုအနေဖြင့် ကမ္ဘာတစ်လွှားမှ တက္ကသိုလ်အဆင့် ကျွမ်းကျင်ပညာရှင်များက ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီး နိုင်ငံများ၏ လက်ရှိပကတိ ဖြစ်ပေါ်နေမှုအပေါ် လေ့လာသုံးသပ်၍ စနစ်တကျ ရေးသားပြုစုထားသော စာစောင်ဖြစ်ပါသည်။

၅။ လူ့အဖွဲ့အစည်းတစ်ရပ်လုံးသည် ဖြောင့်မတ်တည်ကြည်မှုကို ကိုယ်ပိုင်အသိတရားဖြင့် တန်ဖိုးထားအပ်ပြီး လက်တွေ့လိုက်နာ ကျင့်ကြံအားထုတ်တတ်စေရန်၊ အခြေခံ စည်းကမ်းမူဘောင်များနှင့် ကျင့်ဝတ်များကိုလိုက်နာခြင်းဖြင့် လူ့ဘောင်အဖွဲ့အစည်းအတွက် အကျိုးပြုသူများဖြစ်လာစေရန်၊ မိမိတို့ လူ့အဖွဲ့အစည်းအပေါ် မှန်ကန်ကောင်းမွန်သော အတွေးအမြင်များ ရရှိစေရန်၊ လူတိုင်းသည် မိမိတို့၏ လုပ်ဆောင်မှုတိုင်းအတွက် တာဝန်ယူမှုရှိစေရန်နှင့် ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအတွင်း အများပြည်သူဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု Public Integrity ဖွံ့ဖြိုးတိုးတက်လာစေရန်အပြင် နိုင်ငံတစ်ဝန်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးရန်တို့အတွက် ဤစာစောင်ကို လေ့လာအသုံးပြုသွားရန် ရည်ရွယ်ပါသည်။

၆။ တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူများမှစတင်၍ အများပြည်သူ လွယ်ကူစွာ အသုံးပြုနိုင်ရေးအတွက် Education for Justice (E4J) Initiative၊ University Module Series ကို ဘာသာပြန်ဆိုခွင့်နှင့် အခမဲ့ထုတ်ဝေဖြန့်ချိခွင့်ပြုသော UNODC ၊ ဘာသာပြန်ဆိုတည်းဖြတ်ပေးရန် ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါသော ပညာရေးဝန်ကြီးဌာန၊ စာစောင်များ ဖြစ်မြောက်လာရန် လိုအပ်ချက်များကို စိတ်ရှည်လက်ရှည်ဖြင့် မြန်မာဘာသာပြန်ဆို တည်းဖြတ်ပေးသော ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ပါမောက္ခ (ဌာနမှူး) (ငြိမ်း) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာမိုမိုသန့်၊ မန္တလေးတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာသီတာအောင်၊ စာစောင်များကို ပုံနှိပ်ထုတ်ဝေပေးသော အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ United States Agency for International Development- USAID (တရားဥပဒေစိုးမိုးမှု မြှင့်တင်ရေးအစီအစဉ်-မြန်မာ၊ Promoting the Rule of Law in Myanmar- PRLM) တို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

၂၀၂၀ ပြည့်နှစ်၊ မတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	**အခန်း(၁) အဂတိလိုက်စားမှုဆိုသည်မှာ အဘယ်နည်းနှင့် မည်သည့်အတွက်ကြောင့် ဂရုတစိုက်ရှိရမည်နည်း**	
	- နိဒါန်း	၁
	- သင်ယူခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ	၂
	- ဆွေးနွေးသွားမည့် အဓိကအကြောင်းအရာများ	၃
	- အဂတိလိုက်စားမှုအခြေခံအနက်အဓိပ္ပါယ်	၄
	- အဂတိလိုက်စားမှု၏ သက်ရောက်မှုများ	၁၄
	- စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များအား ယိုယွင်းပျက်စီးစေခြင်း	၁၄
	- စီးပွားရေးအရ ဆုံးရှုံးမှုနှင့် အရည်အသွေးမရှိမှု	၁၆
	- ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှု	၁၇
	- ပုဂ္ဂိုလ်ရေးဆုံးရှုံးမှု၊ ခြိမ်းခြောက်မှုနှင့် အဆင်မပြေဖြစ်မှုများ	၁၈
	- အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ လုပ်ငန်းများ ကျဆင်းမှု	၁၈
	- အခြေခံအဆောက်အဦများ ကျဆုံးခြင်း	၁၉
	- မှန်ကန်မှုမရှိသော စီးပွားရေးနှင့် နိုင်ငံရေးစနစ်များ	၂၀
	- အပြစ်ဒဏ်ကင်းလွတ်ခွင့်နှင့် တစ်စိတ်တစ်ပိုင်း တရားမျှတမှု	၂၀
	- လူအများ၏အကျိုး ရည်မျှော်သော်လည်း အမြင်ကျဉ်းသည့် ဝါဒ တိုးပွားလာခြင်း	၂၁
	- အုပ်စုဖွဲ့ပြစ်မှုကျူးလွန်ခြင်းနှင့် အကြမ်းဖက်မှု	၂၂
	- နိုင်ငံတော်၏ စွမ်းဆောင်မှု ကျဆင်းခြင်း	၂၂
	- သဘောထားကွဲလွဲမှု တိုးပွားလာခြင်းနှင့် ဆူပူအုံကြွမှုများ	၂၃
	- ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝမျိုးကွဲများ ပျက်စီးမှု	၂၃
	- လူ့အခွင့်အရေးချိုးဖောက်မှုများ	၂၄
	- လက်နက်ကိုင်ပဋိပက္ခနှင့် ရက်စက်ကြမ်းကြုတ်သော ပြစ်မှုများ	၂၅

စဉ်	အကြောင်းအရာ	စာမျက်နှာ
	- အများပြည်သူ စိတ်အနှောက်အယှက်ဖြစ်စေခြင်းနှင့် အဆိုးမြင်စေခြင်း	၂၆
	- အဂတိလိုက်စားမှု၏ ပိုမိုနက်ရှိုင်းသော အနက်အဓိပ္ပါယ်များ	၂၇
	- ကိုယ်ကျင့်တရားနှင့် ပြည်သူ့နီတိ	၂၇
	- နိဒါန်းရေး	၃၁
	- စီးပွားရေး	၃၄
	- ယဉ်ကျေးမှု	၃၆
	- အဂတိလိုက်စားမှုကို တိုင်းတာခြင်း	၃၇
၂။	**Module 1: What Is Corruption and Why Should We Care?**	
	– Introduction	၄၉
	– Learning outcomes	၄၉
	– Key issues	၅၀
	– Corruption: a baseline definition	၅၁
	– Effects of corruption	၅၉
	– Undermining the Sustainable Development Goals	၅၉
	– Economic loss and inefficiency	၆၁
	– Poverty and inequality	၆၂
	– Personal loss, intimidation and inconvenience	၆၂
	– Public and private sector dysfunctionality	၆၃
	– Failures in infrastructure	၆၃
	– Rigged economic and political systems	၆၄
	– Impunity and partial justice	၆၄
	– Rising illiberal populism	၆၅
	– Organized crime and terrorism	၆၅
	– Diminished state capacity	၆၆
	– Increasing polarization and unrest	၆၆
	– Climate change and damage to biodiversity	၆၇

စဉ် အကြောင်းအရာ စာမျက်နှာ

- Human rights violations ၆၇
- Armed conflict and atrocity crimes ၆၈
- Public frustration and cynicism ၆၉
- Deeper meanings of corruption ၇၀
- Moral character and civic virtue ၇၀
- Political ၇၃
- Economic ၇၆
- Cultural ၇၇
- Measuring corruption ၇၈
- References ၈၈
- Exercises ၉၆
- Possible class structure ၁၀၄
  - Introduction and Defining Corruption (60 minutes)
  - Corruption's Causes and Effects (45 minutes)
  - Different Understandings and Approaches to Corruption (45 minutes)
  - Measuring Corruption (30 minutes)
- Core reading ၁၀၇
- Advanced reading ၁၀၉
- Student assessment ၁၁၁
- Additional teaching tools ၁၁၂
  - PowerPoint presentation
  - Video material
  - Websites
  - Other material
- Guidelines to develop a stand-alone course ၁၁၄
- Appendix ၁၁၆

စဉ်	အကြောင်းအရာ	စာမျက်နှာ
၃။	**အခန်း (၂) အဂတိလိုက်စားမှုနှင့် ကောင်းမွန်သော အုပ်ချုပ်ရေး**	
	- နိဒါန်း	၁၂၁
	- သင်ယူခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ	၁၂၁
	- ဆွေးနွေးသွားမည့် အဓိကအကြောင်းအရာများ	၁၂၂
	- အုပ်ချုပ်မှုဆိုသည်မှာ အဘယ်နည်း	၁၂၄
	- ကောင်းမွန်သော အုပ်ချုပ်မှုဆိုသည်မှာ အဘယ်နည်း	၁၂၆
	- ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး	၁၃၀
	- ကောင်းမွန်သော အုပ်ချုပ်ရေး၏ စဉ်းမျဉ်းဥပဒေသများ	၁၃၁
	(၁) ပါဝင်ဆောင်ရွက်နိုင်ခြင်း	၁၃၂
	(၂) တရားဥပဒေစိုးမိုးရေးနှင့် ကိုက်ညီခြင်း	၁၃၂
	(၃) ပွင့်လင်းမြင်သာမှုရှိခြင်း	၁၃၄
	(၄) တုံ့ပြန်ဆောင်ရွက်ခြင်း	၁၃၅
	(၅) အများသဘောဆန္ဒကို အလေးပေးခြင်း	၁၃၅
	(၆) သဘတူညီမျှမှုနှင့် အားလုံးပါဝင်နိုင်ခြင်း	၁၃၆
	(၇) ထိရောက်မှုနှင့် အရည်အသွေးရှိခြင်း	၁၃၇
	(၈) တာဝန်ယူ/တာဝန်ခံမှုရှိခြင်း	၁၃၈
	- ကောင်းမွန်သော အုပ်ချုပ်မှုကို တိုင်းတာခြင်း	၁၃၉
	- အဂတိလိုက်စားမှုနှင့် ညံ့ဖျင်းသော အုပ်ချုပ်ရေး	၁၄၂
	- အုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး	၁၄၄
	- လွန်ကဲစွာ ဥပဒေပြုခြင်းနှင့် စည်းမျဉ်းကြပ်မတ်ခြင်းကို ရှောင်ကြဉ်ရန်	၁၄၇
	- နိုင်ငံရေးသည် ကောင်းမွန်သော အုပ်ချုပ်ရေး၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်ကို သတိရရန်	၁၄၇
	- ပြုပြင်ပြောင်းလဲရေးအတွက် ကျယ်ပြန့်စွာ အခြေခံသော ပံ့ပိုးမှုများ တည်ဆောက်ရန်နှင့် ပြဿနာများနှင့် အငြင်းပွားမှုများကို သတိမူရန်	၁၄၈
	- မက်လုံးများကို သတိမူရန်	၁၄၈
	- ပြည်သူများ၏ သဘောထားအမြင်ကိစ္စများ	၁၄၈

စဉ်	အကြောင်းအရာ	စာမျက်နှာ
	– အပြန်အလှန်ထိန်းကျောင်းမှုများ ခိုင်မာအားကောင်းစေရန်	၁၄၉
	– ပြုပြင်ပြောင်းလဲရေးအတွက် အတိုက်အခံများရှိမှုအပေါ် လျှော့တွက်ခြင်း မဖြစ်ရန်	၁၄၉
	– နိုင်ငံတစ်ခုချင်းစီကို အာရုံစိုက်ခြင်းမပြုရန်	၁၅၀
	– ရေရှည်သက်တမ်းအတွက် ဦးတည်ချက်ထားရှိရန်	၁၅၀
၄။	**Module 2: Corruption and Good Governance**	
	– Introduction	၁၅၂
	– Learning outcomes	၁၅၂
	– Key issues	၁၅၃
	– What is governance?	၁၅၄
	– What is good governance?	၁၅၆
	– Good governance and sustainable development	၁၆၀
	– Principles of good governance	၁၆၁
	(1) Participation	၁၆၂
	(2) Rule of law	၁၆၂
	(3) Transparency	၁၆၃
	(4) Responsiveness	၁၆၄
	(5) Consensus orientation	၁၆၅
	(6) Equity and Inclusiveness	၁၆၅
	(7) Government effectiveness and efficiency	၁၆၆
	(8) Accountability	၁၆၇
	– Measuring good governance	၁၆၈
	– Corruption and bad governance	၁၇၁
	– Governance reforms and anti–corruption	၁၇၃
	– Avoid excessive legislation and regulation	၁၇၅
	– Remember that politics is a part of good governance	၁၇၅

- Build broad–based support for reform and pay close attention to problems and controversies ၁၇၆
- Pay close attention to incentives ၁၇၆
- Public opinion matters ၁၇၆
- Strengthen checks and balances ၁၇၆
- Never underestimate opposition to reform ၁၇၇
- Do not focus only on nation states ၁၇၇
- Stay focused on the long term ၁၇၈
- References ၁၇၉
- Exercises ၁၈၄
- Possible class structure ၁၈၉
  - Introduction (10 minutes)
  - Meaning and differences between Government and Governance (30 minutes)
  - Conduct Exercise 1 (30 minutes)
  - Principles of Good Governance (30 minutes)
  - Indicators of Governance (20 minutes)
  - Conduct Exercise 4 (30 minutes)
  - Governance Tools (20 minutes)
  - Plenary discussion (10 minutes)
- Core reading ၁၉၁
- Advanced reading ၁၉၂
- Student assessment ၁၉၄
- Additional teaching tools ၁၉၄
  - PowerPoint presentation
  - Video material

- Websites
- Other material

– Guidelines to develop a stand–alone course ၁၉၇

၅။ Vocabulary

အခန်း(၁)

အဂတိလိုက်စားမှုဆိုသည်မှာ အဘယ်နည်းနှင့် မည်သည့်အတွက်ကြောင့် ဂရုတစိုက်ရှိရမည်နည်း

၂၀၂၀ မတ် လ

ACC Myanmar

နိဒါန်း

၁။ ကိုယ်ကျင့်သိက္ခာနှင့် နိုင်ငံရေးဆိုင်ရာ ဖွင့်ဆိုရေးသားချက်များ၏ အစောဆုံးသော စိတ်ပူပန်စရာကိစ္စရပ်များအနက် တစ်ခုဖြစ်သည့် အဂတိလိုက်စားမှုသည် ရှေးကျသော ယခင်ခေတ်ကာလမှ ကုလသမဂ္ဂ၏ ကမကထပြုလုပ်သည့် နောက်အကျဆုံးဖြစ်သော ကမ္ဘာလုံးဆိုင်ရာ သဘောတူစာချုပ်များအထိ လူသားရေးရာကိစ္စရပ်များအား ရှည်ကြာစွာ ထိခိုက်ပျက်စီးစေလျက်ရှိပါသည်။ အဂတိလိုက်စားမှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် ကိုယ်ကျင့်သိက္ခာနှင့် ဘာသာရေးမှအစပြုပြီး စီးပွားရေး၊ နိုင်ငံရေးနှင့် ဥပဒေရေးရာအထိ မျိုးစုံပါဝင်ပါသည်။ အဂတိလိုက်စားမှု၏ အကျိုးဆက်များသည် ကျယ်ပြန့်စွာ သက်ရောက်မှုရှိပါသည်။ လူသားတို့၏ တွေးခေါ်နိုင်စွမ်းများကို မမှန်မကန်ဖြစ်စေခြင်း၊ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရအဖွဲ့အစည်းများ၏ အဖွဲ့အစည်းဆိုင်ရာယဉ်ကျေးမှုများကို ပုံပျက်စေခြင်း၊ စီးပွားရေးနှင့် နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုကို လျော့ပါးစေခြင်း၊ ဆင်းရဲနွမ်းပါးမှု တိုးပွားစေခြင်း၊ လူ့အခွင့်အရေးများ လျော့ပါးစေခြင်း၊ စီးပွားရေးနှင့် နိုင်ငံရေးစနစ်များ၏ ဖြောင့်မတ်တည်ကြည်မှု ယိုယွင်းပျက်စီးစေခြင်း၊ အစွန်းရောက်သော မည်မျှမှုများ ဖြစ်ပွားစေခြင်း၊ အစိုးရနှင့် ဈေးကွက်များအပေါ် ပြည်သူတို့၏ စိတ်ချယုံကြည်မှု ပျက်စီးစေခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒများအား လျော့ကျစေခြင်းတို့ ဖြစ်စေပါသည်။ ဤအခန်းသည် အဂတိလိုက်စားမှု၏ အမျိုးမျိုးသော အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် ယင်း၏ ကြီးမားသော ဆိုးကျိုးသက်ရောက်မှုများအပေါ် ခြုံငုံသုံးသပ်ထားပါသည်။ အဂတိလိုက်စားမှုအပေါ် နားလည်သဘောပေါက်မှုအမျိုးမျိုးနှင့်ပတ်သက်၍ သုံးသပ်ထားပါသည်။ ထို့အပြင် အဂတိလိုက်စားမှုအား တိုင်းတာနိုင်ရေးအတွက် ချဉ်းကပ်နည်းလမ်းအမျိုးမျိုးအပေါ်လည်း ဆန်းစစ်ပိုင်းခြားထားပါသည်။ “ကျယ်ပြန့်သော ရုပ်ပုံ” ကို ခြုံငုံသိရှိစေရန်အတွက် အဂတိလိုက်စားမှုသည် မည်သည့်အတွက်ကြောင့် နိုင်ငံများအားလုံးနှင့် လူသားများအားလုံးအတွက် အဓိကအရင်းခံပြဿနာတစ်ရပ်ဖြစ်ကြောင်းနှင့် (၂၁) ရာစု၏ အကြီးမားဆုံးသော စိန်ခေါ်မှုများအနက် တစ်ခုဖြစ်ကြောင်းကိုပင် ဤအခန်းက ရှင်းပြထားပါသည်။ ဤအခန်းတွင် လူငယ်ခေါင်းဆောင်များအနေဖြင့် အဂတိလိုက်စားမှု၏ အခြေခံအကြောင်းအရင်းများနှင့် စနစ်တစ်ခုကဲ့သို့ ဖြစ်ပေါ်နေသော စိန်ခေါ်မှုများကို ဖော်ညွှန်းနိုင်မည့် အဖြေရှာမှုများ ဖြစ်ထွန်းရေးနှင့် ဒီဇိုင်းပုံစံများ ရေးဆွဲနိုင်ရေးအပြင် စိတ်ဝင်စားဖွယ်ကောင်းပြီး အရေးကြီးသော စူးစမ်းမှုနယ်ပယ်တွင် ကျောင်းသားများ ထိတွေ့ပါဝင်နိုင်ရေးအတွက် ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် ယုံကြည်မှုများ တည်ဆောက်နိုင်ရန် အမျိုးမျိုးသော ရှုထောင့်များနှင့်

လေ့ကျင့်ခန်းများအား အသုံးပြုထားပါသည်။ ဤအခန်းတွင် အဂတိလိုက်စားမှုသည် ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်ဆိုင်ရာ အကြောင်းအချက်များနှင့် အတွင်းကျကျ ဆက်နွယ်မှုရှိကြောင်းကို အခြေခံအဆင့်၌ ရှင်းလင်းထားပါသည်။ ယင်းကဲ့သို့ ဆက်နွယ်မှုများအား E4J ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (http://www.unodc.org/e4j/en/tertiary/integrity-ethics.html) တွင် အသေးစိတ်ရှာဖွေလေ့လာနိုင်ပါသည်။

၂။ သင်ယူခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ

- လူမှုရေးနှင့် သမိုင်းဆိုင်ရာ အခြေအနေများတွင် အဂတိလိုက်စားမှု အဓိပ္ပါယ်ဖွင့်ဆိုချက် အမျိုးမျိုးကွဲပြားရခြင်း၏ အကြောင်းအရင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အနက်အဓိပ္ပါယ်ဖွင့်ဆိုမှုအပေါ် သဘောတူညီမှုမရရှိခြင်း၏ အကြောင်းအရင်းတို့အား နားလည်သဘောပေါက်မည်ဖြစ်သည်။
- အဂတိလိုက်စားမှုနှင့် ဖိစီးနေသော ကမ္ဘာ့ပြဿနာများအကြား ပတ်သက်ဆက်စပ်မှုများကို ရှင်းလင်းဖော်ပြနိုင်မည်ဖြစ်သည်။
- အဂတိလိုက်စားမှုကို တိုင်းတာနိုင်ရန် ကွဲပြားခြားနားသော ချဉ်းကပ်နည်းလမ်းများအား ခွဲခြားဖော်ထုတ်ပြီး အကဲဖြတ်နိုင်မည်ဖြစ်သည်။
- အဂတိလိုက်စားမှုအပေါ် မိမိတို့က ကနဦးထိတွေ့လေ့လာအကဲဖြတ်နိုင်မည်ဖြစ်ပြီး အမျိုးမျိုးသော လေ့လာဖတ်ရှုမှုများနှင့် လေ့ကျင့်ခန်းများမှတစ်ဆင့် အသေးစိတ်ဆန်းစစ်နိုင်မည်ဖြစ်သည်။
- ပုဂ္ဂိုလ်ရေး အဂတိလိုက်စားမှု တိုက်ဖျက်ရေး ရည်မှန်းချက်ပန်းတိုင်များအား ရောင်ပြန်ဟပ်စေနိုင်မည်ဖြစ်ပါသည်။

ဆွေးနွေးသွားမည့် အဓိကအကြောင်းအရာများ

၃။ လူအများစုသည် “အဂတိလိုက်စားမှု” ဆိုသည့် အသုံးအနှုန်းနှင့် ရင်းနှီးမှုရှိကြပြီးဌင်း၏ အဓိပ္ပါယ်ကိုလည်း ယေဘုယျသဘောအရ သိရှိကြသည်။ လူအများစုသည် အဂတိလိုက်စားမှု အသုံးအနှုန်းအား လောဘ၊ မရိုးဖြောင့်မှု၊ ဖုံးကွယ်ထားမှု၊ ရာဇဝတ်မှုကဲ့သို့သော အသုံးအနှုန်းများနှင့်လည်း ဆက်နွယ်သိရှိကြပါသည်။ ယင်းအသုံးအနှုန်းများသည် ကျင့်ဝတ်နှင့်မကိုက်ညီသည့် အပြုအမူဆိုင်ရာ သာဓကများဖြစ်သည်။ (ကျင့်ဝတ်နှင့်မကိုက်ညီသည့် အပြုအမူများနှင့်သက်ဆိုင်သည့် ဆွေးနွေးမှုများအား E4J ဖြောင့်မတ်တည်ကြည်မှုနှင့်

ကျင့်ဝတ် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (၂)၊ အခန်း (၆) (http://www.unodc.org/e4j/en/integrity-ethics/module-6/key-issues.html)၊ အခန်း (၇) (http://www.unodc.org/e4j/en/integrity-ethics/module-7/key-issues.html) နှင့် အခန်း (၈) (http://www.unodc.org/e4j/en/integrity-ethics/module-8/key-issues.html) တို့တွင် လေ့လာနိုင်သည်)။ ထို့အပြင် စီးပွားရေးသမားများ၏ လာဘ်ပေးလာဘ်ယူခြင်းနှင့် နိုင်ငံရေးသမားများ၏ အများပြည်သူဆိုင်ရာ ငွေကြေးရန်ပုံငွေအား အမြောက်အမြားခိုးယူခြင်းကဲ့သို့သော အပြုအမူများဖြင့်လည်း ဆက်နွယ်သိရှိကြပါသည်။ လူအနည်းစုသည်သာ အဂတိလိုက်စားမှုအပေါ် ယင်းအချက်များထက် ပိုမိုထဲထဲဝင်ဝင် နားလည်သိရှိသဘောပေါက်ကြပါသည်။ မကောင်းသတင်းများနှင့် သတင်းသမားများ၏ ဖော်ထုတ်မှုများကို အဂတိလိုက်စားမှု ဥပမာများအနေနှင့်သာ သာမန်အားဖြင့် ရည်ညွှန်းကိုးကားလေ့ရှိချိန်တွင် ယင်းအသုံးအနှုန်း၏ ကျယ်ပြန့်သော နားလည်သဘောပေါက်မှုကိုမူ ရှင်းလင်းဖွင့်ဆိုရန် ခက်ခဲလျက်ရှိပါသည်။ "အများပြည်သူဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာအား ကိုယ်ကျိုးအတွက် အသုံးချခြင်း" ဆိုသည့် သာမန်အဓိပ္ပါယ်ဖွင့်ဆိုချက်၏ ပြည့်စုံလုံလောက်မှုအပေါ် ကျွမ်းကျင်ပညာရှင်များက သဘောမတူကြပါ။ အဂတိလိုက်စားမှု၏ အရေးကြီးပုံအား ချင့်ချိန်အကဲဖြတ်မှုများတွင်လည်း အလားတူကွဲပြားမှုများရှိနိုင်ပါသည်။ သုတေသနပညာရှင်များ၊ ဂျာနယ်လစ်များ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် ပြည်သူများအကြား အဂတိလိုက်စားမှုသည် သိသာထင်ရှားသော ပြဿနာတစ်ရပ်ဖြစ်ကြောင်း ခိုင်မာစွာ သဘောတူလက်ခံသော်လည်း ယင်းအကြောင်းအရင်းများသည် အမျိုးမျိုးကွဲပြားခြားနားလျက်ရှိပါသည်။ အဂတိလိုက်စားမှု၏ အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် ၎င်း၏အရေးပါမှုကို ရှင်းလင်းခြင်းကဲ့သို့ပင် နိုင်ငံအတွင်းနှင့် နိုင်ငံများအကြား အဂတိလိုက်စားမှုကို တိုင်းတာခြင်းများသည်လည်း အခက်အခဲများစွာရှိပါသည်။ အမျိုးမျိုးသော အဂတိလိုက်စားမှုတိုင်းတာမှုများမှ စိန်ခေါ်မှုများကိုယ်စီဖြင့် ကွဲပြားသော နိုင်ငံများကို သတ်မှတ်သည့် ညွှန်းကိန်းများ ထွက်ပေါ်လာပါသည် (အောက်ပါဆွေးနွေးမှုကို ကြည့်ရန်)။

၄။ ဤအခန်းသည် –

- ရှင်းလင်းသော စကားလုံးများ၊ ဥပဒေနှင့် မူဝါဒရေးရာဆိုင်ရာ အကျယ်တဝင့် ရေးသားထားသော အဂတိလိုက်စားမှု၏ အခြေခံအနက်အဓိပ္ပါယ် (/e4j/en/anti-corruption/module-1/key-issues/corruption---baseline-definition.html)

- အဂတိလိုက်စားမှု၏ အကျိုးသက်ရောက်မှုများ (/e4j/en/anti-corruption/module-1/key-issues/effects-of-corruption.html)
- အဂတိလိုက်စားမှု၏ ပိုမိုနက်နဲသော အဓိပ္ပါယ်များ (/e4j/en/anti-corruption/module-1/key-issues/deeper-meanings-of-corruption.html)
- အဂတိလိုက်စားမှုအား တိုင်းတာနိုင်ရေးအတွက် ကွဲပြားခြားနားသော ချဉ်းကပ်မှုများ(/e4j/en/anti-corruption/module-1/key-issues/measuring-corruption.html) အား ခြုံငုံသုံးသပ်ထားပါသည်။

အဂတိလိုက်စားမှု အခြေခံအနက်အဓိပ္ပါယ်

၅။ အဂတိလိုက်စားမှုနှင့် ပတ်သက်သော အဓိပ္ပါယ်ဖွင့်ဆိုချက် အမျိုးမျိုးနှင့် နယ်ပယ်အလိုက် စကားလုံးသုံးစွဲမှုများ မည်သို့ပင်ရှိစေကာမူ အဘိဓာန်အများစုနှင့် ဥပဒေစနစ်များသည် အခြေခံအနက်အဓိပ္ပါယ်အပေါ် သဘောတူကြသည်။ အောက်စ်ဖို့ဒ် (The Oxford) (https://en.oxforddictionaries.com/definition/corruption) နှင့် မယ်ရီရမ်ဝက်ဘ်စတာ (Merriam-Webster) (https://www.merriam-webster.com/dictionary/corruption) အဘိဓာန်တို့တွင် "လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ မရိုးဖြောင့်သော သို့မဟုတ် လိမ်လည်လှည့်ဖြားသော ပြုမူဆောင်ရွက်မှုနှင့် အထူးသဖြင့် ဩဇာအာဏာရှိသူများ၏ မရိုးဖြောင့်သော သို့မဟုတ် တရားမဝင်သော အပြုအမူ" ဟု စတင်၍ အသီးသီးအဓိပ္ပါယ်ဖွင့်ဆိုခဲ့ပြီးနောက် ပိုမိုနက်နဲသော အယူအဆသို့ တူညီစွာ ရှေ့ဆက်ဖွင့်ဆိုကြပါသည်။ ပထမဆုံးအနေဖြင့် အပြစ်ကင်းရိုးသားမှုမှ အရည်အသွေးကျဆင်းလာမှုသို့ အသွင်ကူးပြောင်းလာခြင်း၊ ဥပမာအားဖြင့် "မူရင်းသို့မဟုတ် ဖြူစင်ရိုးသားမှု သို့မဟုတ် မှန်ကန်မှုမှ သွေဖည်လာခြင်း" (Merriam-Webster) (https://www.merriam-webster.com/dictonary/corruption)။ ဒုတိယအနေဖြင့် "ယိုယွင်းပျက်စီးခြင်း"၊ "ပုပ်ပွခြင်း"နှင့် "ဆွေးမြည့်ခြင်း" စသည့် ရှေးဆန်သော အဓိပ္ပါယ်များသို့ တစ်ဆက်တစ်စပ်တည်း ဖြစ်လာပါသည်။

၆။ အသွင်ကူးပြောင်းမှုဖြစ်စဉ်၏ ယိုယွင်းပျက်စီးခြင်း လက္ခဏာများကို ရှင်းလင်းရာတွင် လက်တင်စကားလုံးဖြစ်သည့် "corruptio" နှင့် "corrumpere" အသုံးအနှုန်းတို့သည် ပိုမိုရှင်းလင်းမှုရှိပြီး အင်္ဂလိပ်ဘာသာရပ်တွင် "ဖျက်ဆီးသည်" သို့မဟုတ် "ပျက်စီးခြင်း" ကဲ့သို့သော စကားလုံးများနှင့် ဆက်နွယ်လေ့ရှိပါသည်။ ထို့ကြောင့် အတွင်းကျကျအနေဖြင့် အဂတိလိုက်စားမှုသည် ပျက်စီးမှုကို ဖြစ်စေသည့် ယိုယွင်းဆွေးမြည့်ခြစားခြင်း အမျိုးအစားဖြစ်

ကြောင်း ညွှန်းဆိုအပ်ပါသည်။ အဂတိလိုက်စားမှုနှင့်ဆက်စပ်သည့် အဓိကသမိုင်းဖြစ်ရပ်များတွင် ယင်းအဓိပ္ပါယ်သည် ရှင်းလင်းလုံလောက်မှု ရှိပါသည်။ ဥပမာအားဖြင့် ကက်သလစ်ဘုရားကျောင်းအပေါ် ခွင့်လွှတ်စာများ ရောင်းချခြင်းနှင့်ပတ်သက်၍ ပရိုတက်စတင့်ဝါဒီများ၏ တောင်းဆိုချက်များသည် ရောမအင်ပါယာ ကျဆုံးမှုအတွက် သမိုင်းပညာရှင်များ၏ ဖွင့်ဆိုရှင်းလင်းချက်များ ဖြစ်ပါသည်။ ရောမအင်ပါယာ ကျဆုံးခြင်းအပေါ် ရမ်ဆီမက်မောလန် (Ramsay MacMullen) ၏ အကျဉ်းချုပ်အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ-

- လာဘ်ပေးလာဘ်ယူမှုနှင့် အလွဲသုံးစားပြုမှုများ အမြဲတမ်းပေါ်ပေါက်ခဲ့ပါသည်။ သို့သော် (၄) ရာစုနှင့် (၅) ရာစုတွင် စံသတ်မှတ်ချက်များဖြစ်လာပြီး လက်ရှိစနစ်တစ်ခု၏ မတော်မတရားပြုမူများ မဟုတ်တော့ဘဲ စနစ်တစ်ခုကဲ့သို့ ဖြစ်လာခဲ့ပါသည်။ ငွေကြေးဆက်နွယ်မှုသည် အခြားသော စည်းနှောင်မှုများကို ကျော်လွှားလွှမ်းမိုးသွားပါသည်။ အရာအားလုံးကို ဝယ်ယူခြင်းနှင့် ရောင်းချခြင်းလုပ်နိုင်ပြီး အများပြည်သူဆိုင်ရာ ရုံးများတွင် အဆင့်ဆင့်သော အာဏာပိုင်တို့အပြင် အထူးသဖြင့် ဧကရာဇ်ထံသို့ပင် ဝင်ထွက်နိုင်လာပါသည်။ ရိုးရာဓလေ့ထုံးတမ်းနှင့် ဆက်နွယ်နေသည့် တာဝန်ဝတ္တရားများသည် အခွင့်အာဏာ အရောင်းအဝယ်နေရာဖြစ်လာပြီး ကိုယ်ကျိုးစီးပွားသက်သက်အတွက် စိုးမိုးအုပ်ချုပ်မှုများ ဖြစ်လာခဲ့ပါသည်။ အစိုးရ၏ လုပ်ငန်းလည်ပတ်မှုများသည် အမြဲတစေကြီးမားစွာ ယိုယွင်းပျက်စီးခဲ့ရပါသည် (MacMullen, 1990)။

၇။ ထို့ကြောင့် အဂတိလိုက်စားမှု၏ သရုပ်မှန်သည် လာဘ်ပေးလာဘ်ယူခြင်းနှင့် လိမ်လည်ခြင်းတို့မှစ၍ လူမှုရေး၊ နိုင်ငံရေးဆိုင်ရာ အလွန်ကြီးမားသော အသွင်ပြောင်းလဲမှုဖြစ်စေသည့် အခြေအနေများအထိ လွှမ်းမိုးသက်ဆိုင်မှုရှိပါသည်။ သို့သော် အဂတိလိုက်စားမှုသည် ယိုယွင်းပျက်ပြားမှုတစ်ခုတည်းအပေါ် အမြဲတစေဦးမတည်ပေ။ အချို့သော ကိစ္စရပ်များတွင် ကျင့်ဝတ်လိုက်နာသော နည်းလမ်းများကို သိရှိကျင့်သုံးနိုင်မှု မရှိခြင်း၊ အားနည်းချက်များရှိခြင်း၊ ကုန်ကျစရိတ်များပြားခြင်းတို့ကြောင့် လုပ်ငန်းများပြီးစီးရေးအတွက် အရည်အချင်းနိမ့်ကျသော နည်းလမ်းအဖြစ် အဂတိလိုက်စားမှုသည် ပိုမိုအဆင်ပြေနိုင်သည်ဟု အချို့သော အခြေအနေများတွင် ယူဆလာကြပါသည်။ အဂတိလိုက်စားမှုသည် ပျောက်ကွယ်သွားခြင်း မရှိဘဲ နှစ်ပေါင်းများစွာ စွဲမြဲခိုင်မာသော ကျင့်ဝတ်နှင့်မညီသည့် အပြုအမူပုံစံသို့ ဦးတည်စေပါသည်။ အဂတိလိုက်စားမှုသည် ပိုလီဗေးလင့်သဘောတရားဖြစ်ပြီး အမျိုးမျိုးအသုံးပြု၍ရ

သော သဘောတရားလည်းဖြစ်ကြောင်း ထင်ဖြင်ကြပါသည်။ အကြောင်းအရာအမျိုးမျိုးတွင် ပြုလုပ်သူအမျိုးမျိုးမှ ပြုလုပ်မှုအမျိုးမျိုးအပေါ် လွှမ်းခြုံသက်ဆိုင်သည့် သဘောသဘာဝရှိပါသည်။ ပိုမိုအရေးကြီးသည်မှာ အနက်အဓိပ္ပါယ်ဖွင့်ဆိုမှုတစ်ရပ်အနေနှင့် မတူညီသော လေ့လာသူများသည် အဂတိလိုက်စားမှုဟူသော တူညီသည့် ဖြစ်ရပ်အပေါ် အမျိုးမျိုးသော တန်ဖိုးထားမှု၊ ယူဆချက်များ၊ ရည်မှန်းချက်ပန်းတိုင်များ၊ ယဉ်ကျေးမှုများနှင့် ကျွမ်းကျင်မှု မှတ်ချက်များ အပါအဝင် အမျိုးမျိုးသော အချက်အလက်များအပေါ် အခြေခံကာ မတူညီသော နည်းလမ်းများဖြင့် သွင်ပြင်လက္ခဏာကို ဖော်ပြကြသည်။ အဂတိလိုက်စားမှုဆိုင်ရာ ကွဲပြားခြားနားသော နားလည်သဘောပေါက်မှုများအား လက်ခံခြင်းနှင့် ယင်းစိန်ခေါ်မှုအပေါ် လက်ခံခြင်းသည် မိမိတို့အား အမျိုးမျိုးသော နည်းလမ်းများပါဝင်သည့် အဂတိလိုက်စားမှုဆိုင်ရာ နားလည်မှုတစ်ရပ်အား ပျိုးထောင်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကူအညီအထောက်အပံ့ရစေနိုင်မည်ဖြစ်ပါသည်။ တစ်ချိန်တည်းပင် မရိုးဖြောင့်မှုနှင့်ပတ်သက်သည့် မည်ကဲ့သို့သော အပြုအမူများသည် အင်ပါယာတစ်ခု သို့မဟုတ် နိုင်ငံရေးစနစ်တစ်ခု ကျဆုံးစေသည်အထိ ပါဝင်သော ကိစ္စရပ်များနှင့် ကြောင်းကျိုးဆက်နွယ်နေကြောင်း မေးမြန်းရန်လည်း အရေးကြီးပါသည်။

၈။ ဥပဒေသည် အဂတိလိုက်စားသည့် အပြုအမူအတွက် ခိုင်မာသော အဓိပ္ပါယ်ရှာဖွေရာတွင် အကောင်းဆုံးသော နေရာ ဖြစ်နိုင်ပါသည်။ သို့သော် ကွဲပြားခြားနားသော ဥပဒေရေးရာစံနှုန်းများသည် ၎င်းတို့၏ ချဉ်းကပ်မှုနှင့် အကောင်အထည်ဖော်ဆောင်မှုများတွင် ကွဲပြားပါသည်။ ဥပဒေရေးရာစံနှုန်းများသည် ၎င်းတို့၏ နည်းပညာဆိုင်ရာ ရှုပ်ထွေးသော ပုံစံများနှင့် အမျိုးမျိုးသော အဓိပ္ပါယ်ကောက်ယူခြင်းများအား လိုအပ်သလို ဆွဲယူအသုံးပြုနိုင်သည့် ရှေ့နေများနှင့် တရားသူကြီးများ၏ လက်ထဲတွင်ရှိကြောင်း သိရှိကြပါသည်။ ပြည်တွင်းရာဇဝတ်မှုဆိုင်ရာ ဥပဒေများသည် အဂတိလိုက်စားမှုဆိုင်ရာ အပြုအမူအပေါ် ကျိုးကြောင်းဆီလျော်ခိုင်မာသည့် နားလည်သဘောပေါက်မှုအား လုံလောက်ရှင်းလင်းအောင် ထုတ်ပြန်ပြောကြားကာ နိုင်ငံ၏ နယ်နိမိတ်အတွင်းရှိ လူတိုင်းအပေါ် စည်းနှောင်မှုရှိကြောင်း နားလည်သဘောပေါက်စေပြီး ပြစ်မှုကျူးလွန်သူများအား အရေးယူပြစ်ဒဏ် ချမှတ်နိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများက ယင်းထက်ပို၍ မည်သည့်အပြုအမူသည် အဂတိလိုက်စားမှုမြောက်သည်ကို တစ်ညီတစ်ညွတ်တည်းသော အမြင်တစ်ခု ထင်ဟပ်နိုင်စေခဲ့ပါသည်။ ကမ္ဘာတစ်ဝှမ်းရှိ အမျိုးမျိုးသော သမိုင်းများ၊ ယဉ်ကျေးမှုများ၊ ဥပဒေစနစ်များကို

အခြေခံသည့် အဂတိလိုက်စားမှုဆိုင်ရာ အများသဘောတူညီမှု ရှုထောင့်ကို ရရှိရန် ခက်ခဲသည်ဟု တစ်ဦးတစ်ယောက်အနေဖြင့် တွေးကောင်းတွေးနိုင်ပါသည်။ သို့သော် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention Against Corruption – UNCAC) ကို တစ်ကမ္ဘာလုံးနီးပါး လက်ခံမှုဖြင့် တစ်ညီတစ်ညွတ်တည်း ဆန္ဒအမြင်အား အမှန်တကယ်ပင် ဖော်ပြနိုင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဇွန်လ အထိ ကွန်ဗင်းရှင်းသို့ နိုင်ငံပေါင်း ၁၈၆ နိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ကြပါသည် (UNCAC) (/unodc/en/corruption/uncac.html)။ ကွန်ဗင်းရှင်းအား အကောင်အထည်ဖော်ဆောင်ခြင်းဆိုင်ရာ တိုးတက်မှုကို သုံးသပ်ခြင်းသည် ကွန်ဗင်းရှင်းတွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့်အတိုင်း အဂတိလိုက်စားသည့် အပြုအမူများကို ပြစ်မှုအဖြစ် တစ်ညီတည်းနီးပါး သတ်မှတ်ရန် အကြံပြုထားခြင်းဖြစ်သည်။

၉။ UNCAC ကမူ အဂတိလိုက်စားမှုကို အထက်ပါကဲ့သို့ အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း မရှိသည်မှာ စိတ်ဝင်စားဖွယ်ကောင်းပါသည်။ အဂတိလိုက်စားမှုဆိုင်ရာ တိကျသော ပြုမူဆောင်ရွက်ချက်များကိုသာ အဓိပ္ပါယ်သတ်မှတ်ပြီး အဖွဲ့ဝင်နိုင်ငံများအား မိမိတို့၏ စီရင်ပိုင်ခွင့်များတွင် ယင်းအပြုအမူများကို ပြစ်မှုအဖြစ် သတ်မှတ်နိုင်ရေးအတွက် တိုက်တွန်းနှိုးဆော်ထားပါသည်။ ဤဆုံးဖြတ်ချက်သည် အဂတိလိုက်စားမှုအပေါ် အနက်အဓိပ္ပါယ်ဖွင့်ဆိုရန် ခက်ခဲမှု၏ ရလဒ်ကြောင့် တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အဂတိလိုက်စားမှုသည် ရာထူးအဆင့်နိမ့် အကောက်ခွန်ဝန်ထမ်းက လာဘ်ယူသည့် ဖြစ်စဉ်တစ်ခုမှသည် ဒီမိုကရေစီအသွင်ကူးပြောင်းပြီး ကိုယ်ကျိုးစီးပွား ဦးစားပေးစနစ် (ဥပမာအနေဖြင့် ကိုယ်ကျိုးစီးပွားကြွယ်ဝမှုနှင့် နိုင်ငံရေးအာဏာ တိုးပွားစေရေးအတွက် ပြည်သူများနှင့် သဘာဝအရင်းအမြစ်များအား ခေါင်းပုံဖြတ် ကိုယ်ကျိုးရှာအဂတိလိုက်စားသည့်ခေါင်းဆောင်များဖြင့် အုပ်ချုပ်သော အစိုးရ) သို့ ပြောင်းလဲခြင်းကိစ္စမှ ဆင်းသက်လာခြင်းဖြစ်ပါသည်။ ယင်းသည် အုပ်စုဖွဲ့၍ ကျူးလွန်သည့် ပြစ်မှုများနှင့် အကြမ်းဖက်မှုကဲ့သို့ တစ်ကမ္ဘာလုံးဆိုင်ရာ ပြစ်မှုများကို ထုတ်ဖော်သည့် နိုင်ငံတကာစာချုပ်စာတမ်းများနည်းတူ အဂတိလိုက်စားမှု၏ ဆက်စပ်လွှမ်းခြုံနေသော သဘောထားအပေါ် အဓိပ္ပါယ်ဖွင့်ဆိုနိုင်ရေးအတွက် သဘောတူညီမှုမရရှိဘဲ သီးခြားပြုမူဆောင်ရွက်ချက်များကို အဓိပ္ပါယ်ဖွင့်ဆိုခြင်းဖြင့်သာ ယင်းကိစ္စအပေါ် ချဉ်းကပ်နိုင်ခဲ့ပါသည်။

၁၀။ UNCAC မှ အဂတိလိုက်စားမှုအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုသော တရားဥပဒေနှင့်ဆန့်ကျင်သည့် ကျူးလွန်ဆောင်ရွက်မှုများတွင်–

- အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍများတွင် လာဘ်ပေးလာဘ်ယူမှု (အပိုဒ် ၁၅၊ ၁၆ နှင့် ၂၁)
- အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍများတွင် အလွဲသုံးစားပြုခြင်း (အပိုဒ် ၁၇ နှင့် ၂၂)
- သြဇာအာဏာကို သုံးစွဲ၍ မလျော်ဆောင်ရွက်ခြင်း (အပိုဒ် ၁၈)
- လုပ်ငန်းတာဝန်ကို အလွဲသုံးစားပြုခြင်း (အပိုဒ် ၁၉)
- တရားမဝင် ကြွယ်ဝချမ်းသာလာခြင်း (အပိုဒ် ၂၀)
- ငွေကြေးခဝါချခြင်း (အပိုဒ် ၂၃)
- အထက်ဖော်ပြပါ ပြစ်မှုများနှင့် ဆက်နွယ်သည့် ဖုံးကွယ်ခြင်း (အပိုဒ် ၂၄)နှင့် တရားစီရင်ခြင်းကို နှောင့်ယှက်ဟန့်တားခြင်း (အပိုဒ် ၂၅) တို့ပါရှိပါသည်။

၁၁။ အဆိုပါပြစ်မှုများ၏ တိကျမှန်ကန်သော ဥပဒေဆိုင်ရာ စကားလုံးအသုံးအနှုန်းသည် ရှုပ်ထွေးပါသည်။ UNCAC ၏ အပိုဒ် (၁၅) သည် လာဘ်ပေးလာဘ်ယူမှုအား "ပြည်သူ့ဝန်ထမ်းတစ်ဦးမှ ၎င်း၏ ရာထူးတာဝန်ကို ကျင့်သုံးဆောင်ရွက်ရာ၌ တစ်စုံတစ်ရာကို ပြုလုပ်စေရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန်အလို့ငှာ မသင့်လျော်သော အကျိုးအမြတ်တစ်ရပ်ကို မိမိအတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအတွက်သော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ရပ်အတွက်သော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ယင်းပြည်သူ့ဝန်ထမ်းထံသို့ ပေးခြင်း၊ ပေးရန် ကမ်းလှမ်းခြင်း သို့မဟုတ် ပေးရန်ကတိပြုခြင်း"ဟု အနက်အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ UNCAC အပိုဒ် (၂၁) က ပုဂ္ဂလိကကဏ္ဍလုပ်ဆောင်သူများအပေါ်တွင်လည်း အပိုဒ် (၁၅) အဓိပ္ပါယ်မျိုး တူညီစွာ အသုံးပြုနိုင်မည်ဖြစ်ပါသည်။ နိုင်ငံရေးနှင့် စီပွားရေးသမားများထံမှ အကျိုးအမြတ်ရရှိရန်အတွက် ငွေကြေးသို့မဟုတ် အခြားတန်ဖိုးရှိသော အရာများဖြင့် ဖလှယ်ခြင်းဆိုသည့် ပြစ်မှု၏ အနှစ်သာရသည် နားလည်ရန် မခက်ခဲသော်လည်း အဓိပ္ပါယ်ဖွင့်ဆိုချက်အပေါ် ကျေညက်စွာ သဘောပေါက်ရန် ခက်ခဲမှုရှိပါသည်။ ထို့အပြင် နိုင်ငံရေးလုပ်ပိုင်ခွင့် သို့မဟုတ် စီးပွားရေးလုပ်ပိုင်ခွင့်အာဏာအား ဈေးအမြင့်ဆုံးပေးနိုင်သူထံသို့ လေလံတင်ရောင်းချခြင်းဖြင့် ဥပဒေဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများအား ရှောင်ကွင်းခြင်းကဲ့သို့သော ပြစ်မှုကျူးလွန်ခြင်း၏ အကျိုးသက်ရောက်မှုများအပေါ် နားလည်သဘောပေါက်ရန်လည်း မခက်ခဲပါ။ ပစ္စည်းအလွဲသုံးစားပြုခြင်းနှင့် ငွေအလွဲသုံးစားပြုလုပ်ခြင်းတို့သည်လည်း ယင်းကဲ့သို့ အလားတူပင်ဖြစ်ပါသည်။ ရှုပ်ထွေးသော ဥပဒေအဓိပ္ပါယ်ဖော်ပြချက်များထက် ကျော်လွန်ပြီး (ဥပမာအားဖြင့် ပစ္စည်း

များ၊ ရန်ပုံငွေများ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုများ) ကဲ့သို့ တန်ဖိုးရှိသော အရာကို ယုံကြည်အပ်နှံခံရသူများထံမှ ယူသွားခြင်း သို့မဟုတ် အခြားသူ၏ ကုန်ကျစရိတ်ဖြင့် တတိယလူထံသို့ လွှဲပေးခြင်းတို့သည် ပဓာနကျသော အချက်ပင်ဖြစ်ပါသည်။ အထူးသဖြင့် ယင်းကိစ္စရပ်သည် သစ္စာဖောက်ခြင်းနှင့် ခိုးယူခြင်းအား ပေါင်းစပ်ထားမှုပင် ဖြစ်ပါသည်။ UNCAC ၏ အပိုဒ် (၁၉) သည် လုပ်ငန်းတာဝန်ကို အလွဲသုံးစားပြုခြင်း ပြစ်မှုကို ဖွင့်ဆိုထားပါသည်။ ဥပမာအားဖြင့် သူကောင်းပြုခြင်း (ၚင်းတို့၏ ရွေးကောက်ပွဲဆိုင်ရာ အထောက်အကူဖြစ်စေရေးအတွက် နိုင်ငံတော်၏ အရင်းအမြစ်များ အသုံးပြု၍ လူပုဂ္ဂိုလ်များအား ချီးမြှင့်ခြင်း) nepotism ခေါ် ဆွေမျိုးကောင်းစားရေး၊ cronyism ခေါ် သူငယ်ချင်းများ သို့မဟုတ် ယုံကြည်ရသော မိတ်ဆွေများအား အလုပ်အကိုင်များနှင့် အခြားအကျိုးခံစားခွင့်များ ချမှတ်ပေးခြင်းနှင့် sextortion ခေါ် လိင်ပိုင်းဆိုင်ရာခြိမ်းခြောက်ခြင်း (လိင်ပိုင်းဆိုင်ရာအခွင့်အရေးကို ပေးချေသည့် ပုံစံမျိုးဖြင့် တောင်းဆိုခြင်း) တို့သည် အစိုးရအား ဖွဲ့စည်းခြင်းနှင့် ဝန်ထမ်းခန့်အပ်ခြင်းတို့တွင် မျှတစွာ ယှဉ်ပြိုင်ရမည့် လုပ်ငန်းစဉ်များနှင့် လွတ်လပ်မှုရှိသည့် ဒီမိုကရေစီနည်းလမ်းဖြင့် ကိုယ်စားပြုဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များအား အားနည်းစေပါသည်။ ယင်းအဂတိလိုက်စားမှုကျူးလွန်သည့် ပုံစံများသည် လာဘ်ပေးလာဘ်ယူမှုနှင့် အလွဲသုံးစားမှုကဲ့သို့သော ပြစ်မှုများကဲ့သို့ပင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ/တာဝန်ခံမှုနှင့် တရားဥပဒေစိုးမိုးမှုတို့အပေါ် များစွာ ထိခိုက်စေပါသည်။ ယင်းသည် အဂတိလိုက်စားမှု၏ သက်ရောက်မှုများသာမက ၚင်းတို့၏ ဦးတည်ချက်နှင့် ရည်မှန်းချက်များလည်းဖြစ်ပါသည်။

၁၂။ ရှင်းလင်းစွာ သတ်မှတ်ထားသော အဂတိလိုက်စားမှုဆိုင်ရာ ပြစ်မှုများစာရင်းရှိပါက အသုံးဝင်သကဲ့သို့ အဂတိလိုက်စားမှု၏ ပိုမိုယေဘုယျကျသော အဓိပ္ပါယ်ဖွင့်ဆိုချက်သည် အဂတိလိုက်စားမှုအပေါ် လေ့လာမှုများအား အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ကမ္ဘာ့ဘဏ် (http://documents.worldbank.org/curated/en/578241468767095005/Anti-corruption-policies-and-programs-a-framework-for-evaluation) (1997) သည် အဂတိလိုက်စားမှုအား “ကိုယ်ကျိုးစီးပွားအတွက် အများပြည်သူဆိုင်ရာ လုပ်ငန်းဌာနအား အသုံးချခြင်း” ဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ အဆိုပါအဂတိလိုက်စားမှုဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်သည် အများပြည်သူဆိုင်ရာ အခန်းကဏ္ဍရှိ အဂတိလိုက်စားမှုများ သို့မဟုတ် အစိုးရအရာရှိများ၊ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံရေးသမားများနှင့်ပတ်သက်သော အဂတိလိုက်စားမှုများအား ဦးတည်ထားပါသည်။ ပုဂ္ဂလိကကဏ္ဍသည်လည်း အထူး

သဖြင့် စာချုပ်များချုပ်ဆိုဆောင်ရွက်မှုများမှတစ်ဆင့် အများပြည်သူဆိုင်ရာ အခန်းကဏ္ဍနှင့် အပြန်အလှန်ဆက်သွယ်ခြင်း ရှိသည့်အတွက် ချန်လှပ်ရန် မသင့်ပေ။ အမှန်တကယ်ပင် ပုဂ္ဂလိကလုပ်ငန်းများရှိ လုပ်ငန်းဆောင်ရွက်သူများသည် အများပြည်သူဆိုင်ရာ အခန်းကဏ္ဍတွင် တာဝန်ထမ်းဆောင်သူများအား မကြာခဏလာဘ်ပေးခြင်းဖြင့် ပုဂ္ဂလိကကြွယ်ဝချမ်းသာမှုနှင့် အများပြည်သူဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာတို့ ထိတွေ့ပြီး ယေဘုယျအားဖြင့် အဂတိလိုက်စားမှုဖြစ်ပွားလေ့ရှိပါသည် (Rose–Ackerman and Palifka, 2016)။ တစ်ချိန်တည်းပင် အထက်ဖော်ပြပါ အဂတိလိုက်စားမှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် လာဘ်ယူသည့် ပုဂ္ဂိုလ်သည် ပုဂ္ဂလိကကဏ္ဍရှိ လုပ်ငန်းများ၌ အဂတိလိုက်စားနေသည့် ကိစ္စရပ်များ (၎င်းအား ပုဂ္ဂလိကကဏ္ဍ အဂတိလိုက်စားမှု သို့မဟုတ် ပုဂ္ဂလိကအဂတိလိုက်စားမှုဟု တစ်ခါတစ်ရံ ခေါ်ဆိုပါသည်) ကျန်သွားနိုင်ပါသည်။

၁၃။ အများပြည်သူဆိုင်ရာ အစိုးရဌာနများအား အဓိကထား ဗဟိုပြုသည့် အဂတိလိုက်စားမှုဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုခြင်းကိစ္စရပ်များပြီးနောက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအဖွဲ့အစည်း (OECD) (http://www.oecd.org/corruption/anti–bribery/39532693.pdf) သည် အဂတိလိုက်စားမှုကို “အများပြည်သူဆိုင်ရာ သို့မဟုတ် ပုဂ္ဂလိကဆိုင်ရာဌာနအား ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားပြုခြင်း” ဟု စဉ်းစားသုံးသပ်ထားပါသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့ (Transparency International –TI) (https://www.Transparency.org/what–is–corruption#define) မှ “ယုံကြည်အပ်နှံထားသည့် လုပ်ပိုင်ခွင့်အာဏာအား ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားပြုခြင်း” ဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ “အများပြည်သူဆိုင်ရာ ဌာန” နှင့် “အများပြည်သူဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာ” တို့နှင့် ဆန့်ကျင်ပြီး ပုဂ္ဂလိကဌာနနှင့် ယုံကြည်အပ်နှံထားသည့် လုပ်ပိုင်ခွင့်အာဏာဟု ရည်ညွှန်းခြင်းသည် အရေးကြီးသော တိုးတက်မှုကိစ္စရပ်များကို ဖွင့်ဆိုမှုဖြစ်ပြီး နိုင်ငံရေးသမားများ၊ ဗျူရိုကရက်အုပ်ချုပ်ရေးသမားများ သို့မဟုတ် အများပြည်သူဆိုင်ရာ အာဏာရှိသူများ သီးခြားပါဝင်ပတ်သက်သည့် အဂတိလိုက်စားမှုအမျိုးအစားများလည်း လွှမ်းခြုံအကျုံးဝင်စေပါသည်။ ဥပမာအားဖြင့် ရင်းနှီးမြှုပ်နှံသူများနှင့် ဒါရိုက်တာဘုတ်အဖွဲ့တို့သည် ကုမ္ပဏီ၏ အလုပ်အမှုဆောင်အကြီးအကဲ သို့မဟုတ် ဘဏ္ဍာရေးအရာရှိ အကြီးအကဲအား ယုံကြည်စွာ လုပ်ပိုင်ခွင့် အာဏာ အပ်နှံထားပြီး ယင်းပုဂ္ဂိုလ်သည် လာဘ်ပေးမှုကို လက်ခံခြင်း၊ ရန်ပုံငွေများ အလွဲ

သုံးစားပြုခြင်း၊ လိင်ပိုင်းဆိုင်ရာ မျက်နှာသာပေး အခွင့်အရေးတောင်းဆိုခြင်း သို့မဟုတ် အကျိုးစီးပွားပဋိပက္ခအပေါ် အခြေခံသည့် အန္တရာယ်ရှိသော ဆုံးဖြတ်ချက်များ ချခြင်းတို့ ပြုမူသည့်အခါတွင် အဂတိလိုက်စားမှုဖြစ်ပေါ်ပါသည်။ လုပ်ပိုင်ခွင့်အာဏာအား အလွဲသုံးစားပြုလုပ်ခြင်းသည် လုပ်ထုံးလုပ်နည်းအရ အများပြည်သူနှင့် သက်ဆိုင်ခြင်း သို့မဟုတ် မသက်ဆိုင်ခြင်းသည် အဓိကကျသည့် အကြောင်းအရာ မဖြစ်သင့်ပေ။

၁၄။ ထို့အပြင် လွန်ခဲ့သော နှစ်ပေါင်း (၄၀) ကျော်ကပင် အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိက ကဏ္ဍတို့အကြား ကွဲပြားချက် မျဉ်းပိုင်းခြားရန် ပို၍ဝေဝါးလာပါသည်။ တစ်ဖက်တွင်လည်း နိုင်ငံတော်ပိုင်လုပ်ငန်းများ (SOEs) သည် အစိုးရအား စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်များတွင် ပါဝင်စေခြင်းဖြင့် စီးပွားရေးတွင် အရေးပါသော အခန်းကဏ္ဍ၌ ရပ်တည်လျက်ရှိပါသည်။ အခြားတစ်ဖက်တွင်လည်း ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်း၊ စည်းမျဉ်းစည်းကမ်း လျှော့ချခြင်းနှင့် အစိုးရကဏ္ဍ လျှော့ချခြင်းဆိုင်ရာလမ်းကြောင်းကို ကမ္ဘာတစ်ဝန်းတွင် လက်ခံကျင့်သုံးလာခြင်းကြောင့်ဖြစ်ပါသည်။ ပုဂ္ဂလိကပိုင် စီမံဆောင်ရွက်လျက်ရှိသည့် အကျဉ်းထောင်များ၊ လုံခြုံရေးအဖွဲ့များ၊ တက္ကသိုလ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ်များ၊ ကော်ပိုရေးရှင်းအသစ်များ၊ အငြိမ်းစား အိမ်ယာများ သို့မဟုတ် ယာဉ်ရပ်နားမှုဆိုင်ရာ လုပ်ပိုင်ခွင့်ရကုမ္ပဏီတို့သည် အမှန်တကယ်ပင် ပုဂ္ဂလိကဆိုင်ရာ အခွင့်အာဏာကိုသာ ကျင့်သုံးခြင်းဖြစ်/မဖြစ်၊ SOEs သည် အများပြည်သူဆိုင်ရာ သို့မဟုတ် ပုဂ္ဂလိကဆိုင်ရာအခွင့်အာဏာအား ကျင့်သုံးနေခြင်း ဟုတ်/မဟုတ်၊ ယုံကြည်အပ်နှံထားသည့် အခွင့်အာဏာအား အလွဲသုံးစားပြုလုပ်ခြင်း၊ တစ်စုံတစ်ယောက်သည် လာဘ်ပေးလာဘ်ယူမှု သို့မဟုတ် ခိုးယူမှုတွင် ပါဝင်ပတ်သက်ခြင်းအား အများပြည်သူဆိုင်ရာကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍဟူ၍ ထည့်သွင်းမစဉ်းစားဘဲ အဂတိလိုက်စားမှုဆိုင်ရာအမှုကိစ္စရပ်များအားလုံးအပေါ် လွှမ်းခြုံပါသည်။ ထို့အပြင် ပုဂ္ဂလိကဆိုင်ရာ ဘာသာရေးနယ်ပယ်ရှိ အဂတိလိုက်စားမှုများကိုလည်း လွှမ်းခြုံပါသည်။ ဥပမာအားဖြင့် လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းခြင်းခံရသူက ဘာသာကိုးကွယ်သည့်နေရာမှ ရန်ပုံငွေများ အလွဲသုံးစားမှုပြုခြင်းဖြစ်ပါသည်။ UNCAC မှ သတ်မှတ်သည့် အဂတိလိုက်စားမှုဆိုင်ရာ ပြစ်မှုများကို ကြည့့်မည်ဆိုလျှင် အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိကကဏ္ဍများရှိ လာဘ်ပေးလာဘ်ယူမှုနှင့် ခိုးယူခြင်းတို့ပါ အကျုံးဝင်သော်လည်း ဩဇာအာဏာအရောင်းအဝယ်ပြု၍ ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းတာဝန်ကို အလွဲသုံးစားပြုခြင်းတို့တွင် “ပြည်သူ့ဝန်ထမ်းများ” ပတ်သက်သည့် အခြေအနေရှိမှသာလျှင် အဂတိလိုက်စားမှုဆိုင်ရာ ပြစ်မှုများတွင် အကျုံးဝင်

ပါသည်။ သို့သော် UNCAC သည် “ပြည်သူ့ဝန်ထမ်း” အပေါ် အများပြည်သူဆိုင်ရာလုပ်ငန်း တာဝန်များ ထမ်းဆောင်သူ မည်သူမဆိုဟု ကျယ်ပြန့်စွာ ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် ဩဇာအာဏာအရောင်းအဝယ်ပြုလုပ်၍ ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းတာဝန်ကို အလွဲသုံးစား ပြုခြင်းတို့သည် SOEs များတွင် လုပ်ကိုင်နေသူများနှင့် ဝန်ဆောင်မှုကို အစိုးရလုပ်ငန်းသဘော သဘာဝဖြင့် လုပ်ကိုင်ပေးနေသူ ပုဂ္ဂလိကကုမ္ပဏီများမှလည်း ကျူးလွန်နိုင်ပါသည်။

၁၅။ UNCAC သည် အဂတိလိုက်စားမှုအမျိုးအစားများအကြား ခွဲခြားသတ်မှတ်ထားခြင်း မရှိသော်လည်း အဂတိလိုက်စားမှုအဓိပ္ပါယ်ဖွင့်ဆိုရာတွင် “အသေးစားအဂတိလိုက်စားမှု များ”၊ “ကြီးမားသော အဂတိလိုက်စားမှုများ” နှင့် “နိုင်ငံအဆင့် အဂတိလိုက်စားမှု” များ၏ သဘောတရားများကို တစ်ခါတစ်ရံ ရည်ညွှန်းပါသည်။ “အသေးစားအဂတိလိုက်စားမှု” သည် အစိုးရခေါင်းဆောင်မှုဆိုင်ရာနှင့် စီးပွားရေးအဖွဲ့အစည်းများ၏ အဆင့်မြင့်အရာရှိများ ပါဝင်မှု မရှိသော အဂတိလိုက်စားမှုဆိုင်ရာ သီးခြားဖြစ်စဉ်များဖြစ်ပြီး ပမာဏများသော အဂတိ လိုက်စားမှုများ သို့မဟုတ် “ကြီးမားသော အဂတိလိုက်စားမှု” များနှင့် ဆန့်ကျင်ဘက်ဖြစ်ပါ သည်။ အဂတိလိုက်စားမှုသည် ခေါင်းဆောင်မှုဆိုင်ရာ ဖွဲ့စည်းမှုတွင် ပါဝင်သည်နှင့် တစ်ပြိုင် နက် အထက်တန်းလွှာ လူနည်းစု (ယခုအခါ ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်များ)သည် ၎င်းတို့အကျိုးစီးပွားအတွက် အများပြည်သူ၏အကျိုးနှင့် ဆန့်ကျင်၍ အစိုးရနှင့် ပူးပေါင်းစီမံ အုပ်ချုပ်မှုများဆောင်ရွက်သည့် “နိုင်ငံအဆင့် အဂတိလိုက်စားမှု” ကဲ့သို့သော အသင်းအဖွဲ့ များပုံစံဖြင့် ကျူးလွန်သည့်ဘက်သို့ ဦးတည်နိုင်ပါသည်။ ယေဘုယျအားဖြင့် ဥပဒေပြုအဖွဲ့ သို့မဟုတ် လွှတ်တော်မှ တရားဝင်ပြုစုပြီး စနစ်တကျပြဋ္ဌာန်းသည့် ဥပဒေတွင် အဂတိ လိုက်စားသည့် အမူအကျင့်ဖြင့် အကျိုးခံစားခွင့်များ ခွင့်ပြုမိသည့်အခါ” နိုင်ငံအဆင့် အဂတိ လိုက်စားမှုအခြေအနေ ပေါ်ပေါက်ပါသည် (Graycar, 2015,p.88)။ ယင်းစကားရပ်သည် ကနဦးတွင် နိုင်ငံ၏အရင်းအမြစ်များအား ပုဂ္ဂလိကအကျိုးစီးပွားအတွက် အခွင့်အရေးယူနေ သော ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်များနှင့် ဆက်နွယ်မှုရှိပါသည်။ ဟဲလ်မန် (Hellman) နှင့် ကော့ဖ်မန်း (Kaufmann) (2001)တို့သည် “နိုင်ငံအဆင့် အဂတိလိုက်စားမှု” ၏ အဓိပ္ပါယ် ကို “စီးပွားရေးလုပ်ငန်းများက ၎င်းတို့ အခွင့်အရေးရရှိရေးအတွက် ပြည်သူ့ဝန်ထမ်းများအား တရားမဝင်သော ပုဂ္ဂလိကအကျိုးစီးပွားပေးအပ်ခြင်းဖြင့် နိုင်ငံ၏ဥပဒေများ၊ မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများအား ပုံဖော်ပေးရန် ကြိုးပမ်းခြင်း” ဟု ဖွင့်ဆိုထားပါသည်။ ပုဂ္ဂလိက ကဏ္ဍမှ ရည်မှန်းချက်ချင်းတူညီသော စီးပွားရေးအုပ်စုများသည် အရာရှိများနှင့် လွှတ်တော်

များအပေါ် ဥပဒေရေးဆွဲရန် ဩဇာလွှမ်းမိုး သို့မဟုတ် လာဘ်ထိုးနိုင်ပါသည်။ ဥပမာအားဖြင့် ကုမ္ပဏီများအား သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲရန် ဥပဒေအရ ခွင့်ပြုချက်ပေးခြင်း ဖြစ်ပါသည်။ နိုင်ငံအဆင့် အဂတိလိုက်စားမှုများသည် နိုင်ငံ၏အုပ်ချုပ်မှုစနစ် အမျိုးအစား အပေါ်မူတည်ခြင်းမရှိဘဲ အသွင်ကူးပြောင်းနေသော စီးပွားရေးစနစ်များတွင် နိုင်ငံတော်အဖွဲ့ အစည်းများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်၌ ပိုမို၍ ဖြစ်နိုင်ခြေရှိပါသည်။ မည်သို့ပင် ဖြစ်စေ နိုင်ငံအဆင့်အဂတိလိုက်စားမှုသည် ကောင်းမွန်စွာ ဖွံ့ဖြိုးတိုးတက်၍ ရင့်ကျက်ပြည့်ဝသော ဒီမိုကရေစီစနစ်များတွင်လည်း ဖြစ်ပေါ်နိုင်ပါသည်။ အထူးသဖြင့် ကုမ္ပဏီများနှင့် စက်မှုလုပ်ငန်းအဖွဲ့အစည်းများကိုယ်စား လိုရာကို ဆောင်ရွက်ပေးရန် မဲဆွယ်ပေးသူများ ပါဝင်ပတ်သက်သည့် အမှုကိစ္စရပ်များတွင် ဖြစ်ပါသည်။ အဆိုပါမဲဆွယ်ပေးသူများသည် ဥပဒေပြုသူများအား ၎င်းတို့ကို အလေးသာစေမည့် သို့မဟုတ် ယှဉ်ပြိုင်သူများအား အခွင့်အရေးမရစေမည့် ဥပဒေများ ရေးဆွဲနိုင်ရန် ကြိုးပမ်းကြရာတွင် ယင်းသည် အကျိုးအမြတ်များကိုယ်စားပြုခြင်းဆိုင်ရာ ဒီမိုကရေစီကျသော လုပ်ငန်းစဉ်၏ အစိတ်အပိုင်းဖြစ်သည် သို့မဟုတ် ဆုံးဖြတ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများအား ဝယ်ယူ(လာဘ်ထိုး)ခြင်း ဖြစ်သည်ဟူသော မေးခွန်းထုတ်နိုင်ကြောင်း” ဂရေးကာလ် (Graycar) မှ ရှင်းလင်းထားပါသည် (Graycar, 2015, p.89)။

၁၆။ အရှေ့နှင့်အလယ်ပိုင်းဥရောပနိုင်ငံများရှိ အဂတိလိုက်စားမှုအပေါ် အထူးပြုလေ့လာသော ပညာရှင်များသည် နိုင်ငံရေးဩဇာအာဏာရှိသူများမှ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံတစ်ခုအား ခြယ်လှယ်နိုင်သည်ဆိုသည့်အချက်ကို အာရုံစိုက် သတိမူစေပါသည် (Mungiu-Pippidi,2006;Innes,2013)။ အလားတူပင် ဖာဇက်ကာစ် (Fazekas)နှင့် တို့သ် (Toth) (2016, p.320) တို့သည် နိုင်ငံအဆင့်အဂတိလိုက်စားမှုအပေါ် အများကောင်းကျိုးကို ထိခိုက်နစ်နာစေကာ ၎င်းတို့၏ ပုဂ္ဂလိကရည်မှန်းချက်များအတွက် စုပေါင်းဆောင်ရွက်ရန် ခွင့်ပြုထားသော နိုင်ငံတော်၏ အစိတ်အပိုင်းများတွင် အစုလိုက်တည်ရှိနေသည့် အဂတိလိုက်စားသူများ၏ကွန်ယက်သဖွယ် ထင်ရှားစွာ တည်ရှိနေသော ပုံစံဖြစ်သည်” ဟု နားလည်သဘောပေါက်ပါသည်။ လိဗစ်စကီး (Levitsky) နှင့် ဇစ်ဘလက် (Ziblatt)(2018,p.78) တို့က မူ နိုင်ငံရေးဩဇာအာဏာရှိသူများမှ နိုင်ငံတော်အဖွဲ့အစည်းများအား မည်ကဲ့သို့ခြယ်လှယ်သည်ကို ဘောလုံးပွဲဒိုင်လူကြီးများနှင့် နှိုင်းယှဉ်တွေးခေါ်မှုအား အသုံးပြုရှင်းလင်းခဲ့ပါသည်။ ဘောလုံးပွဲ ဒိုင်လူကြီးများသည် လွတ်လပ်၍ ဘက်မလိုက်သော အပြုအမူဖြင့် ကစားသူများ

အားလုံးအား ကစားပွဲ၏ နည်းလမ်းများအပေါ် လေးစားမှုဖြင့် မျှတစွာ ကစားစေရန် ဆောင်ရွက်ကြသကဲ့သို့ နိုင်ငံ၏ အဖွဲ့အစည်းများကိုလည်း ထိုကဲ့သို့ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့သော် ကစားသမားအချို့သည် အကယ်၍ (ယခုကိစ္စရပ်တွင် နိုင်ငံရေးဩဇာအာဏာရှိသူများ) ဒိုင်လူကြီးများနှင့် ပူးပေါင်းကြံစည်ခဲ့လျှင် ကစားပွဲတွင် အလွယ်တကူပင် လိမ်ညာနိုင်မည်ဖြစ်သည်။ အကယ်၍ ယင်းကဲ့သို့ ပူးပေါင်းကြံစည်မှုသည် ရေရှည်ဖြစ်လာသောအခါ ကစားသမားများသည် အသာစီးရရှိရေးအတွက် ကစားပွဲ၏ စည်းကမ်းများကိုပင် ပြန်လည်ပြင်ဆင်ရေးဆွဲပြီး အနာဂါတ်ပြိုင်ပွဲများတွင် ဆက်လက်အနိုင်ရရှိနေမည်ဖြစ်ပါသည်။ ဒိုင်လူကြီးများနှင့် နှိုင်းယှဉ်ခဲ့သကဲ့သို့ပင် နိုင်ငံတော်အဖွဲ့အစည်းများသည် အများပြည်သူ၏အကျိုးစီးပွားကို ဆက်လက်ဖြည့်ဆည်းမပေးနိုင်တော့ဘဲ နိုင်ငံရေးဩဇာအာဏာရှိသူများ၏ ထိန်းချုပ်မှု၊ ခြယ်လှယ်မှုခံရနိုင်ခြင်းကိစ္စရပ်အပေါ်တွင်လည်း တူညီသော တွေးခေါ်မှုကို အသုံးပြုနိုင်ပါသည်။ သဘောတရားအရ နိုင်ငံတစ်နိုင်ငံသည် စီးပွားရေးလုပ်ငန်းများသို့မဟုတ် နိုင်ငံရေးပါတီများ၏ ထိန်းချုပ်ခြယ်လှယ်ခြင်းကို ခံရနိုင်သည်ဟု ဆိုသော်လည်း လက်တွေ့ကျင့်သုံးရာတွင် ယင်းပုံစံ (၂) မျိုးအကြား ရှင်းလင်းစွာ စည်းခြားထား၍မရပါ။ နိုင်ငံရေးသည် စီးပွားရေးအား အကျင့်ပျက်ပြားစေသော အခြေအနေတွင် ဖြစ်ပေါ်သည့် စနစ်တကျအဂတိလိုက်စားမှုနှင့် စီးပွားရေးက နိုင်ငံရေးအား ကြိုးကိုင်သည့်အခါ ဖြစ်ပေါ်သည့် ငွေမျက်နှာတစ်ခုတည်းသာ ကြည့်သော အဂတိလိုက်စားမှုတို့ကို ဝီလစ် (Wallis) (2006, p. 25) က ခွဲခြားရှင်းလင်းခဲ့ပါသည်။

အဂတိလိုက်စားမှု၏ သက်ရောက်မှုများ

၁၇။ အဂတိလိုက်စားမှု၏ သက်ရောက်မှုသည် ကျယ်ပြန့်ပါသည်။ အချို့သော သက်ရောက်မှုများသည် သိသာထင်ရှားသော်လည်း အချို့သက်ရောက်မှုများသည် ရှင်းလင်းရန် လိုအပ်ပါသည်။ ၎င်းတို့တွင်-

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များအား ယိုယွင်းပျက်စီးစေခြင်း

၁၈။ အဂတိလိုက်စားမှုသည် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (SDGs) ၏ အောင်မြင်မှုရရှိစေရေးအား အဟန့်အတားဖြစ်စေပါသည်။ (https://www.un.org/sustainabledevelopment/sustainable-development-goals/) SDGs များသည် ရှင်းလင်းပြည့်စုံသော်လည်း အဂတိလိုက်စားမှုကြောင့် ခံနိုင်ရည်မရှိဘဲ ယိုယွင်းပျက်စီးစေနိုင်သည်မှာ အဆန်းတကျယ်မဟုတ်ပါ။ “အားလုံးအတွက် ပိုမိုကောင်းမွန်

ပြီး ရေရှည်တည်တံ့ခိုင်မြဲသော အနာဂါတ်” ဆိုသည့် ကိစ္စရပ်သည် လူနည်းစု၏ ကိုယ်ကျိုးစီးပွားနှင့် ဆန့်ကျင်မှုဖြစ်နိုင်သည့်အတွက် အဂတိလိုက်စားမှုပုံစံအမျိုးမျိုးကြောင့် လမ်းမှားရောက်ရှိနိုင်ပါသည်။ နိုင်ငံ၏စွမ်းဆောင်ရည် ဆုတ်ယုတ်လာသည့် အခြေအနေတွင် နိုင်ငံများသည် အများပြည်သူအတွက် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးဆောင်ရွက်ခြင်း၊ ငတ်မွတ်မှုကို ရင်ဆိုင်ဖြေရှင်းခြင်း၊ ကောင်းမွန်သော ကျန်းမာရေး စောင့်ရှောက်မှုနှင့် အရည်အသွေးမြင့်မားသော ပညာရေးစနစ်ခိုင်မာစေခြင်း၊ ကျား-မတန်းတူညီမျှမှုနှင့် အခြားသော လူ့အခွင့်အရေးများအတွက် အာမခံပေးခြင်းတို့အား ဆောင်ရွက်ပေးနိုင်ခြင်းမရှိပေ။ အဓိကသက်ဆိုင်မှုက SDG ရည်မှန်းချက် (၁၆) (https://www.un.org/sustainabledevelopment/peace-justice/) ဖြစ်ပြီး ခေါင်းစဉ်မှာ “ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ခိုင်မာအားကောင်းသော အဖွဲ့အစည်းများ”ဖြစ်၍ “ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုအတွက် အေးချမ်းသာယာပြီး အားလုံးပါဝင်နိုင်သည့် လူ့အဖွဲ့အစည်းများအားမြှင့်တင်ရေး၊ ပြည်သူများအားလုံးသို့ တရားမျှတမှုကို လက်လှမ်းမီရန် ဆောင်ကြဉ်းပေးနိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲနိုင်ရေးအတွက် အဆင့်အားလုံးတို့၌ ထိရောက်၍ တာဝန်ယူ/တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိပြီး အားလုံးပါဝင်သော အဖွဲ့အစည်းများအား တည်ဆောက်ရေး” အတွက် ရည်မှန်းပါသည်။ ထိရောက်စွာ မဆောင်ရွက်နိုင်သော၊ တာဝန်ယူ/တာဝန်ခံမှုမရှိသော၊ သီးခြားရပ်တည်နေသော အဖွဲ့အစည်းများနှင့် အဂတိလိုက်စားမှုတို့အကြား ခိုင်မာသည့် ဆက်နွယ်မှုတွင် SDG ရည်မှန်းချက် (၁၆) ၏ ရည်မှန်းချက် (၃) ရပ်ဖြစ်သည့် (၁၆.၄)၊ (၁၆.၅)၊ (၁၆.၆) တို့တွင် အဂတိလိုက်စားမှုပုံစံအမျိုးမျိုးအား လျှော့ချနိုင်ရေး၊ ခိုးယူခြင်းခံရသော ပိုင်ဆိုင်ပစ္စည်းများ ပြန်လည်ရယူရေးနှင့် ပြန်လည်အပ်နှံရေး ပိုမိုအားကောင်းစေရန်နှင့် ပွင့်လင်းမြင်သာသော အဖွဲ့အစည်းများ ဖြစ်ထွန်းပေါ်ပေါက်ရေးတို့ကို ချမှတ်ထားရှိပါသည်။ တစ်ချိန်တည်းပင် အိမ်ရာများ၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ပညာရေးနှင့် သောက်သုံးရေရရှိရေးတို့တွင် တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာနိုင်ရေးအတွက် အသုံးပြုမည့် ငွေကြေးအမြောက်အမြားသည် အဂတိလိုက်စားမှုကြောင့် ဆုံးရှုံးနိုင်သည့်အတွက် အဂတိလိုက်စားမှုသည် သက်ဆိုင်မှုရှိသည့် နယ်ပယ်များတွင် SDGs များ အမှန်တကယ်အကောင်အထည်ဖော် ပြီးမြောက်စေရေးအတွက် အကန့်အသတ်ဖြစ်စေပါသည်။ ဥပမာအားဖြင့် အာဖရိကသမဂ္ဂမှ အာဖရိကဒေသ အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) ၏ ၂၅ ရာခိုင်နှုန်းသည် အဂတိလိုက်စားမှုများကြောင့် ဆုံးရှုံးနေရကြောင်း ခန့်မှန်းပါသည်

(UNODC, 2015)။ အက်ဒစ်တ် (Adit) (2010) သည် အဂတိလိုက်စားမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများအကြား ဆက်နွယ်မှုကို စစ်ဆေးရာ အဂတိလိုက်စားမှုသည် နိုင်ငံတစ်နိုင်ငံ၏ ရင်းနှီးမတည်ငွေအား တဖြည်းဖြည်းနည်းပါးစေခြင်းဖြင့် ရေရှည်တည်တံ့မှုမရှိသော လမ်းကြောင်းပေါ်သို့ ရောက်ရှိစေနိုင်ကြောင်း တွေ့ရပါသည်။ အဂတိလိုက်စားမှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအကြား အပျက်သဘောဆောင်သော အပြန်အလှန်နှီးနွယ်မှုရှိကြောင်းကို UNCAC အဖွဲ့ဝင်နိုင်ငံများညီလာခံက အတည်ပြုသော ဆုံးဖြတ်ချက်များတွင် အကြိမ်ကြိမ် အလေးထားဖော်ပြလျက်ရှိပါသည် (/unodc/en/corruption/COSP/conference-of-the-states-parties.html)။ သို့ဖြစ်ရာ ကမ္ဘာ့အသိုင်းအဝိုင်းအနေနှင့် SDGs များ အမှန်တကယ် အကောင်အထည်ဖော် ပြီးမြောက်စေရေးအတွက် အဂတိလိုက်စားမှုသည် အတားအဆီးတစ်ခုဖြစ်ကြောင်းနှင့် SDGs များရရှိရန် အမှန်တကယ်ဆန္ဒရှိပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ တစ်ဆင့်တက်၍ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း သိမြင်ကြရန် လိုအပ်ပါသည်။

စီးပွားရေးအရ ဆုံးရှုံးမှုနှင့် အရည်အသွေးမရှိမှု

၁၉။ အဂတိလိုက်စားမှုကြောင့် ဆုံးရှုံးမှုကို စီးပွားရေးအရ တိုင်းတာနိုင်ရန်နှင့် ကိန်းဂဏန်းအချက်အလက်များဖြင့် ဖော်ပြနိုင်ရန် ခက်ခဲသော်လည်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ ၂၀၁၆ ခုနှစ်အစီရင်ခံစာတွင် လာဘ်ပေးလာဘ်ယူမှု တစ်ခုတည်းကြောင့်ပင် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁.၅ ထရီလီယံမှ ၂ ထရီလီယံခန့် ဆုံးရှုံးနေကြောင်း ခန့်မှန်းဖော်ပြထားပါသည် (https://www.imf.org/en/Publications/Staff-Discussion-Notes/Issues/2016/12/31/Corruption-Costs-and-Mitigating-Strategies-43888) ။ အဆိုပါအချက်အလက်များအရ စုစုပေါင်းစီးပွားရေးဆုံးရှုံးမှုသည် ကမ္ဘာ့ GDP ၏ ၂ ရာခိုင်နှုန်းခန့်ရှိသည်ကို တွေ့ရှိနိုင်ပါသည်။ အဆိုပါ ၂ ရာခိုင်နှုန်းတွင် အဂတိလိုက်စားမှု၏ အခြားသော ပုံစံများကြောင့် စီးပွားရေးဆုံးရှုံးမှုပါဝင်ခြင်း မရှိသေးပေ။ လိမ်လည်မှု၊ ငွေကြေးခဝါချမှုနှင့် အခွန်တိမ်းရှောင်မှုများနှင့်ပတ်သက်၍ Mossack Fonseca Papers (ပနားမား စာရွက်စာတမ်းများ) ဟုခေါ်သော ထောင်ပေါင်းများစွာသော စာရွက်စာတမ်းများ ပေါက်ကြားခဲ့မှုကြောင့် နိုင်ငံများစွာ၏ ပြည်ပတွင် မှတ်ပုံတင်ထားသော စီးပွားရေးလုပ်ငန်းများအပေါ် ဂယက်ရိုက်မှုနှင့် စီးပွားရေးမညီမျှမှုများ ပေါ်ပေါက်စေခဲ့ပါသည် (https://panamapapers.sueddeutsche.de/articles/56febffoa1bb8d3c3495adf4/)။ နောက်ဆုံးအချက်အနေဖြင့်

စီးပွားရေးဆိုင်ရာ မမျှော်မှန်းနိုင်သော ဆုံးရှုံးမှု (Deadweight Economic Loss) အပြင် စီးပွားရေးဆိုင်ရာ အရည်အသွေးမရှိခြင်းတို့ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ လုပ်ငန်းများ သို့မဟုတ် ကန်ထရိုက်စာချုပ်များကို လူတစ်ဦး သို့မဟုတ် ကုမ္ပဏီများကို လာဘ်ပေး၍ဖြစ်စေ ပုဂ္ဂိုလ်ရေးဆိုင်ရာ အဆက်အသွယ်အရဖြစ်စေ လုပ်ခွင့်ပေးပါက မျှတသော ယှဉ်ပြိုင်မှုကို ထိခိုက်စေမည် ဖြစ်ပါသည်။ ယင်းအတွက် အရည်အသွေးရှိသော ပုဂ္ဂိုလ်များနှင့် လုပ်ငန်းများ ပြိုလဲသွားမည်ဖြစ်ပါသည်။ အဆိုပါအလေ့အထများ များပြားလာလေ အရည်အသွေး ညံ့ဖျင်းသော စီးပွားရေးများ ဖြစ်ပေါ်လေလေ ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဂတိလိုက်စားမှုသည် ဖွံ့ဖြိုးမှုကို နောက်ကျစေပါသည်။ နိုင်ငံတကာစီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူများအနေဖြင့် ၎င်းတို့ထောက်ပံ့နေသည့် ချေးငွေများ၊ အကူအညီများကိုလည်း လာဘ်ပေးလာဘ်ယူမှု၊ ညှိနှိုင်းမှု၊ ဆွေမျိုးကောင်းစားရေးဝါဒများ စသည့်အကျင့်ပျက်မှုများကြောင့် အရည်အသွေး ညံ့ဖျင်းသော ကန်ထရိုက်များဆီသို့ လမ်းလွဲရောက်ရှိစေပါသည်။ ထို့အပြင် ရုပ်ပိုင်းဆိုင်ရာနှင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှုများသည် အရင်းအမြစ်များအား အများဆုံးအကျိုးဖြစ်ထွန်းရန် အသုံးပြုမှုမှ ၎င်းတို့လွဲပြောင်းလိုက်ခြင်းကြောင့် လျော့နည်းကျဆင်းလာမည် ဖြစ်ပါသည်။

ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှု

၂၀။ အဂတိလိုက်စားမှုသည် ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှုတို့အတွက် သာမန်အားဖြင့် အားနည်းမှု၏ လက်နက်တစ်ခု မဟုတ်ပေ။ နိုင်ကျိုးရီးယားနိုင်ငံ၏ အထင်ရှားဆုံး အဂတိလိုက်စားမှုတစ်ခုတွင် ရှဲလ်(Shell) နိုင်ငံတကာရေနံကုမ္ပဏီသည် အခွန်ငွေ အမေရိကန်ဒေါ်လာ ၁.၁ ဘီလီယံကျော်ကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းခဲ့ခြင်းမပြုဘဲ အဂတိလိုက်စားမှုကျူးလွန်သော အရာရှိများထံသို့ လာဘ်ထိုးခဲ့သဖြင့် နိုင်ကျိုးရီးယား ပြည်သူများသို့ အထောက်အပံ့ပေးမည့် လုပ်ငန်းများကို ထိခိုက်စေပါသည် (Global Witness, 2017) (https://www.globalwitness.org/en/campaigns/oil-gas-and-mining/shell-knew/) ။ ကမ္ဘာ့ဘဏ်၏ ၂၀၁၉ ခုနှစ် အစီရင်ခံစာအရ ရေနံကြွယ်ဝချမ်းသာသော နိုင်ငံများ၏ လူဦးရေ ၅၀ ရာခိုင်နှုန်းခန့်သည် အဆိုးဝါးဆုံးသော ဆင်းရဲနွမ်းပါးမှုကို ကြုံတွေ့နေရပါသည်။ အဆိုပါဥပမာများအရ နိုင်ငံရေးနှင့် စီးပွားရေးစနစ်များသည် အဂတိလိုက်စားမှု လုပ်ဆောင်သူများတွင် စာရင်းဝင်နေမည်ဆိုပါက ထိုသူတို့၏ ချမ်းသာကြွယ်ဝမှုကို လိုအပ်မှုအနည်းဆုံး နေရာများသို့ ပြန်လည်ခွဲဝေပေးခြင်းမျိုး ဖြစ်စေသည်။ အဂတိလိုက်စားမှုများကြောင့် ပညာရေး၊

ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲလုပ်ငန်း အသုံးစရိတ်ရန်ပုံငွေတို့သည် အုပ်ချုပ်ရေးသမားများနှင့် ကန်ထရိုက်များ၏ ကိုယ်ကျိုးစီးပွားချမ်းသာမှုအတွက် ရင်းမြစ်တစ်ခု ဖြစ်လာနိုင်ပါသည်။ နိုင်ငံရေးစနစ်တွင် ကျွမ်းကျင်မှုဆိုင်ရာ ပြန်လည်မျှဝေမှုပမာဏနှင့် လူမှုထောက်ပံ့ရေးအစီအစဉ်များလည်း ထိခိုက်လာမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါဖြစ်ရပ်များ၏ ရလဒ်သည် မညီမျှသည့် အခွင့်အလမ်းအနေအထားတွင် အဂတိလိုက်စားမှု ကွန်ယက်တစ်ခုအတွင်းရှိ လူပုဂ္ဂိုလ်များအတွက်သာ အသာရရှိမှုများ ဖြစ်ပေါ်လာသည့် မညီမျှသော အခွင့်အလမ်းအနေအထားပင် ဖြစ်သည်။

ပုဂ္ဂိုလ်ရေးဆုံးရှုံးမှု၊ ခြိမ်းခြောက်မှုနှင့် အဆင်မပြေဖြစ်မှုများ

၂၁။ အဂတိလိုက်စားမှုနှင့် တွေ့ကြုံရသည့်အခါ ကောင်းမွန်သော အတွေ့အကြုံဖြစ်ရန်မှာ နည်းပါးပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုရယူရန်၊ အဆောက်အဦဆောက်လုပ်ခွင့်ရယူရန်၊ ပစ္စည်းတစ်ခုထုတ်ယူရန် သို့မဟုတ် တယ်လီဖုန်းဝန်ဆောင်မှုရယူရန်တို့အတွက် လာဘ်ပေးရပါသည်။ တရားသူကြီးတစ်ဦးက အမှုသွားအမှုလာအရ သက်သေခံအချက်အလက်များအပေါ် အခြေခံခြင်းမရှိဘဲ တစ်ဖက်က လာဘ်ပေး၍လည်းကောင်း၊ ဩဇာရှိသူကြွားပွဲစားနှင့် သိ၍လည်းကောင်း၊ ၎င်းနှင့်လူမျိုးဘာသာတူသူဖြစ်၍လည်းကောင်း တစ်ဖက်သို့ ဆန့်ကျင်ပြီး ဆုံးဖြတ်နိုင်ပါသည်။ သာမာန်ပြည်သူတစ်ယောက်အနေဖြင့် ရဲအရာရှိတစ်ဦးမှ တောင်းခံသည့် လာဘ်ငွေကို ပေးရန်ငြင်းဆိုသည့်အခါ ရိုက်နှက်ခံရနိုင်ခြင်း၊ ထိန်းသိမ်းခံရနိုင်ခြင်း၊ ကြီးလေးသော ဒဏ်ငွေကျခံနိုင်ရခြင်းတို့ ဖြစ်နိုင်ပါသည်။ ပင်စင်ရန်ပုံငွေများသည်လည်း လိမ်လည်သူများကြောင့် ဆုံးရှုံးနိုင်ပြီး ငွေကြေးခဝါချမှုအစီအမံနှင့် ဆက်နွယ်နေတတ်ပါသည်။ အဂတိလိုက်စားမှုများကြောင့် ထိခိုက်နစ်နာရသူသည် ပုဂ္ဂိုလ်ရေးဆုံးရှုံးမှု၊ ခြိမ်းခြောက်မှုနှင့် အဆင်မပြေဖြစ်မှု ခံစားနေရစဉ်တွင် အကျင့်ပျက်သည့်လုပ်ရပ်နှင့် အစီအမံများ ကျူးလွန်သူကမူ ပုဂ္ဂိုလ်ရေးအကျိုးအမြတ်၊ သူတစ်ပါးထက်သာလွန်သည့် သိမြင်စိတ်နှင့် များစွာသော အဆင်ပြေမှုတို့ကို တွေ့ကြုံရလေ့ရှိပြီး တရားဥပဒေစိုးမိုးမှု နှောင့်နှေးစေနိုင်သည်ကို တွေ့ရှိရပါသည်။

အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ လုပ်ငန်းများကျဆင်းမှု

၂၂။ တစ်စတစ်စတိုးပွားလာသော တစ်ဦးချင်း အဂတိလိုက်စားမှုများ စုပေါင်းသွားခြင်း၏ အကျိုးသက်ရောက်မှုက အစိုးရလုပ်ငန်းတို့၏ ကျဆင်းမှုဖြစ်စေပါသည်။ အစိုးရကဏ္ဍ

သို့မဟုတ် ပုဂ္ဂလိကကဏ္ဍတွင် အဂတိလိုက်စားမှုကြောင့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးကျဆင်းခြင်း၊ ၎င်းတို့ကို ရရှိရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်မှာလည်း ပိုမိုတန်ဖိုးကြီးမြင့်လာခြင်း၊ အချိန်ကြန့်ကြာခြင်းနှင့် မညီမျှခြင်းတို့ ဖြစ်ပေါ်လာစေပါသည်။ လာဘ်ပေးမှုသည် ရဲအရာရှိများ၊ ဆရာဝန်များ၊ နိုင်ငံ့ဝန်ထမ်းများကို အလွယ်တကူ ကမ်းလှမ်းနိုင်ပြီး ယင်းငွေကြေးများကြောင့် ရိုးသားစွာ လုပ်ကိုင်နေသည့် လုပ်ဖော်ကိုင်ဖက်များ၊ ရိုးသားစွာ ယှဉ်ပြိုင်သူများအား ထိခိုက်စေပါသည်။ ထို့အပြင် ကော်ပိုရေးရှင်းများအနေဖြင့်နိုင်ငံရေးအရ အခွင့်သာမှုများရယူ၍ ပြိုင်ဘက်များကို အနိုင်ယူခြင်းဖြင့် ကောင်းမွန်သော ဝန်ဆောင်မှုနှင့် ထုတ်ကုန်များ ထုတ်လုပ်ရန် မက်လုံးများ ဆုံးရှုံးမည်ဖြစ်သည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများသည် တီထွင်ဖန်တီးခြင်းနှင့် အရည်အသွေးကောင်းမွန်အောင် လုပ်ဆောင်ရမည့်အစား အစိုးရအရာရှိများ ပိုမိုချမ်းသာစေရန်အတွက်သာ ဖြစ်စေပါသည်။ အဆိုပါအချက်များသည် ဌာနအဖွဲ့အစည်းများအတွင်း ပင်ကိုယ်ကြိုးစားလိုစိတ်ကို ဆုံးရှုံးစေနိုင်ပါသည်။ မန်နေဂျာများနှင့် အလုပ်သမားများကိုလည်း အကျင့်စာရိတ္တပျက်ပြားစေနိုင်ပါသည်။ လူအများကိုလည်း အလုပ်ကြိုးစားမှုနှင့် တီထွင်ကြံဆခြင်းတို့၏ တန်ဖိုးအပေါ် သံသယဖြစ်စေပါသည်။

အခြေခံဆောက်အဦများ ကျရှုံးခြင်း

၂၃။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် အီတလီနိုင်ငံ၊ ဂျီနိုအာမြို့(Genoa)ရှိ တံတားတစ်စင်းပြိုကျမှုတွင် အနည်းဆုံး လူ(၃၉) ဦးခန့် သေဆုံးခဲ့ရာ အခြားသော စဉ်းစားစရာ အချက်များ ရှိလာပါသည် (NZHerald, 2018)(https://www.nzherald.co.nz/world/news/article.cfm?c_id=2&objectid=12108804)။ ယခင်က အဂတိလိုက်စားမှုသည် သိသာထင်ရှားသော ကိစ္စရပ်တစ်ခု မဟုတ်ခဲ့သော်လည်း ဆက်လက်စုံစမ်းစစ်ဆေးမှုများအရ မာဖီးယားများ ထိန်းချုပ်သော ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုသည် တည်ဆောက်ရေးလုပ်ငန်းများတွင် အရည်အသွေးညံ့ဖျင်းသည့် ဘိလပ်မြေများ အသုံးပြုသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းသည် ပုဂ္ဂလိကအကျိုးအမြတ်ရရှိရန် အဖိုးတန်သည့် အရင်းအမြစ်ဖြစ်ပြီး မာဖီးယားဂိုဏ်းအတွက် ငွေကြေးခဝါချမှုလုပ်ငန်းများလုပ်ကိုင်ရန် လမ်းကြောင်းတစ်ခုအနေဖြင့် အသုံးပြုသည်ကို တွေ့ရှိရပါသည်။ (အုပ်စုဖွဲ့ပြစ်မှုများ ကျူးလွန်ခြင်းနှင့်ပတ်သက်သည့် E4J တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များ (/e4j/en/tertiary/organized-crime.html) တွင် ထပ်မံ သတင်းအချက်အလက်များ တွေ့နိုင်ပါသည်။) အုပ်စုဖွဲ့အဂတိလိုက်စားမှုကျူးလွန်

ခြင်းကြောင့် စက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ၌ ကြီးကြပ်နိုင်မှုနှင့် မျှတသော ယှဉ်ပြိုင်မှုများကို ယုတ်လျော့စေပါသည်။ တစ်ဆက်တည်းပင် မက္ကဆီကိုနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၏ ၂၀၁၇ ခုနှစ် အစီရင်ခံစာ (https://mexiconewsdaily.com/news/buildings-fell-during-earthquake-due-to-corruption/)တွင် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလက မက္ကဆီကိုမြို့တော်၌ လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် အဆောက်အဦ (၄၀) ကျော် ပြိုကျခဲ့ခြင်းကိစ္စနှင့်ပတ်သက်၍ အဂတိလိုက်စားမှုအပေါ် ပြစ်တင်ရှုတ်ချခဲ့ပါသည်။ မြေယာအသုံးချမှုနှင့် တရားဝင်ခွင့်ပြုခြင်း၊ ခွင့်ပြုမိန့်ဥပဒေများကို လာဘ်ပေးလာဘ်ယူမှု၊ ခရိုနီဝါဒ၊ ကုန်သွယ်မှုလွှမ်းမိုးချုပ်ကိုင်ခြင်းတို့ဖြင့် ဖြတ်ကျော်ခြင်းသည် အခြေခံလုံခြုံမှုမရှိသော အဆောက်အဦများ ပေါ်ထွန်းစေပါသည်။

မှန်ကန်မှုမရှိသော စီးပွားရေးနှင့် နိုင်ငံရေးစနစ်များ

၂၄။ အထက်ဖော်ပြပါ လုပ်ငန်းကျဆင်းမှုများသည် အဂတိလိုက်စားမှုကျူးလွန်သူများအတွက်မူ အမှန်တကယ်လက်တွေ့လုပ်ဆောင်နိုင်ပြီး အကျိုးအမြတ် ဖြစ်ထွန်းစေပါသည်။ နိုင်ငံရေးခရိုနီ၊ ခရိုနီအရင်းရှင်စနစ်၊ နိုင်ငံရေးပါတီ အစုအဖွဲ့များ၊ လူနည်းစု ကောင်းစားရေးစနစ်၊ ဓနရှင်အစိုးရဝါဒနှင့် တိုင်းပြည်သယံဇာတကို အာဏာဖြင့် ခိုးယူသော အစိုးရစနစ်ဟူ၍ မည်သို့ပင် အမည်တပ်ပါစေ၊ ပုဂ္ဂလိကနှင့် အများပြည်သူဆိုင်ရာ အဂတိလိုက်စားမှု၏ ကျယ်ပြန့်သော ပုံစံများသည် ကိုယ်ကျိုးစီးပွားအတွက်သာ ဦးတည်သည့် လူမှုရေးစနစ်များကို တည်ဆောက်ပေးစေပါသည်။ ကိုယ်ကျင့်သိက္ခာဆိုင်ရာ စံနှုန်းများကို အထူးလေးစားလိုက်နာသည့် နိုင်ငံသားများ (သိသာထင်ရှားသော ငွေကြေးရန်ပုံငွေ၊ အဆက်အသွယ်များနှင့် အခွင့်သာမှုများမရရှိသည့်အပြင် အခြားသူများအား လွှမ်းမိုးနိုင်သော လက်နက် သို့မဟုတ် အာဏာဖြင့် ပုဂ္ဂိုလ်ရေးတွန်းအားပေးနိုင်သူများဖြစ်သည့် Hard Power မရှိသော နိုင်ငံသားများ) သည် အဆိုပါစနစ်များကြောင့် ကိုယ်စားပြုမှု၊ ဩဇာလွှမ်းမိုးမှုနှင့် စွမ်းအားများ ဆုံးရှုံးလာပါသည်။

အပြစ်ဒဏ်ကင်းလွတ်ခွင့်နှင့်တစ်စိတ်တစ်ပိုင်း တရားမျှတမှု

၂၅။ အဂတိလိုက်စားမှုသည် တရားစီရင်မှုစနစ်ကို တိတ်တဆိတ် ဝင်ရောက်နှောင့်ယှက်သည့်အခါ ပြည်သူများအနေဖြင့် ဥပဒေအကျိုးဆောင်များနှင့် တရားသူကြီးများအပေါ် ၎င်းတို့၏အလုပ်ကို လုပ်ဆောင်ရန် မည်သို့မျှအားထား၍ မရနိုင်တော့ပါ။ ဩဇာအာဏာရှိသူသည် လွတ်မြောက်အောင် ရှောင်မည်ဖြစ်ပါသည်။ နိုင်ငံသားများ အထူးသဖြင့် အရင်းအမြစ်

နည်းပါးသူများနှင့် အာဏာရှိသည့်မိတ်ဆွေနည်းပါးသူ လူတန်းစားများအတွက် မတရားစွပ်စွဲခံရခြင်း၊ ထိုက်သင့်သော လုပ်ငန်းကိုမှ ပိတ်ပင်ခံရခြင်းနှင့် မှားယွင်းပြစ်ဒဏ်ချခံရခြင်းများ ဖြစ်လာနိုင်သည်။ တရားစီရင်ရေးကဏ္ဍတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးလုပ်ငန်းများအတွက် အချက်အလက်များကို UNODC ၏ ကမ္ဘာလုံးဆိုင်ရာတရားစီရင်ရေးကဏ္ဍ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး အစီအစဉ်တွင် ရှာဖွေနိုင်ပါသည် (/ji/en/resdb/)။

လူအများ၏အကျိုး ရည်မျှော်သော်လည်း အမြင်ကျဉ်းသည့်ဝါဒ တိုးပွားလာခြင်း

၂၆။ အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့၏ ၂၀၁၇ ခုနှစ် အစီရင်ခံစာ (https://www.transparency.org/news/feature/corruption_and_inequality_how_populists_mislead_people) နှင့် ပညာရပ်ဆိုင်ရာ စာတမ်းများအရ အဂတိလိုက်စားမှုသည် တိုးပွားလာသည့် အာဏာရှင်စနစ်ကို တစ်ဖက်တစ်လမ်းမှ အားကောင်းလာစေပါသည် (https://globalanticorruptionblog.com/2017/10/06/the-link-between-corruption-and-the-global-surge-of-%20populism/ နှင့် https://knowledgehub.transparency.org/assets/uploads/helpdesk/populism-and-corruption-2019-final.pdf တို့ကို ကြည့်ပါ။) အတိုချုပ်တင်ပြရလျှင် အဂတိလိုက်စားမှုသည် မည်မျှမှုကို တိုးပွားစေပြီး တာဝန်ယူ/တာဝန်ခံမှုနှင့် နိုင်ငံရေးတုံ့ပြန်မှုကို ယုတ်လျော့စေရာ ကိုင်တွယ်ရခက်ခဲပြီး အမြင်ကျဉ်းမြောင်းသည့် နည်းစနစ်များသည် ဖိနှိပ်ခံရခြင်းနှင့် လစ်ဘရယ်ဗျူဟာများအား ပိုမိုလက်ခံလိုသည့် ပြည်သူများအား စိတ်ပျက်အားလျော့စေခြင်း၊ ခက်ခဲစေခြင်းများကို ဖြစ်ပေါ်စေပါသည်။ အဆိုပါ နည်းစနစ်များသည် လူနည်းစုများနှင့် ရွှေ့ပြောင်းသွားလာသူများအပေါ် စီးပွားရေးမလုံခြုံမှုနှင့် နိုင်ငံရေးကျဆင်းမှုအပြစ်ကို သိအိုရီအရ မြန်ဆန်စွာနှင့် တိကျစွာကိုင်တွယ်ရမည်ဟူသော စီးပွားရေးနှင့် နိုင်ငံရေးပညာတတ်လူတန်းစားများအပေါ် အပြစ်ဖို့လာကြပါသည်။ ထိုအခြေအနေတွင် တရားဥပဒေစိုးမိုးရေးနှင့် လစ်ဘရယ်၏တန်ဖိုးဖြစ်သော သည်းခံခွင့်လွှတ်မှုနှင့် လူသားဂုဏ်သိက္ခာများကို ကောင်းမွန်သည့် အပြောင်းအလဲပြုလုပ်ရန် လိုအပ်မှုအတွက် အဟန့်အတားများဖြစ်စေပါသည်။ (E4J ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (၁)၊ အခန်း (၂) (http://www.unodc.org/e4j/en/integrity-ethics/module-2/key-issues.html) တွင် ကြည့်ပါ။)

အုပ်စုဖွဲ့ပြစ်မှုကျူးလွန်ခြင်းနှင့် အကြမ်းဖက်မှု

၂၇။ လက်ဆောင်များ၊ မျက်နှာသာပေးခြင်းနှင့် အခြားအကျိုးခံစားခွင့်များ အပါအဝင် လာဘ်ပေးလာဘ်ယူမှုများမှတစ်ဆင့် တရားရေးအရာရှိများ နိုင်ငံရေးသမားများက အဂတိလိုက်စားမှုကျူးလွန်ခြင်းနှင့် ငွေကြေးခဝါချနိုင်ခြင်း၊ ငွေကြေးဖုံးကွယ်နိုင်ခြင်းကြောင့် လူ့အဖွဲ့အစည်းအတွင်း ကြောက်မက်ဖွယ်ကောင်းသော ပြစ်မှုများသည် ဆက်လက်ရှင်သန်နေမည် ဖြစ်ပါသည်။ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးမှောင်ခိုမှု၊ ပြည့်တန်ဆာမှု၊ လိင်ကျွန်ပြုမှု၊ ပြန်ပေးဆွဲမှုနှင့် ခြိမ်းခြောက်မှုအဆင့်များသည်လည်း မြင့်မားလာမည် ဖြစ်ပါသည်။ အုပ်စုဖွဲ့အကြမ်းဖက်မှုများသည် အဂတိလိုက်စားမှုများကို ဖြစ်ပေါ်စေသည်သာမက အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို ပေါ့ဆသော သို့မဟုတ် မစွမ်းဆောင်နိုင်သော အားနည်းသည့် နိုင်ငံများတွင် အုပ်စုဖွဲ့ပြစ်မှုကျူးလွန်မှုများအတွက် လမ်းဖွင့်ပေးရာ ရောက်ပါသည်။ အုပ်စုဖွဲ့ပြစ်မှုကျူးလွန်မှုများအကြောင်း ထပ်မံဆွေးနွေးမှုကို E4J အုပ်စုဖွဲ့ပြစ်မှုကျူးလွန်မှုများဆိုင်ရာ တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (/e4j/en/organized-crime/module-4/index.html) တွင် ကြည့်ပါ။

နိုင်ငံတော်၏ စွမ်းဆောင်မှုကျဆင်းခြင်း

၂၈။ နိုင်ငံသားများအနေဖြင့် အထက်ဖော်ပြပါပြဿနာများကို စိုးရိမ်တကြီးဖြေရှင်းရန် တောင်းဆိုစေကာမူ အဂတိလိုက်စားမှုသည် နိုင်ငံရေးဩဇာအာဏာကို ကျဆင်းစေပါသည်။ ဥပမာအနေဖြင့် လာဘ်ပေးလာဘ်ယူမှု၊ အာဏာကို အရောင်းအဝယ်ပြုလုပ်မှုနှင့် နိုင်ငံအဆင့် အဂတိလိုက်စားမှုများ ကျယ်ပြန့်စွာ ရှိနေပါက နိုင်ငံရေးစနစ်သည် လူမှုရေးပြဿနာများကို ကိုင်တွယ်ရန် မစွမ်းဆောင်နိုင်ဘဲ ချမှတ်သော ဆုံးဖြတ်ချက်များက နိုင်ငံသားများ၏ အကျိုးစီးပွားအပေါ် ခြိမ်းခြောက်လာမည်ဖြစ်ပါသည်။ သဘာဝအားဖြင့် အတွင်းမှနေသည့် အာဏာရှိသူများက ယင်းကို အသိအမှတ်မပြုခဲ့ပါ။ သပ်လျှိုသည့် ပြဿနာများ၊ နိုင်ငံရေးပါတီများ ပြင်ဆင်ဖွဲ့စည်းရခြင်း၊ အကျင့်သိက္ခာမဲ့သူများ ပေါ်ပေါက်ခြင်းနှင့် ဖွဲ့စည်းခြင်းဆိုင်ရာ ကိစ္စရပ်များမှ သွေဖည်ခြင်းကဲ့သို့သော ကြီးထွားလာသော ပြင်ပပြဿနာများကြောင့် အစိုးရ၏ စွမ်းဆောင်ရည် မရှိမှုအပေါ် အာရုံလွှဲခြင်း၊ လမ်းကြောင်းလွဲမှားစေခြင်းကို နည်းများစွာဖြင့် မြင်သာစေပါသည်။ နိုင်ငံအဆင့် အဂတိလိုက်စားမှုအနေအထားများတွင် နိုင်ငံရေးလှည့်ကွက်များသည် မြင့်မားသော ဗျူဟာကျကျ ဖက်ရှင်ပုံစံဖြစ်ပွားလေ့ရှိပါသည်။ စနစ်ပြုပြင်ပြောင်းလဲမှုများကို ပျက်ပြားစေရန် ပြဿနာများကို အချင်းချင်းအကြား ကစားရန် ပြုလုပ်နိုင်လာ

ပါသည်။ ဒယ်လာပေါ်တာ (Della Porta) နှင့် ဗန်နူးချီ (Vannucci) တို့၏ ၂၀၀၅ ခုနှစ်တွင် တင်ပြခဲ့သည့် အယူအဆအရ အဂတိလိုက်စားမှုများသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း လုပ်ဆောင်သူများကို ညှိနှိုင်းစေခြင်း၊ နိုင်ငံရေးယဉ်ကျေးမှုကို ပြောင်းလဲစေခြင်းဖြင့် အဓိပ္ပါယ်ရှိပြီး အများအကျိုးအတွက် ပြုပြင်ပြောင်းလဲမှုများအား အရေးပါစွာ မစဉ်းစားနိုင်အောင် ဖြစ်စေပါသည်။

သဘောထားကွဲလွဲမှု တိုးပွားလာခြင်းနှင့် ဆူပူအုံကြွမှုများ

၂၉။ အဂတိလိုက်စားမှုသည် နိုင်ငံအဆင့်အဂတိလိုက်စားမှုတွင် စံကဲ့သို့ ဖြစ်နေမည်ဆိုပါက နိုင်ငံသားများအတွင်း သဘောထားကွဲလွဲမှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ လာဘ်ပေးလာဘ်ယူမှု၊ ညှိနှိုင်းမှုစသည်တို့ကြောင့် အဂတိလိုက်စားသော အုပ်ချုပ်မှုစနစ်ကို ထောက်ခံသော အုပ်စုနှင့် ကန့်ကွက်သော အုပ်စုဟူ၍ အုပ်စု (၂) စု ဖြစ်လာနိုင်ပါသည်။ လူ့အဖွဲ့အစည်းများအတွင်းတွင် လုံးဝဆန့်ကျင်သော အတိုက်အခံအဖွဲ့များရှိနေခြင်းသည် အကျိုးသင့် အကြောင်းသင့် ညှိနှိုင်းဆွေးနွေးမှုများကို အားနည်းစေပါသည်။ မူဝါဒသည် ဆင်ခြင်တုံတရားနှင့် စီမံကိန်းများ၏ အကျိုးကို အခြေခံပြီး ဆုံးဖြတ်ပေးခြင်းမဟုတ်ဘဲ မူဝါဒထောက်ခံပေးသူများက မည်သူဖြစ်ခြင်းနှင့် ပြိုင်ဘက်ကွန်ယက်များက မည်မျှအကျိုးခံစားခွင့် ထုတ်ယူရရှိနိုင်မည်ဖြစ်ခြင်းတို့အပေါ် ဆုံးဖြတ်ပေးလာကြပါသည်။

ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝမျိုးကွဲများ ပျက်စီးမှု

၃၀။ အဂတိလိုက်စားမှုသည် ရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေး တက်ကြွလှုပ်ရှားမှုများနှင့် ဘဏ္ဍာငွေများကို လမ်းမှားသို့ ရောက်စေပြီး သစ်တောများ ထိန်းသိမ်းရေး၊ သစ်တောများ စဉ်ဆက်မပြတ် စီမံခန့်ခွဲရေး အစီအစဉ်များကို ရှုံးနိမ့်စေခြင်းနှင့် တောရိုင်းတိရိစ္ဆာန်များနှင့် ရေလုပ်ငန်းဆိုင်ရာ ပြစ်မှုများ ပိုမိုတိုးပွားလာစေခြင်းတို့ ဖြစ်ပေါ်စေပါသည်။ အထက်ဖော်ပြပါ အချက်များနှင့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်အပေါ် အဂတိလိုက်စားမှု၏ ဆန့်ကျင်သက်ရောက်မှုများသည် များစွာထိခိုက်ကြောင်း ၂၀၁၁ ခုနှစ် TI အစီရင်ခံစာ (https://www.transparency.org/whatwedo/publication/global_corruption_report_climate_change) တွင်လည်းကောင်း၊ ထပ်မံထုတ်ပြန်မှုများ (https://www.transparency.org/search?topic=94) တွင်လည်းကောင်း အသေးစိတ်ဖော်ပြထားပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ရာသီဥတုပြောင်းလဲမှုများ လျော့ချရန် ဥပဒေပြုရေးကို ငွေကြေးအကျိုးစီးပွားများဖြင့် ထောက်ခံသော အကျိုးစီးပွားကဏ္ဍများ၏ ဥပဒေပြုရေး ကြိုးပမ်းမှုများ

ကြောင့် နိုင်ငံအဆင့်အဂတိလိုက်စားမှုလမ်းမှားရောက်စေသည်ကို နာအိုမီကလိန်း (Naomi Klein) (2014) ၏ This Changes Everything စာအုပ် (https://thischangeseverything.org/) တွင် ကျယ်ကျယ်ပြန့်ပြန့် တွေ့ရှိနိုင်ပါသည်။ ကမ္ဘာ့နိုင်ငံများ (ရွေးကောက်ခံနှင့် ရွေးကောက်ခံခြင်းမဟုတ်) အပေါ် ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများနှင့် ယာဉ်ထုတ်လုပ်သည့်လုပ်ငန်းများ၏ လွှမ်းမိုးမှုရှိသော အနေအထားတွင် သူမ၏ ခွဲခြမ်းစိတ်ဖြာလေ့လာမှုကို အသုံးပြုကြပါသည်။ ငါးလုပ်ငန်းကဏ္ဍတွင် အဂတိလိုက်စားမှုများ၏ အန္တရာယ်ရှိသော ဆိုးကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ Rotten Fish စာတမ်း (UNODC, 2019) (/documents/Rotten_Fish.pdf) တွင် အသေးစိတ်ဆွေးနွေးထားပါသည်။ ပီရူးနိုင်ငံတွင် အဂတိလိုက်စားမှုက သစ်များ တရားမဝင်ခုတ်လှဲမှု ရာဇဝတ်ကွန်ယက်များကို မည်သို့လုပ်ဆောင်ပေးနိုင်ကြောင်းနှင့်ပတ်သက်၍ Authorizded to Steal အစီရင်ခံစာ (CIEL, 2019) (https://www.ciel.org/reports/authorized-to-steal/) တွင် ထုတ်ဖော်ထားပါသည်။

လူ့အခွင့်အရေးချိုးဖောက်မှုများ

၃၁။ လေ့လာမှုများအရ အဂတိလိုက်စားသည့်အုပ်ချုပ်သူများက ဩဇာအာဏာ စုစည်းမှုအတွက် ပြည်သူများ၏လွတ်လပ်ခွင့်များသည် အခက်အခဲဖြစ်စေသည်ဟု ရှုမြင်ကြပါသည်။ (၁၈) ရာစုအတွင်း စုစည်းထားသော အဂတိလိုက်စားမှုနှင့် သက်ဦးစံပိုင်စနစ်ဆိုင်ရာ စာတမ်းများကို Cato's Letters တွင်လည်း တွေ့နိုင်ပါသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (United Nations Office of the High Commission for Human Rights – UNOHCHR) ကလည်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အဂတိလိုက်စားမှုများ၏ ထင်ရှားသော ဆက်နွယ်မှုများကို တင်ပြခဲ့ပါသည် (https://www.ohchr.org/EN/Issues/CorruptionAndHR/Pages/CorruptionAndHRIndex.aspx)။ အဂတိလိုက်စားမှုနှင့်ပတ်သက်၍ တင်ပြသူများနှင့် ဆန့်ကျင်သူများသည် လုပ်ကြံသတ်ဖြတ်မှုများ၊ အမျိုးမျိုးသော လူ့အခွင့်အရေးချိုးဖောက်မှုများကို လက်ခံပြီး အဆုံးသတ်သွားရသော်လည်း အဂတိလိုက်စားမှုကိုယ်တိုင်သည်ပင်လျှင် လူမှုစီးပွားအခွင့်အရေးများ အပါအဝင် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများချိုးဖောက်မှုများနှင့် အဆိုပါအခွင့်အရေးများကို အာမခံရန် လိုအပ်သော ပြဋ္ဌာန်းချက်လုပ်ဆောင်ရန် နိုင်ငံတော်စွမ်းဆောင်ရည်ကို လျော့ကျစေပါသည်။ OHCHR က အဂတိလိုက်စားမှုကို "လူ့အခွင့်အရေး ခံစားမှုအတွက် ဖွဲ့စည်းမှုဆိုင်ရာ အဟန့်အတား" ဟု သတ်မှတ်ထားပြီး အဆိုပါနယ်ပယ်နှစ်ခု၏ အချင်းချင်းဆက်စပ်နေသည့် ကိစ္စရပ်များကို အသေးစိတ်ဖော်ပြခဲ့ပါသည်။

လက်နက်ကိုင်ပဋိပက္ခနှင့် ရက်စက်ကြမ်းကြုတ်သော ပြစ်မှုများ

၃၂။ အဂတိလိုက်စားမှုကြောင့် ပျောက်ကွယ်သွားသော နိုင်ငံ၏စွမ်းဆောင်ရည်နှင့် ဖွံ့ဖြိုးတိုးတက်မှုများက မတည်ငြိမ်မှုနှင့် လက်နက်ကိုင်ပဋိပက္ခများသို့ ဦးတည်စေပါသည် (World Bank, 2011; World Bank, 2017)။ ၎င်းတို့သည် အဂတိလိုက်စားမှုကို မတည်ငြိမ်မှုဖြစ်စေသည့် အဓိကအကြောင်းအချက်ဟု အသိအမှတ်ပြုပြီး၊ ပဋိပက္ခဖြစ်မှုကို အဓိကမောင်းနှင်သူဖြစ်သည်ဟု သတ်မှတ်ပါသည်။ လူမျိုးတုံးသတ်ဖြတ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် လူသားနှင့်ဆန့်ကျင်သည့် ပြစ်မှုများအပါအဝင် ရက်စက်ကြမ်းကြုတ်မှုများနှင့် အဂတိလိုက်စားမှုအကြား ချိတ်ဆက်မှုကို သက်သေပြရန် ခက်ခဲသော်လည်း ပြောင်းလဲလာသော တရားစီရင်မှုယန္တရားများအရ အဂတိလိုက်စားမှုသည် လက်နက်ကိုင်ပဋိပက္ခများနှင့် ရက်စက်ကြမ်းကြုတ်သော ပြစ်မှုများကို ဖြစ်ပေါ်စေသည့် အခြေခံအကြောင်းရင်းဖြစ်ကြောင်း ထုတ်ဖော်ကြပါသည်။ ဥပမာအားဖြင့် Sierra Leone Truth and Reconciliation Commission ၏ အစီရင်ခံစာ (2004, chap.2, para. 13) (http://www.sierraleonetrc.org/index.php/view-the-final-report/table-of-contents) နှင့် Liberian Truth and Reconciliation Commission ၏ အစီရင်ခံစာ (2009, vol. ll, pp. 16–17) (https://web.archive.org/web/20170515044651/http:/trcofliberia.org:80/reports/final-report) တို့ကို ကြည့်ပါ။ အာရပ်နွေဦးလှုပ်ရှားမှုအပြီး လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တရားမျှတမှုယန္တရားမစတင်မီအချိန်ကတည်းကပင် တူနီးရှားနိုင်ငံတွင် အဂတိလိုက်စားမှုကို ပဋိပက္ခများ၏ အခြေခံအကြောင်းအရင်းအဖြစ် အသိအမှတ်ပြုခဲ့ပါသည်။ ထို့အပြင် တူနီးရှား၏လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တရားမျှတမှုဆိုင်ရာဥပဒေ (Tunisia's Law on Transitional Justice) (https://www.ohchr.org/Documents/Countries/TN/TransitionalJusticeTunisia.pdf) (2013) နှင့် ယင်းဥပဒေအရ ဖွဲ့စည်းထားသော အမှန်တရားနှင့် ဂုဏ်သိက္ခာရေးရာကော်မရှင် (The Truth and Dignity Commission) က လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အဂတိလိုက်စားမှုများ ပေါက်ဖွားရှင်သန်လာမှုများကို တာဝန်ယူကိုင်တွယ်ဖြေရှင်းရန်နှင့် ယင်းပြစ်မှုများနှင့် ချိတ်ဆက်နေသည့် အဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲရန် ရည်ရွယ်ပါသည်။ အခြားသော ဥပမာတစ်ခုအနေဖြင့် မက္ကဆီကိုနိုင်ငံ ပွင့်လင်းမြင်သာသည့် လူ့အဖွဲ့အစည်းနှင့် တရားမျှတမှု တက်ကြွလှုပ်ရှားသူများအဖွဲ့ (The Open Society Justice Initiative) ၏ ၂၀၁၈ ခုနှစ် အစီရင်ခံစာ (https://www.opensocietyfoundations.org/

sites/default/files/corruption-that-kills-en-20180502.pdf) တွင် လူသားနှင့် ဆန့်ကျင်သည့် ပြစ်မှုများနှင့် အဂတိလိုက်စားမှုကို ချိတ်ဆက်ထားသော သက်သေသက္ကာယများ ပါဝင်ပါသည်။

အများပြည်သူ စိတ်အနှောက်အယှက်ဖြစ်စေခြင်းနှင့် အဆိုးမြင်စေခြင်း

၃၃။ ပြည်သူများသည် အဂတိလိုက်စားမှုများ ပျံနှံ့နေပြီး အဂတိလိုက်စားမှုကျူးလွန်သူများသည် တာဝန်ယူ/တာဝန်ခံမှုမရှိဟု ခံစားလာရသည့်အတွက် အစိုးရအဖွဲ့အစည်းများနှင့် ဦးဆောင်သူများအပေါ် ယုံကြည်မှု ကင်းမဲ့လာသကဲ့သို့ လူမှုစနစ်များ၊ လူ့အဖွဲ့အစည်းရှိ ကျင့်ဝတ်သိက္ခာတန်ဖိုးထားမှုများကိုပါ ယုံကြည်ရန် ခက်ခဲလာကြပါသည်။ နိုင်ငံရေးလောကတွင် တာဝန်ယူ/တာဝန်ခံမှု ကျဆင်းလာသည့်အခါတွင် ယင်းယူဆချက်များက ရှည်ကြာသော ကာလများအတွင်း ခိုင်မြဲလာပြီး နိုင်ငံရေးတွင် တက်ကြွစွာ ပါဝင်လာမှုကိုပါ လျော့နည်းလာစေပါသည်။ ထို့အပြင် အများပြည်သူများ၊ စိတ်အနှောင့်အယှက်ဖြစ်စေခြင်းနှင့် အဂတိလိုက်စားမှုများပျံနှံ့နေသည် ဆိုသည့် ခံစားချက်များသည် ပြည်သူများအား အဂတိလိုက်စားမှုများတွင် ပိုမိုပါဝင်လာစေရန် လမ်းခင်းပေးသည်ဟု Taxi Driver Paradox (https://globalanticorruptionblog.com/2018/06/20/guest-post-the-taxi-driver-paradox-or-how-descriptive-social-norms-shape-corrupt-behavior/) တွင် ဖော်ပြထားပါသည်။ လူအများစုသည် လူတိုင်းပြုလုပ်သည့်အရာကို မိမိလည်း လုပ်နိုင်သည်ဟု တွေးခေါ်လာသဖြင့် လူမှုရေးစံများသည် ပြည်သူများအား အဂတိလိုက်စားသည့် အပြုအမူများ ပြုလုပ်ရန် အားပေးနိုင်သကဲ့သို့ ဖြစ်နေပါသည် (Kobis, 2018)။ ပြည်သူများ၏ မျှော်လင့်ချက်ဖြစ်သော အဂတိလိုက်စားမှုကို လုံးဝသည်းခံခွင့်လွှတ်ခြင်းမရှိရေး မျှော်လင့်ချက်ကို ရရှိရန် မဖြစ်နိုင်ပါက နိုင်ငံ့အဖွဲ့အစည်းများ၏ ဥပဒေအရ တရားဝင်ခိုင်မာမှုအပေါ် ဆိုးကျိုးသက်ရောက်စေပြီး ပြည်သူလူထုနှင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် နိုင်ငံကြီးသားမဝိသသော အပြုအမူများနှင့် ရေသာခို အချောင်လိုက်သော အပြုအမူများအပေါ် သည်းခံခွင့်လွှတ်မှု ဖြစ်ပေါ်လာစေပါသည်။

၃၄။ ဖော်ပြပါအဂတိလိုက်စားမှု၏ အကျိုးသက်ရောက်မှုများကို အမျိုးအစား ခွဲမည်ဆိုပါက စီးပွားရေး၊ နိုင်ငံရေး၊ ကိုယ်ကျင့်တရားနှင့် စိတ်ပိုင်းဆိုင်ရာ လူသားဆန်မှု၊ ဇီဝမျိုးကွဲများနှင့် လုံခြုံရေး စသည့်ကဏ္ဍများ ဖြစ်ပါသည်။ အဂတိလိုက်စားမှုအကြောင်းကို ပိုမိုနားလည်စေရန် ဆက်လက်၍ အဂတိလိုက်စားမှု၏ ပိုမိုနက်ရှိုင်းသော အဓိပ္ပါယ်များကို ဆွေးနွေးသွားပါမည်။

အဂတိလိုက်စားမှု၏ ပိုမိုနက်ရှိုင်းသော အနက်အဓိပ္ပါယ်များ

၃၅။ အဂတိလိုက်စားမှုအပေါ် အမျိုးမျိုးသော နားလည်သဘောပေါက်မှုများကို စာရင်းကောက်ယူခြင်းဖြင့် မိမိတို့အနေဖြင့် အဂတိလိုက်စားမှုဖြစ်စဉ်များအား ပိုမိုသဘောပေါက်နားလည်စေရန်နှင့် တစ်ပေါင်းတစ်စည်းတည်းသော အသိကို ဖန်တီးနိုင်မည်ဖြစ်သည်။ အသုံးဝင်မည့် အဂတိလိုက်စားမှု၊ အဂတိလိုက်စားမှုအပေါ် နားလည်သဘောပေါက်မှုအချို့ကို ဆက်လက်ဆွေးနွေးတင်ပြသွားပါမည်။

ကိုယ်ကျင့်တရားနှင့် ပြည်သူ့နီတိ

၃၆။ အဂတိလိုက်စားမှုကို နားလည်နိုင်သော အခြေခံနည်းမှာ စာရိတ္တလက္ခဏာ သို့မဟုတ် ဥဉ်ဆိုးကို နားလည်ခြင်းဖြစ်သည်။ အခြေခံအားဖြင့် အဂတိလိုက်စားမှုဟူသည် ထင်ရှားသော ဝိသေသစရိုက်လက္ခဏာတစ်ခုအဖြစ် နားလည်လက်ခံကြပါသည်။ လောဘရှိခြင်း၊ သစ္စာတရားမရှိခြင်း၊ လောင်းကစားမှုပြုလုပ်ခြင်း၊ မနာလိုဝန်တိုခြင်းနှင့် စိတ်အလိုလိုက်ခြင်းတို့သည် အဂတိလိုက်စားမှု၏ အကျင့်စရိုက်လက္ခဏာများပင်ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်ရေးအကျင့်ဆိုးများသည် အများပြည်သူဆိုင်ရာရုံးများတွင် အသက်မွေးဝမ်းကျောင်း လုပ်ဆောင်ကြသူများအား ထိခိုက်နစ်နာမှု ဖြစ်စေပါသည်။ လူမှုအဖွဲ့အစည်း သို့မဟုတ် လူမှုဖွဲ့စည်းပုံစနစ်များကို လွှမ်းမိုးသော ပျက်စီးစေသည့် အကျိုးဆက်များဖြစ်သည့်အခါ အကျင့်ဆိုးများသည် ကျယ်ပြန့်သော ပြည်သူနှင့်နိုင်ငံရေး ဆီလျော်မှုများကို ရစေသည် (Miller ၏ ၂၀၀၄ ခုနှစ် သုံးသပ်ချက်အစီရင်ခံစာတွင် ကြည့်ပါ)။ ပလေတို၏ Republic (381 BC)တွင် ဂရိအတွေးအခေါ်ပညာရှင် ဆိုကရေးတီး(Socrates)နှင့် ၎င်း၏ဆွေးနွေးဖက်ဖြစ်သူ အက်ဒီမန်းတက် (Adeimantus) တို့၏ အောက်ပါဆွေးနွေးမှုများအရ သိနိုင်ပါသည်–

ဆိုကရေးတီး – ချမ်းသာကြွယ်ဝမှုနှင့် ချမ်းသာကြွယ်ဝသူကိုသာ အလေးထားဂုဏ်ပြုလာတဲ့အခါ ကောင်းမြတ်ခြင်းနှင့် လူတော်လူကောင်းတွေကို လေးစားဂုဏ်ပြုမှု လျော့ကျလာတယ်။

အက်ဒီမန်းတက် – အမှန်ပါပဲ။

ဆိုကရေးတီး – တန်ဖိုးထားခြင်းခံရတာတွေကို လိုက်လုပ်ကြပြီး တန်ဖိုးထားမှုမရှိတာတွေကိုတော့ လျစ်လျူရှုလာကြပါတယ်။

၃၇။ ယနေ့ခေတ်ကာလတွင် ဓနရှင်ဝါဒီကြီးစိုးမှုနှင့် နိုင်ငံတော်သယံဇာတများကို ခိုးယူသော အစိုးရတစ်ကိုယ်ကောင်းဝါဒကြီးစိုးမှုကို ပူပန်လာရသည့်အခါ ရှေးဟောင်းဂရိလူမျိုးများက လူနည်းစုကောင်းစားရေး စနစ်ကို ငွေရရှိရေး ရည်ရွယ်ချက်ဖြင့် လုပ်ပိုင်ခွင့်အာဏာကို 'လူနည်းစုက အုပ်စိုးသော စနစ်' ဟု ရည်ညွှန်းသည့် 'Oligarchy' ဟူသော စကားလုံးကို အသုံးပြုလာကြပါသည် (Kuhner, 2016, p. 2464)။ ဤဝေါဟာရ၏ နောက်ကွယ်ရှိ အဓိပ္ပါယ်မှာ မျှတသော နိုင်ငံရေးကျင့်စဉ်များမှ မမျှတသော၊ မဖြူစင်သော အသွင်သို့ ပြောင်းလဲသွားခြင်းများကို ဆိုလိုပါသည်။

၃၈။ အဂတိလိုက်စားမှုဆိုသည့် အသုံးအနှုန်းကို သာမန်အားဖြင့် ဘာသာပြန်ဆိုထားသည့် ဂရိစကားလုံးများကို စစ်တမ်းကောက်ယူသည့်အခါ အာလင်းဆက်ဇွန်ဟောက်စ် (Arlene Saxonhouse)(2004, p. 31)က ဖြောင့်မတ်တည်ကြည်မှုအချို့ ဆုံးရှုံးခြင်း၊ အသွင်ပြောင်းလဲခြင်းဟု ဆိုလိုပြီး ယင်းဆုံးရှုံးမှုနှင့်ပတ်သက်သည့် ပြောင်းလဲမှုလုပ်ငန်းစဉ်ကို တင်ပြထားပါသည်။ အဂတိလိုက်စားမှုသည် တစ်စုံတစ်ရာကို အခြေအနေဆိုးဝါးပျက်စီးစေပြီး အခြားအရာတစ်ခုဖြင့် အစားထိုးလိုက်ခြင်းဖြစ်သော်လည်း ယင်းလုပ်ငန်းစဉ်ကို အနုတ်လက္ခဏာဖြစ်သည် သို့မဟုတ် မလိုလားအပ်ခြင်းမျိုးဖြစ်ရန်မလိုဟု ဓမ္မဓိဋ္ဌာန်ကျကျခံယူနိုင်ပါသည်။ ဆိုကရေးတီး၏ ဆင်ခြင်သုံးသပ်မှုသည် ယုတ္တိတန်မှုနှင့် တန်ဖိုးအပေါ် ခိုင်မာစွာ ယုံကြည်သော်လည်း အေသင်လူငယ်များကို အကျင့်ပျက်စေသည်ဟု အစွပ်စွဲခံရပါသည်။ ၎င်း၏ သွန်သင်ဆုံးမမှုများသည် တပည့်များ၏ အကျင့်ကောင်းမှုများအပေါ် တိုက်ခိုက်မှုများဖြစ်နေကြောင်း တွေ့ရှိရသည့်အခါ ပုဂ္ဂလဓိဋ္ဌာန်ကျသော သီးခြားအယူအဆသဘောထားတစ်ခုကို မှန်သည်ဟု မှတ်ယူရန် ဖြစ်လာပါသည်။ ဆက်ဇွန်ဟောက်စ်၏ (2004, p. 35) မှတ်သားချက်တွင် အေသင်သားများအနေဖြင့် ကိုယ်ကျင့်သီလဆိုသည့်အရာကို မိမိ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကို သစ္စာရှိစွာ လေးစားလိုက်နာခြင်းဟု နားလည်ခဲ့သည်ဟု ဖော်ပြခဲ့ပါသည်။ ဆိုကရေးတီးအနေဖြင့် အဆိုပါကိုယ်ကျင့်သီလနှင့်ပတ်သက်သော မူကို ဆန့်ကျင်ကြောင်း ဝန်ခံခဲ့ပြီး လူတို့၏စိတ်ကသာ ခန္ဓာကိုယ်ချမ်းသာခြင်း ဂုဏ်သတင်းကျော်စောခြင်းတို့ထက် အရေးကြီးကြောင်း သင်ပြခဲ့ပါသည်။ ဆိုကရေးတီး၏ သာဓကအရ အဂတိလိုက်စားမှုသည် အခြေအနေနှင့် အချိန်အခါကို လိုက်၍ ညှိနှိုင်းအဖြေရှာနိုင်ပါသည်။ မဟတ္တမဂန္ဓီကိုယ်တိုင် ၎င်း၏ နိုင်ငံသားများအား ဗြိတိသျှနယ်ချဲ့စနစ်ကို ဆန့်ကျင်စေခြင်းသည် အကျင့်ပျက်ခြင်းလော။ ယင်းဆန်းစစ်လေ့လာချက်သည် အမှားတစ်ခုကို လျော့ပါးသွားရန် ပြောင်းလဲလိုက်

သော လူ့တန်ဖိုးနှင့် လူမှုစနစ်သည် စတင်ရန် မှန်/မမှန်၊ အကယ်၍ မှားနေပါက ၎င်းတို့အား စိန်ခေါ်မည့် ပြတ်သားသော ငြင်းချက်သည် သေချာပေါက်ရှိမည်ဟု ချိတ်ဆက်တင်ပြခဲ့သည်။ ယင်းသည် နိုင်ငံသားများ၏ ဥပဒေလေးစားလိုက်နာမှု မရှိခြင်း ကိစ္စများနှင့် ဆင်တူယိုးမှား ဖြစ်စေပါသည်။

၃၉။ အခြားအထောက်အထားတစ်ခုအနေဖြင့် (၁၉) ရာစုခန့်က အမေရိကန်တစ်ဦးဖြစ်သည့် ဟင်နရီဒေးဗစ်သရိုး (Henary David Tharo)၏ ပြည်သူများ၏ ဥပဒေဖောက်ဖျက်မှု အကြောင်းထင်ရှားသည့်ဆောင်းပါးကို တွေ့နိုင်ပါသည်။ သရိုးအနေဖြင့် မက္ကဆီကို-အမေရိကန် စစ်အတွင်း အမေရိကန်အစိုးရအား အခွန်ငွေများကို ထမ်းဆောင်ရန် ပျက်ကွက်ခဲ့သဖြင့် ထောင်ကျခြင်းဖြစ်သည်။ အမှန်မှာ ၎င်းအခွန်ငွေပေးဆောင်သည့် ဒေါ်လာများသည် အမေရိကန် အစိုးရ၏ ကျွန်စနစ်ကို တိုးချဲ့ရန် လှုပ်ရှားမှုအား ပံ့ပိုးပေးသည့်ဘက်သို့ ရောက်သွားနိုင်သည်ဟု (မှန်သည်ဟုလည်း မြင်နိုင်သည့်) ယုံကြည်ခြင်းကြောင့်ဖြစ်ပါသည်။ ဥပဒေချိုးဖောက်ခြင်းသည် ကျင့်ဝတ်ချိုးဖောက်ခြင်းဖြစ်ပြီး သရိုးအနေဖြင့် ဥပဒေအရ လိုအပ်ချက်များအပေါ် ကျော်လွန်ပြီး မိမိ၏ ကိုယ်ပိုင်အသိစိတ်ကို လိုက်နာရန်အတွက် တာဝန်ရှိသည်ဟုခံစားခဲ့သည်။ အမှန်မှာ ဆိုကရေးတီးသုံးသပ်သည့် လူငယ်များ အကျင့်ပျက်မှုကိစ္စတွင်လည်း ချမ်းသာကြွယ်ဝမှု၊ ခန္ဓာကိုယ်၏ လှုံ့ဆော်မှုနှင့် ဂုဏ်သိက္ခာရှိမှုအပေါ် အလေးထားသည်ထက် ဝေဖန်နှိုင်းချိန်တတ်သော၊ ကျွမ်းကျင်သည့် တွေးခေါ်မှုစွမ်းရည်များ ကိန်းအောင်းနေသော ၎င်းတို့၏ ကိုယ်ပိုင်စိတ်ထားကို အလေးပေးခြင်းဖြစ်ပါသည်။

၄၀။ အကျယ်တဝင့် ရှင်းပြရမည်ဆိုလျှင် ရှေးယခင် ယုံကြည်မှုများအရ အဂတိလိုက်စားမှုဆိုသည်မှာ ဖြောင့်မတ်တည်ကြည်မှု မရှိခြင်းနှင့် မှန်ကန်သော ရည်ရွယ်ချက်မှ သွေဖည်ခြင်းဖြစ်ပါသည်။ မက်ခီရာဗဲလီ (Machiavelli) ၏ အဆိုအရ ကိုယ်ကျိုးစီးပွားကို အလေးထားကာ အဂတိလိုက်စားမှုကို ဦးတည်သည့်အခါ ပြည်သူ့နီတိများကို လိုက်နာရန် ပျက်ကွက်သွားပြီး ပြည်သူပိုင်ပစ္စည်းများကို ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုမှုဖြစ်ပေါ်လာပါသည်။ အဓိပ္ပါယ်မှာ ပြည်သူများအကျိုးအပေါ် ပုဂ္ဂလိကအကျိုးအောင်မြင်ခြင်းဖြစ်သည်။ ၂၀ ရာစု နောက်ပိုင်းကာလများတွင် ထင်ရှားကျော်ကြားခဲ့သည့် စာရေးဆရာများဖြစ်သည့် ဘာနတ်ဘေလင်းန် (Bernard Bailyn), ဂေါ်ဒန်ဝုဒ် (Gordon Wood) နှင့် ဂျေအေပို့ခ်ခေါ့ခ် (J.A Pocock) တို့၏ အလိုအရ 'သမ္မတစနစ် ပြန်လည်ထူထောင်ခြင်း' သို့မဟုတ် 'ပြည်သူအဓိကပြု ဝါဒ' စသည့် ကိစ္စရပ်များသည် ပြည်သူ့နီတိတရားများဖြစ်ကြောင်း ဖော်ပြခဲ့ပါသည် (Burtt, 2004,

p.103–107)။ သို့သော်လည်း မကြာမီက သွမ်ဆမ်(Thompson) (1995)နှင့် လပ်စ်ဆင် (Lessig) (2018) တို့က နိုင်ငံရေးနယ်ပယ်တွင် ဖြစ်ပေါ်နေသည့် အဂတိလိုက်စားမှုများကို အဖွဲ့အစည်းဆိုင်ရာအမြင် (Institutionalist view) မှ ထောက်ပြခဲ့ပါသည်။ အဂတိလိုက်စားမှုသည် တစ်ဦးချင်းနယ်ပယ်တွင် ပုဂ္ဂလိကအကျင့်သိက္ခာနှင့် ပညာရှင်များ၏ကျင့်ဝတ်ချိုးဖောက်မှုများဖြင့် ပြဿနာဖြစ်စေနိုင်သော ကိုယ်ကျိုးစီးပွားကို ဖြစ်ပေါ်စေသည့် အချိန်တွင် နိုင်ငံအဆင့်တွင်လည်း အုပ်ချုပ်မှုယန္တရားများကို မူရင်းရည်ရွယ်ချက်မှ လမ်းလွဲကာ ၎င်းတို့ဖြစ်စေချင်သည့် ပုံသဏ္ဌာန်ကို ပုံဖော်ခြင်းဖြင့် အုပ်ချုပ်ရေးယန္တရားတစ်ခုလုံးကို ပျက်စီးစေပါသည်။ ဥပမာအနေဖြင့် ဆီဗာ (Ceva)နှင့် ဖရပ်တီ (Ferretti) တို့၏ ၂၀၁၇ ခုနှစ်တွင် အမေရိကန်ရွေးကောက်ပွဲ ပုဂ္ဂလိကမဲဆွယ်စည်းရုံးရေး အသုံးစရိတ်များအကြောင်း ရေးသားခဲ့သည့် ဆောင်းပါးများတွင် တွေ့ရှိနိုင်ပါသည် (2017, p. 3) –

- အမေရိကန်ပြည်ထောင်စုတွင် ရွေးကောက်ပွဲဝင်ရောက်သူများအနေဖြင့် ငွေကြေးထောက်ပံ့မှုများကို ပုဂ္ဂလိကအရင်းအမြစ်များဖြစ်သည့် သာမန်နိုင်ငံသားများ၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများ၊ ဘာသာရေး သို့မဟုတ် ယဉ်ကျေးမှုအဖွဲ့အစည်းများထံမှ ရယူခွင့်ရှိပါသည်။ သို့ဖြစ်၍ ရွေးကောက်ခံရသည့် နိုင်ငံရေးသမားသည် ၎င်းငွေကြေးအထောက်အပံ့ရယူခဲ့သည့် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုနယ်ပယ်တွင် ငွေကြေးဖိအားပေးမှု လျှော့ချနိုင်သည့် စည်းမျဉ်းစည်းကမ်းအချို့ တင်သွင်းရန် ရှေ့တန်းတင်နိုင်ပါသည်။

၄၁။ အကယ်၍ ရွေးကောက်ခံကိုယ်စားလှယ်များက တရားမဝင်မပြုကျင့်လျှင်ပင် ပုဂ္ဂလိကထောက်ပံ့မှုအလေ့အကျင့်က နိုင်ငံရေးနယ်ပယ်တွင် အဂတိလိုက်စားမှုများကို ဖြစ်ပေါ်စေရန် တွန်းအားဖြစ်စေသည်မှာ ထင်ရှားပါသည်။ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများအတွက် ပုဂ္ဂလိကရန်ပုံငွေ ရယူနိုင်ရန် သတ်မှတ်ပြဋ္ဌာန်းထားသော အလေ့အကျင့်သည် ဒီမိုကရေစီရွေးကောက်ပွဲများအား ငွေကြေးအာဏာ၏ တစ်ဖက်သတ်လွှမ်းမိုးမှုကို ဖြစ်စေသဖြင့် အဂတိလိုက်စားမှုဖြစ်စေသည်ဟု အချင်းများနိုင်ပါသည် (Ceva and Ferretti, 2017, p. 3)။ နိုင်ငံရေးလေ့လာသူများမှ အဂတိလိုက်စားမှုကို လေ့လာရာတွင် ပုဂ္ဂိုလ်တစ်ဦးချင်း အဂတိလိုက်စားမှု (မကောင်းသော ပန်းသီးများ–bad apples) ထက် အဖွဲ့အစည်းဆိုင်ရာ အလေ့အကျင့်များနှင့် ယန္တရားများအား ပုံပျက်စေမှု (မကောင်းသော စည်ပိုင်းများ – bad barrels) များကို အာရုံစူးစိုက်သင့်ကြောင်း ထောက်ပြခဲ့ပါသည်။

၄၂။ အန်ဒါကာဖလာ (Underkuffler) (2013) ၏ သမိုင်းအရင်းအမြစ်များအပေါ် ကောက်ယူချက်များအရ အဂတိလိုက်စားမှုတွင် ကိုယ်တိုင်ပါဝင်ပတ်သက်မှု၊ စိတ်အလိုလိုက်မှုနှင့် လူမှုရေးအနှောင်အဖွဲ့များ၏ ကန့်သတ်ချက်များ လျော့ချမှုနှင့် စွန့်ပစ်မှုများ ပါဝင်သည်ဟု မှတ်သားခဲ့ပါသည်။ တစ်ဦးချင်းစရိုက်နှင့် အကျင့်သိက္ခာအပေါ် အကျိုးသက်ရောက်စေခြင်းထက် ကျော်လွန်၍ အန်ဒါကာဖလာက အဂတိလိုက်စားမှုကို လူ့အသိုက်အဝန်း စနစ်တကျရှိမှုကို လျော့ပါးစေသည့်၊ ပျက်စီးစေသည့်၊ ဆွေးမြည့်စေသည့် အင်အားများနှင့် ဆက်နွယ်ဖော်ပြပါသည်။ ဥပမာအားဖြင့် အဂတိလိုက်စားသော နိုင်ငံရေးသမားတစ်ဦးသည် တစ်ဦးတစ်ယောက်ကိုသာပင် ခြိမ်းခြောက်ခြင်း မဟုတ်ဘဲ ၎င်း၏တည်ရှိမှုက ၎င်း၏တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်လျက်ရှိသော ကိုယ့်အားကိုယ်ကိုးမှု၊ ယုံကြည်မှု၊ တရားဥပဒေစိုးမိုးမှုဟူသော အစိုးရ၏စနစ်တစ်ခုလုံးကို ခြိမ်းခြောက်နေကြောင်း ရေးသားထားပါသည်။ အဂတိလိုက်စားမှုအပေါ် ကိုယ်ကျင့်သိက္ခာအရ နားလည်သဘောပေါက်မှုက နိုင်ငံရေးအရ နားလည်သဘောပေါက်မှုနှင့် ပိုင်းခြားပုံကို အောက်တွင် ဖော်ပြပါမည်။

နိုင်ငံရေး

၄၃။ နိုင်ငံရေးအဂတိလိုက်စားမှုဆိုသည်မှာ သာမန်အားဖြင့် အစိုးရဌာနများနှင့် အစိုးရအရာရှိများ၏ အဂတိလိုက်စားမှုပင် ဖြစ်ပါသည်။ အချို့သော နိုင်ငံရေးအဂတိလိုက်စားမှုများသည် ရွေးကောက်ပွဲဖြစ်စဉ်များအပေါ် သက်ရောက်မှုရှိပြီး မဲဝယ်ယူမှုများ ရွေးကောက်ပွဲမသမာမှုများအပြင် သိမ်မွေ့သော ပုံစံများဖြင့် မမှန်မကန် သြဇာလွှမ်းမိုးမှုလည်းရှိပါသည်။ အထက်တွင် ဆွေးနွေးခဲ့သည့် ငွေကြေးထောက်ပံ့မှုများ၊ မဲဆွယ်စည်းရုံးမှုများကဲ့သို့သော အခြားကိစ္စရပ်များပါ သက်ရောက်ပါဝင်စေပါသည်။ ဥပမာအားဖြင့် USAID ၏ အစီရင်ခံစာအရ နိုင်ငံရေးမျက်နှာသာပေးမှုပုံစံဖြင့် မဲဆွယ်ပွဲကြွေးမြီများပေးဆပ်မှုသည် အဂတိလိုက်စားမှု အမျိုးအစားတစ်ခုကို ပေါ်ပေါက်စေကြောင်း ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေရသည်ဟု ဖော်ပြခဲ့ပါသည် (USAID, 2003, p. 7)။ ဆူဆန်ရိုစ်အက်ကာမန် (Susan Rose–Ackerman) (2010 a) က အဂတိလိုက်စားမှုအား ဒီမိုကရေစီတရားဝင်ဖြစ်ခြင်း ချဉ်းကပ်မှုတစ်ခုအဖြစ် လက်ခံခဲ့သည်။ အဆိုပါအယူအဆအရ အဂတိလိုက်စားမှုသည် စွန့်ခွာမှု၊ လိုအပ်မှု၊ ကျွမ်းကျင်မှုနှင့် အခြားသော တန်ဖိုးများအစားကိုပေးရန် လိုလားမှုနှင့် အစားထိုးခြင်းဖြစ်ပါသည်။ ကားလ်ဟိုင်းနက်စ်မက်ချာ (Karl–Heinz Nassmacher) (2009) ၏ အဂတိလိုက်စားမှုအပေါ် အဓိပ္ပါယ်ဖွင့်ဆိုချက်သည် တူညီသော ယင်းယူဆချက်အပေါ် အခြေခံပါသည်။ အရင်းအမြစ်

များကို ခွဲဝေချထားရန် စီးပွားရေးစံကို နိုင်ငံရေးရလဒ်များ (မဲများ၊ အကျိုးရလဒ်အပေါ် အငြင်းပွားမှုများ၊ လူထုသဘောထားစသည်) အတွက် ဒီမိုကရေစီစံသတ်မှတ်ချက်မှ ခွဲခြားသင့်ကြောင်း တင်ပြခဲ့သည်။ အဂတိလိုက်စားမှုဆိုသည်မှာ နိုင်ငံရေး သို့မဟုတ် အုပ်ချုပ်ရေး၊ စျေးကွက်နှင့် စီးပွားရေး သို့မဟုတ် လူမှုရေးစျေးကွက်များအကြား လျှို့ဝှက်သော လဲလှယ်မှု ဖြစ်သည်ဟု ဖွင့်ဆိုပါသည် (Nassmacher, 2009, p. 21)။ အခြားသော လေ့လာမှုတစ်ခု အနေဖြင့် အိန္ဒိယနိုင်ငံမှ ဘနာဂျီ (Banerjee) နှင့် ပန်ဒီ (Pande) (2009) တို့က အိန္ဒိယနိုင်ငံတွင် နိုင်ငံရေးရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်ကြသူများအကြား အဂတိလိုက်စားမှုနှင့် ပတ်သက်၍ မျက်မြင်ကိုယ်တွေ့ လေ့လာမှုပြုလုပ်ရာ၌ နိုင်ငံရေး အဂတိလိုက်စားမှုနှင့် ၎င်းတို့မျိုးနွယ်စုများကို ကိုယ်စားပြုသူများကိုသာ ထောက်ခံလိုသည့် မျိုးနွယ်စုကို ထောက်ခံမဲပေးသူတို့အကြား ကြီးမားသည့် ဆက်နွယ်မှုရှိကြောင်း ဖော်ပြခဲ့ပါသည်။ ယင်းလဲလှယ်မှုများသည် သြဇာအာဏာစျေးကွက် အဂတိလိုက်စားမှုဟု ခေါ်နိုင်သော အဂတိလိုက်စားမှု၏ ရောဂါလက္ခဏာ ဖြစ်လာနိုင်သည်ဟု ဂျွန်စတန် (Johnston) (2005) က ဖော်ပြခဲ့ပါသည်။ အဆိုပါအဂတိလိုက်စားမှုပုံစံသည် သြဇာအာဏာကို ရှာဖွေရန် ချမ်းသာကြွယ်ဝမှုကို အသုံးပြုခြင်းဖြင့် တောင့်တင်းသော နိုင်ငံရေးနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအကြား လည်ပတ်နေမည်ဖြစ်ကြောင်း၊ နိုင်ငံရေးသမားများက အကျိုးအမြတ်အတွက် ကိုယ်ပိုင်ဝင်ပေါက်ထားရှိခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

၄၄။ နက်စ်မက်ချာက သြဇာအာဏာစျေးကွက် အင်အားကောင်းလာပြီး ကျယ်ပြန့်လာသောအခါ နိုင်ငံရေးစနစ်ကို အခြေခံမှ ပြောင်းလဲစေပြီး ဒီမိုကရေစီနှင့် ဓနရှင်ဝါဒီစနစ် အကြားကွဲပြားခြားနားမှုမှာ ဒီမိုကရေစီစနစ်သည် လူထုမှ တန်းတူညီမျှစွာ ပါဝင်မှုကို အခြေခံထားသော နိုင်ငံရေးစနစ်ဖြစ်ပြီး ဓနရှင်ဝါဒီစနစ်သည် ချမ်းသာကြွယ်ဝသော လူနည်းစု၏ သြဇာလွှမ်းမိုးမှုဖြင့် စိုးမိုးခြယ်လှယ်ထားသော စနစ်တစ်ခု ဖြစ်ပါသည် (Nassmacher, 2009, p. 239)။ အဂတိလိုက်စားမှုကျူးလွန်သူများအနေဖြင့် နိုင်ငံရေးအာဏာ ရရှိလာပြီးနောက် ကစားနည်းအတွက် စည်းကမ်းများကို ပြောင်းလဲရန် ဆက်လက်လုပ်ကိုင်၍ ၎င်းတို့၏ စီးပွားရေးနှင့် နိုင်ငံရေးပြိုင်ဘက်များအပေါ် အခွင့်အရေးမဲ့စေပါသည်။ အမေရိကန်ပြည်ထောင်စုတရားရုံးချုပ်၊ ကနေဒါနိုင်ငံ တရားရုံးချုပ်၊ လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံးနှင့် ဘရာဇီးနိုင်ငံ၏ ဖက်ဒရယ်တရားရုံးချုပ်တို့ အပါအဝင် အဆင့်မြင့်တရားရုံးများက နိုင်ငံရေးမဲဆွယ်မှုများ၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးကြော်ငြာများ၏ ငွေကြေးသုံးစွဲမှုများ

တွင် ဩဇာအာဏာစေးကွက်များ၏ ဘေးအန္တရာယ်ကို ဖော်ထုတ်ရာ၌ နိုင်ငံရေးဆိုင်ရာ ရန်ပုံငွေစည်းမျဉ်းများ၏ ဥပဒေနှင့် ညီမှုအပေါ် အခြေတင်ဆွေးနွေးကြပြီး ချမ်းသာကြွယ်ဝမှု ၏ နိုင်ငံရေးအာဏာအပေါ် စိုးရိမ်မကင်းဖြစ်သည့် အချက်ကိုလည်း ဆွေးနွေးခဲ့ကြပါသည်။ သာဓကအနေဖြင့် အမေရိကန်ပြည်ထောင်စုတရားရုံးချုပ်၏ ၂၀၀၃ ခုနှစ် ဆုံးဖြတ်ချက်တွင် နိုင်ငံရေးပါတီတစ်ခု၏ ဘဏ္ဍာငွေထိန်းညှိသော ဖက်ဒရယ်ဥပဒေ (McCain–Feingold campaign finance law) ၏ ဥပဒေနှင့်ညီမှုကို ဖော်ပြခဲ့ပါသည်။ သက်သေအထောက်အထားများအရ ဆုံးဖြတ်ပြီးနောက် တရားရုံးချုပ်က အမျိုးသားနိုင်ငံရေးပါတီများသည် ကြီးမားသော ငွေကြေးထည့်ဝင်မှုများကြောင့် အဂတိလိုက်စားမှုဖြစ်စေပြီး အဂတိလိုက်စားမှု အသွင်အပြင်များ ပေါ်ပေါက်သည်ကို တွေ့ရှိခဲ့ပါသည်။ သို့သော် ယင်းဖက်ဒရယ်ဥပဒေကိုပင် ဆက်လက် ထိန်းသိမ်းပေးခဲ့သည်။ McConnell v. Federal Election Commission, 540 U.S.93 (2003) ကို ကြည့်ပါ။ ဆုံးဖြတ်ချက်၏ ကောက်နုတ်ချက်များနှင့် ပတ်သက်၍ နယူးယောက်တိုင်းမ်သတင်းစာတွင် ပါဝင်သည့် ဆောင်းပါး (https://www.nytimes.com/2003/12/11/us/supreme-court-excerpts-supreme-court-ruling-mccain-feingold-campaign-finance-law.html?smid=nytcore-ios-share&module=ArrowsNav&contentCollection=U.S.&action=keypress&region=FixedLeft&pgtype=article) ကို ကြည့်နိုင်ပါသည်။ အဖွဲ့အစည်းများဆိုင်ရာ အမြင်ရှိသူများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အဂတိလိုက်စားမှုအပေါ်အမြင်အရ ၎င်းတို့၏ မူလရည်ရွယ်ချက် ပျောက်ပျက်သွားနိုင်သည့် နည်းလမ်းများဖြင့် အဖွဲ့အစည်းများအား ဖွဲ့စည်းတည်ထောင်သည့်အခါ ၎င်းတို့ကိုယ်တိုင် အဂတိလိုက်စားမှု ကျူးလွန်ကြသည်ကို တွေ့ရှိရပါသည်။

၄၅။ မက်ဝါရန် (Mark Warren) (2004) က ဒီမိုကရေစီစနစ် ကျင့်သုံးသော နိုင်ငံများတွင် အဂတိလိုက်စားမှုနှင့်စပ်လျဉ်းသည့် ရည်ရွယ်ချက်များ၊ စံသတ်မှတ်ချက်နှင့် စည်းမျဉ်းစည်းကမ်းများ၊ ယှဉ်ပြိုင်မှုများတွင် အဂတိလိုက်စားမှု မဖြစ်ပေါ်စေရန် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ စည်းကမ်းချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသော အဂတိလိုက်စားမှုဥပဒေများကို ပြန်လည်အလေးထားဖော်ပြထားပါသည်။ အများအားဖြင့် ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံများတွင် အဂတိလိုက်စားမှုရှိခြင်းသည် ဒီမိုကရေစီ လျော့နည်းခြင်း၊ နိုင်ငံရေးဆိုင်ရာ တန်းတူအခွင့်အရေးရှိမှုနှင့် အားလုံးပါဝင်နိုင်မှု စည်းမျဉ်းများ ချိုးဖောက်ခြင်းတို့ကို ဖော်ပြနေပါသည်။

စီးပွားရေး

၄၆။ နိုဘယ်ဆုရှင် ဂယ်ရီဘက်ကာ (Gary Becker) ၏ ၁၉၆၈ ခုနှစ် ပြစ်မှုဆိုင်ရာ ဆောင်ရွက်ချက်အပေါ် နားလည်သဘောပေါက်မှုက ကျောင်းသားများအား အမျိုးမျိုးသော ကမ္ဘာ့အမြင်များကို စဉ်းစားချင့်ချိန်နိုင်စေခဲ့ပါသည်။ "လူပုဂ္ဂိုလ်တစ်ဦးသည် အခြားသော ဆောင်ရွက်မှုများ၌ ၎င်း၏အချိန်နှင့် အခြားအရင်းအမြစ်များသုံးပြီး ရရှိနိုင်မည့် အသုံးအဆောင်ထက် ကျော်လွန်ရရှိမည်ဆိုပါက ပြစ်မှုကျူးလွန်ခြင်းဖြစ်သည်။ ယင်းသည် ထိုသူတို့၏ အခြေခံစေ့ဆော်မှုက အခြားလူများနှင့်ကွာခြား၍ မဟုတ်ဘဲ ၎င်းတို့၏ အကျိုးအမြတ်နှင့် ကုန်ကျမှုခြားနားခြင်းကြောင့်ဖြစ်သည် (Della Porta and Vannucci, 2005, p. 2)။ စီးပွားရေးစူးစိုက်မှုသည် အကျိုးအမြတ်နှင့် ကုန်ကျမှုအပေါ် စဉ်းစားခြင်းဘက်သို့ ရွေ့သွားပြီး ကုန်ကျမှုများတွင် ဖမ်းမိခံရခြင်းနှင့် ပြင်းထန်သော ပြစ်ဒဏ်ပေးမှုများ၏ ဖြစ်နိုင်ခြေများအပေါ် လုပ်ကိုင်နိုင်မှု ဖြစ်ပါသည်။

၄၇။ ကုန်ကျမှုနှင့် အကျိုးအမြတ်ရှုထောင့် သို့မဟုတ် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ရှုထောင့်မှ ကြည့်မည်ဆိုပါက ထိရောက်မှုမရှိသော ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် စည်းမျဉ်းစည်းကမ်းများကို ရှောင်လွှဲရန် သို့မဟုတ် အနည်းဆုံး လမ်းလွှဲရန်အတွက် လာဘ်ပေးလာဘ်ယူမှု၊ လုပ်ငန်းချောမွေ့စေရန်ပေးသော ငွေကြေး၊ ဩဇာအာဏာကို အရောင်းအဝယ်ပြုမှုတို့ကို မှန်ကန်မှုတသော အားထုတ်မှုများဟု တွေ့မြင်နိုင်ပါသည်။ ဥပမာအားဖြင့် အာနိုနီ (Arnone) နှင့် ဘောလီနီ (Borlini) (2014) က ၁၉၆၀ ခုနှစ်များအတွင်း ပြုလုပ်ခဲ့သော သုတေသနတွင် အဂတိလိုက်စားမှုသည် အရောင်းအဝယ်ကုန်ကျစရိတ်များ လျှော့ချရန်နှင့် ရင်းနှီးမတည်ငွေစရိတ်များ လျှော့ချရန်တို့အတွက် ကူးသန်းရောင်းဝယ်ရေးဘီးကို ချောဆီထိုးပေးခြင်းဟု ဖော်ပြပါသည်။ ယင်းရှုထောင့်အရ လာဘ်ပေးလာဘ်ယူမှုသည် ရှားပါးသော အရင်းအမြစ်များကို စျေးပိုပေးသူထံသို့ လမ်းညွှန်စေခြင်းဖြင့် စည်းမျဉ်းစည်းကမ်းများ၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ကုန်ကျမှုကို လျော့နည်းစေကြောင်း တွေ့မြင်နိုင်ပါသည်။ အဆိုပါ ကျိုးကြောင်းဆင်ခြင်တွေးခေါ်မှုများမှ အဂတိလိုက်စားမှုအပေါ် စီးပွားရေးဆိုင်ရာ ချိန်ညှိခြင်းများ ရရှိလာပါသည်။

၄၈။ အခြားစီးပွားရေးရှုထောင့်က အဂတိလိုက်စားမှုကျူးလွန်ရန် အသင့်စောင့်နေကြသည့် ဆင်ခြင်သုံးသပ်နိုင်စွမ်းရှိသူများ ရင်ဆိုင်နေရသော ကုန်ကျမှုနှင့် အကျိုးအမြတ်စုစုပေါင်းညီမျှခြင်းတွင် "ကိုယ်ကျင့်တရား၏ ကုန်ကျစရိတ်များ" ၏ အခန်းကဏ္ဍကို အလေး

ပေးထားပါသည်။ အဂတိလိုက်စားသည့် အပြုအမူနှင့်ညှိပြီး ခံယူထားသည့် ယုံကြည်ချက်များသည် လုပ်ဆောင်သူတစ်ဦး၏ ကုန်ကျမှုနှင့် အကျိုးအမြတ်ခွဲခြမ်းစိတ်ဖြာမှုတွင် အမှားလုပ်သည်ဟု ခံစားရခြင်းက အကြောင်းရင်းဖြစ်ပါသည်။ ယင်းမှာ စီးပွားရေးက ကိုယ်ကျင့်တရားနှင့် ဆက်မိသွားပါသည်။ သို့ဖြစ်ရာ အဂတိလိုက်စားသူများအနေဖြင့် လာဘ်များမှ အကျိုးအမြတ် ရနိုင်သော်လည်း ပုဂ္ဂိုလ်ရေး၊ အဖွဲ့အစည်းဆိုင်ရာနှင့် နိုင်ငံရေးတန်ဖိုးစနစ်များကို ညှိပေးရသည့် ကိုယ်ကျင့်တရားအတွက် ရင်းရသည့် တန်ဖိုးကို ခံစားရမည်ဖြစ်ပါသည်။ ယင်းသည် ၎င်းတို့၏ စိတ်ဓာတ်ရေးရာနှင့် လူမှုရေးသုခတို့ကို မြှင့်တင်ပေးကြောင်း သုံးသပ်ရရှိသည်။ ပုဂ္ဂိုလ်ရေး၊ အဖွဲ့အစည်း သို့မဟုတ် နိုင်ငံရေးဆိုင်ရာ တန်ဖိုးစနစ်များဖြစ်သော ကိုယ်ကျင့်တရားဆုံးရှုံးခြင်းကို ခံစားရစေပါသည် (Della Porta and Vannucci, 2005, p. 2)။ သို့သော် ဒယ်လာပေါ်တာ (Della Porta) နှင့် ဗန်နူးချီ (Vannucci) တို့သည် အဂတိလိုက်စားမှု ကျယ်ပြန့်လာပြီး နိုင်ငံရေးနှင့် စီးပွားရေးအလွှာများမှ ပုဂ္ဂိုလ်များသည် အဂတိလိုက်စားမှုတွင် နေသားကျလာသည့်အခါ ကိုယ်ကျင့်တရားဆိုင်ရာ ကုန်ကျမှုများ လျော့ပါးလာကြောင်း သတိပေးထားပါသည်။

၄၉။ ရို့စ်အက်ကာမန်နှင့် စတိုင်းဂလစ်ဇ် (Stiglitz) အပါအဝင် အခြားပညာရှင်များသည် အဂတိလိုက်စားမှု၏ စီးပွားရေးဆိုင်ရာ ရှုထောင့်များကို ရှင်းလင်းဖော်ပြပါသည်။ ဥပမာအားဖြင့် စတိုင်းဂလစ်ဇ် (၂၀၀၂) သည် ကမ္ဘာ့စီးပွားရေး၏ အနှစ်သာရဖြစ်သော “ဈေးကွက်အခြေခံဝါဒ”နှင့် “ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း” ကို ပုတ်ခတ်ပြောဆိုထားပါသည်။ ထို့ကြောင့် “ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်း” ၏ အကြီးမားဆုံးသော စိုးရိမ်ရမှုမှာ အဂတိလိုက်စားမှုဖြစ်နိုင်ကြောင်း၊ မကြာခဏလည်း အလေ့အကျင့်ဖြစ်နေကြောင်း၊ ပုဂ္ဂလိကပိုင်ပြုလုပ်သည့် လုပ်ငန်းစဉ်သည် စီးပွားရေး၏ အလုံးစုံအရည်အသွေးကို မဆိုထားနှင့် အစိုးရဘဏ္ဍာငွေ တိုးပွားစေမည့် ပမာဏမဟုတ်ဘဲ အစိုးရဝန်ကြီးများက ၎င်းတို့နှင့် ဆီလျော်သည့် ပမာဏအတွက် အများဆုံးဖြစ်စေရန် ဒီဇိုင်းရေးဆွဲထားခြင်းဟု စတိုင်းဂလစ်ဇ်က အခိုင်အမာ ပြောကြားထားပါသည် (Stiglitz, 2002, p. 58)။ ၁၉၇၈ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်အတွင်း ရို့စ်အက်ကာမန်၏ ချဉ်းကပ်နည်းသည် အဂတိလိုက်စားသည့် အပြုအမူတွင် ကုန်ကျမှုနှင့် အကျိုးအမြတ်အပေါ် သက်ရောက်စေရန် အစိုးရအဖွဲ့အစည်းများအား ပြန်လည်ပုံစံချမှတ်ရာတွင် လိုအပ်ချက်နှင့် လူတစ်ဦးချင်း မက်လုံးပေးမှုအပေါ် စူးစိုက်ပါသည် (https://www.ssoar.info/ssoar/bitstream/handle/document/36878/ssoar-2010-rose-ackerman-The_institutional_

economics_of_corruption.pdf?sequence=1)။ အဂတိလိုက်စားမှုဆိုင်ရာ စီးပွားရေးစာပေတွင် အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုများနှင့် အဂတိလိုက်စားမှု ဖြစ်စေသည့် လှုံ့ဆော်မှုအထောက်အထားများကို ဖော်ပြထားပါသည် (Wantchekon and Serra, 2012)။

ယဉ်ကျေးမှု

၅၀။ အဂတိလိုက်စားမှုဆိုင်ရာစာပေတွင် ယဉ်ကျေးမှုကို "လူမှုအဖွဲ့အစည်းအတွင်း အင်အားကောင်းသော ယုံကြည်မှုများ၊ သဘောထားများနှင့် အမူအကျင့်" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည် (Holmes, 2015, p. 4)။ ယဉ်ကျေးမှု မူကွဲများကို အထူးအလေးပေးသော ပညာရှင်အချို့သည် အနောက်ပိုင်းဒေသ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးစံများကို မိမိယဉ်ကျေးမှုဗဟိုပြု၍ စံထားသည့် ယဉ်ကျေးမှုနယ်ချဲ့ဝါဒ၏ ဇာစ်မြစ်ပင်ဖြစ်သည်ဟု ယူဆသည်။ အနောက်နိုင်ငံလူ့အဖွဲ့အစည်းများက အဂတိလိုက်စားသည်ဟု တိုက်ခိုက်မှုများရှိနေလျက်ပင် ငွေပေးချေမှုများ၊ လက်ဆောင်ပစ္စည်းနှင့် မျက်နှာသာပေးခြင်းများသည် ယဉ်ကျေးသော လူမှုအဖွဲ့အစည်းတွင် တရားဝင်သော အခန်းကဏ္ဍဖြစ်သည်ဟု အခိုင်အမာ ဆိုနေကြပါသည်။ အဂတိလိုက်စားမှုကို ယဉ်ကျေးမှုဆိုင်ရာ နားလည်သဘောပေါက်မှုတွင် အမှန်တရားအချို့ရှိသော်လည်း အထက်တန်းလွှာများ၊ ပြင်ပစိတ်ဝင်စားသူများအတွက် ၎င်းတို့၏ ဆန္ဒကို ပြည်သူများ၊ ဒေသဆိုင်ရာ ယဉ်ကျေးမှုများအပေါ် ချမှတ်ခြင်းသည် မှန်ကန်ကြောင်းနှင့် ကိုယ်ကျိုးလုပ်ဆောင်သူများ၏အသုံးချခြင်းကို သတိရှိရန် အရေးကြီးပါသည်။ ရို့စ်အက်ကာမန်နှင့် ပါလစ်ကာ (Palifka) (2016) တို့က အချို့ယဉ်ကျေးမှုဆိုင်ရာ မနုဿဗေဒပညာရှင်များသည် အကျိုးသက်ရောက်မှုရှိသည့် ပတ်သက်မှုများကို အခြေခံသော လုပ်ငန်းများကို အခြေပြုထားပါက ၎င်းတို့သည် အဂတိလိုက်စားမှုအဖြစ် သတ်မှတ်ရန် ငြင်းဆိုကြကြောင်းနှင့် တရားဝင်ဥပဒေနှင့် ဆန့်ကျင်သော်လည်း ယင်းအလေ့အကျင့်များသည် လူမှုရေးအရ လက်ခံနိုင်ပြီး စီးပွားရေးအရ အကျိုးဖြစ်ထွန်းနိုင်၍ ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းနှင့် အစိုးရ၏ ပြည့်စုံမှုမရှိခြင်းအတွက် အစားထိုးပေးနိုင်ပါက အဂတိလိုက်စားမှုအဖြစ် မသတ်မှတ်ရန် တင်ပြခဲ့သည်။ အခြေခံတန်ဖိုးများသည် ပုဂ္ဂိုလ်ရေးဆက်ဆံမှု၊ မိသားစု သို့မဟုတ် လူမျိုးစု သစ္စာစောင့်သိမှု၊ အပြန်အလှန်အကျိုးပြုမှုနှင့် ယုံကြည်မှုတို့အပေါ် မူတည်ပါသည်။ ပုဂ္ဂိုလ်ရေးမပါဝင်သော စီးပွားရေး၊ နိုင်ငံရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့် ပညာရှင်ဆန်သော ဗျူရိုကရေစီစနစ်များသည် ကမ္ဘာပေါ်တွင် အပြည့်အဝပျံ့နှံ့နေခြင်း မရှိဘဲ ပျံ့နှံ့နေသည့် နေရာများတွင်လည်း တူညီသော အောင်မြင်မှု၏ ပမာဏအတိုင်း အကောင်အထည်ဖော်ဆောင်နိုင်

ခြင်းမရှိပါ။ အဆိုပါအကြောင်းပြချက်သည် ကိုယ်ကျင့်တရား သမုတိသစ္စာဆိုင်ရာ အဆိုများနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးထားမှုများအပေါ် စိုးရိမ်ဖွယ် စိန်ခေါ်မှုတို့နှင့် နည်းလမ်းများစွာတွင် ဆင်တူနေပါသည်။ ကမ္ဘာအနှံ့ရှိ တန်ဖိုးထားမှုဖြစ်သော အမျိုးသားရေး၊ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်ပတ်သက်၍ ထပ်မံလေ့လာလိုပါက E4J ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (၁)၊ အခန်း (၂) (http://www.unodc.org/e4j/en/integrity-ethics/module-2/key-issues.html) တွင် ကြည့်နိုင်ပါသည်။ ဤတွင် ယဉ်ကျေးမှုဟူသည် နိုင်ငံအခြေခံသာမက ဒေသဆိုင်ရာ၊ ဒေသခွဲဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာအခြေခံများလည်း ဖြစ်နိုင်ပါသည်။ အဖွဲ့အစည်းဆိုင်ရာယဉ်ကျေးမှု၊ ကိုယ်ကျင့်သိက္ခာနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအပေါ် ၎င်း၏သက်ရောက်မှုကို ဆွေးနွေးနိုင်ရန်အတွက် E4J ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (၁)၊ အခန်း (၇) (/e4j/en/integrity-ethics/module-7/key-issues.html) တွင် လေ့လာနိုင်ပါသည်။

အဂတိလိုက်စားမှုကို တိုင်းတာခြင်း

၅၁။ ဤအခန်း၏ အဓိကအလေးပေးသော အကြောင်းအရာမဟုတ်သော်လည်း အဂတိလိုက်စားမှုတိုင်းတာသည့် ဘာသာရပ်သည် ဆွေးနွေးချက်များနှင့် နီးကပ်စွာ ဆက်စပ်မှုရှိပါသည်။ အဂတိလိုက်စားမှု တိုင်းတာရန် ကြိုးပမ်းမှုများသည် အဂတိလိုက်စားမှု၏ သဘောသဘာဝနှင့် သက်ရောက်မှုကို ဖော်ထုတ်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် ၎င်းသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ တိုးတက်တုံ့ပြန်နိုင်ရန်အတွက်လည်း လိုအပ်ပါသည်။ အဂတိလိုက်စားမှုတိုင်းတာခြင်းကို သီးခြားအဂတိလိုက်စားမှုအမျိုးအစားများ၏ ဦးတည်ရာများကို ခွဲခြားဖော်ထုတ်ပြီး နယ်ပယ်နှင့် အတိုင်းအတာကို ပုံဖော်ရန် အသုံးပြုနိုင်ပါသည်။ ၎င်းသည် အဂတိလိုက်စားမှုကို ထိရောက်စွာ လျော့နည်းစေရေးအတွက် လက်သုံးကိရိယာများ ဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒရေးဆွဲသူများ၊ လေ့လာဆန်းစစ်သူများနှင့် ပညာရှင်များအား ကူညီပံ့ပိုးပေးပါသည်။ အဂတိလိုက်စားမှုတိုင်းတာခြင်း၏ အရေးပါမှုကို ထပ်မံဆွေးနွေးနိုင်ရန်အတွက် UNODC ၏ National Anti-Corruption Strategies: A Practical Guide for Development and Implementation (/documents/corruption/Publications/2015/National_Anti-Corruption_Strategies_-A_Practical_Guide_for_

Development_and_Implementation_E.pdf) (UNODC, 2015, chapter II) တွင် ကြည့်ရှုနိုင်ပါသည်။

၅၂။ အဂတိလိုက်စားမှုတိုင်းတာခြင်းသည် အရေးပါသကဲ့သို့ ယင်းသည် စိန်ခေါ်နေသော လုပ်ငန်းတာဝန်လည်းဖြစ်ပါသည်။ အောက်တွင် ဆွေးနွေးထားသကဲ့သို့ အဂတိလိုက်စားမှု တိုင်းတာရန်အတွက် နည်းလမ်းများစွာရှိပြီး နည်းလမ်းတစ်ခုချင်း၌လည်း ကောင်းကျိုး၊ ဆိုးကျိုးများ ဒွန်တွဲလျက်ရှိပါသည်။ ထို့ပြင် နည်းလမ်းတစ်ခုစီတွင် အချို့သော အရာများကို စုံစမ်းပြီး အချို့ကို လျစ်လျူရှုရပါသည်။ တိုင်းတာသော နည်းလမ်းများ၏ အားသာချက်၊ အားနည်းချက်များကို နားလည်သဘောပေါက်ရန်အတွက် တိုင်းတာရန် နည်းလမ်းတစ်ခုစီက မည်သည်ကို အတိအကျ တိုင်းတာရန် တောင်းဆိုသည်နှင့် သတ်မှတ်ချက်ဘောင်များကို မည်သို့ဖွဲ့စည်းတည်ဆောက်ထားသည်ကို လေ့လာမေးမြန်းရပါမည်။ ဒုတိယပိုင်းမေးခွန်းသည် တိုင်းတာရန် သတ်မှတ်ထားချက်နှင့် ဆန့်ကျင်၍ မည်သည့်အဆင့်နှင့် အညွှန်းကိန်းတို့ကို အမှန်တကယ်တိုင်းတာခြင်းကို ဆိုလိုပါသည်။ အဂတိလိုက်စားမှုတိုင်းတာသည့် နည်းလမ်း အမျိုးမျိုး၏ ကောင်းကျိုးနှင့် ဆိုးကျိုးကို မဆွေးနွေးမီ အဆိုပါနည်းလမ်းများက မည်သည်တို့ ဖြစ်သည်ကို သိရှိသင့်ပါသည်။ အဂတိလိုက်စားမှုတိုင်းတာသော နည်းလမ်းများကို နှိုင်းယှဉ်ပြီး ဝေဖန်ဆန်းစစ်သော ပညာရပ်ဆိုင်ရာ စာပေအစုအဖွဲ့များလည်း တိုးပွားလာပါသည် (Holmes, 2015; Graycar and Prenzler, 2013; Schwickerath, Varraich and Lee-Smith, 2017)။ အခြေခံမူဘောင်အနေဖြင့် ဟုမ်းစ် (Holmes) (2015) သည် အဂတိလိုက်စားမှု တိုင်းတာရန် ပုံစံများကို တရားဝင်စာရင်းအင်းများ၊ သဘောထားအမြင် စစ်တမ်းများနှင့် အတွေ့အကြုံအခြေခံ စစ်တမ်းများဟူ၍ အပိုင်း (၃) ပိုင်း ခွဲခြားထားပါသည်။

၅၃။ အဂတိလိုက်စားမှုတိုင်းတာသည့်နည်းလမ်းများကို အဂတိလိုက်စားမှုစစ်တမ်းများ လက်စွဲ (Manual on Corruption Surveys) (/documents/data-and-analysis/Crime-statistics/CorruptionManual_2018_web.pdf) (UNODC, UNDP and UNODC–INEGI, 2018, pp. 20–29) တွင် အသေးစိတ်ဆွေးနွေးထားပါသည်။ လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုပုံစံအားလုံးကို သိသာစွာ လျှော့ချရန် နိုင်ငံများအား တောင်းဆိုထားသော SDGs ၏ ရည်မှန်းချက် (၁၆.၅)ကို ပြည့်မီစေရန် ယင်းလက်စွဲသည် တိုးတက်မှုအခြေအနေကို စောင့်ကြည့်မည့် လမ်းညွှန်ဖြစ်ပါသည်။ အဆိုပါလက်စွဲက အတွေ့အကြုံအခြေပြုနှင့် အခြေအနေအလိုက် နိုင်ငံအခြေပြုတိုင်းတာသည့် နည်းလမ်းများက သွယ်ဝိုက်သော သို့မဟုတ်

ပေါင်းစပ်သော နည်းလမ်းများ သို့မဟုတ် နိုင်ငံတကာအဆင့်များ ထုတ်ပြန်ရန် ကြိုးပမ်းမှုများထက် လွန်စွာပိုမိုတိကျကြောင်း အလေးထားဖော်ပြပါသည်။ လက်စွဲ၌ အဂတိလိုက်စားမှုတိုင်းတာသည့် တိုက်ရိုက်နှင့် သွယ်ဝိုက်နည်းလမ်းများအပေါ် ချဉ်းကပ်မှုများကို အောက်ပါအတိုင်း အမျိုးအစားခွဲခြားဖော်ပြထားပါသည်-

- အဂတိလိုက်စားမှုတိုင်းတာခြင်း တိုက်ရိုက်နည်းလမ်းများသည် စာရင်းအင်းနှင့် စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများမှတစ်ဆင့် အဂတိလိုက်စားမှုအပေါ် သက်သေအထောက်အထားအခြေခံသည့် သတင်းအချက်အလက်များကို စုဆောင်းရရှိရန် ရည်ရွယ်ပါသည်။ ၎င်းတို့သည် အဂတိလိုက်စားမှုကို သဘောထားအမြင်ထက် အမှန်တကယ်တွေ့ရသည့် အတွေ့အကြုံများကို တိုင်းတာပြီး ထုတ်ပြန်ထားသော အဂတိလိုက်စားမှု အမှုအခင်းများ၊ ပြစ်ဒဏ်ကျခံမှုများ၊ ရွေးကောက်ပွဲဆိုင်ရာ စိစစ်တွေ့ရှိမှုများကဲ့သို့ တရားဝင်အချက်အလက်များနှင့်အတွေ့အကြုံကို အခြေခံသော စစ်တမ်းနမူနာများ (သတ်မှတ်ထားသော လူတစ်စုတွင် ကိုယ်စားလှယ်နမူနာများ၏ အတွေ့အကြုံကို ကောက်ယူခြင်း) ပါဝင်ပါသည်။
- အဂတိလိုက်စားမှုတိုင်းတာခြင်း သွယ်ဝိုက်နည်းလမ်းများသည် အမှန်တကယ်ဖြစ်ပေါ်သည့် အဂတိလိုက်စားမှုကို တွက်ချက်ခြင်းမဟုတ်ဘဲ အဂတိလိုက်စားမှုအပေါ် တွေးဆမှုအဆင့်များကို အခြေခံပါသည်။ အမှန်တကယ်ဖြစ်ပေါ်သည့် အဂတိလိုက်စားမှုသည် တိုင်းတာရန် ခက်ခဲသောကြောင့် အဆိုပါနည်းလမ်းကို အသုံးပြုခြင်းဖြစ်ပါသည်။ ယင်းနည်းလမ်းသည် ကျွမ်းကျင်သူ၏ အကဲဖြတ်မှု (နိုင်ငံတစ်ခု သို့မဟုတ် နိုင်ငံအုပ်စုတစ်ခုတွင် အဂတိလိုက်စားမှု၏ ဦးတည်ရာနှင့် ပုံစံများကို ရွေးချယ်ထားသော ကျွမ်းကျင်ပညာရှင်များက အကဲဖြတ်ခြင်း) သို့မဟုတ် အမှန်တကယ်အဆင့်ထက် သဘောထားအမြင်၏ အဆင့်များအပေါ် စူးစိုက်သည့် အခြားသော စစ်တမ်းအမျိုးအစားများကို အခြေခံပါသည်။ ယင်းတို့သည် ပေါင်းစပ်တိုင်းတာမှုများ သို့မဟုတ် များစွာသော စာရင်းအင်းအချက်အလက်များကို တစ်ခုတည်းသော အညွှန်းကိန်းအဖြစ် ပေါင်းစည်းထားသည့် “စစ်တမ်းများ၏ စစ်တမ်းများ” ဖြစ်ပါသည်။

၅၄။ အများအားဖြင့် သွယ်ဝိုက်နည်းလမ်းများသည် နိုင်ငံအတွင်း နိုင်ငံသားများ၊ စီးပွားရေးကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အခြားပါဝင်ပတ်သက်သူများအကြား ပုဂ္ဂလ ဓိဋ္ဌာန်

ကျသော သဘောထားများနှင့် အမြင်များအပေါ် အခြေခံသည်။ ထင်မြင်ယူဆချက်ကို အခြေခံသည့် စစ်တမ်းများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို နိုင်ငံတကာအနေနှင့် အကြံဉာဏ်ပေးနိုင်သည့် အသုံးဝင်သော ကိရိယာတစ်ခု ဖြစ်နိုင်သော်လည်း အဂတိလိုက်စားမှု၏ အမှန်တကယ် အဆင့်များအတွက် ကိုယ်စားအသုံးမပြုနိုင်ပေ။ အမှန်တကယ်တွင် လူအများ၏ ထင်မြင်ချက်များသည် အကြောင်းရင်းများစွာကြောင့် သက်ရောက်မှုရှိပြီး ၎င်းတို့၏အမြင်သည် အဂတိလိုက်စားမှုအပေါ် အမှန်တကယ်အတွေ့အကြုံအရ အဓိကအားဖြင့် သတင်းပေးခံရခြင်းမဟုတ်ပါ (Johnston, 2002; Olken, 2009)။ ဘန်း (Byrne)၊ အာနိုးထ် (Arnold)နှင့် နာဂနို (Nagano)တို့၏ ဖော်ပြချက်အရ အမြင်အခြေခံနှင့် လက်တွေ့အခြေခံစစ်တမ်းများကို နှိုင်းယှဉ်ကြည့်လျှင် နိုင်ငံတစ်ခုတွင် လူအများ၏ သဘောထားအမြင်နှင့် အဂတိလိုက်စားမှု၏ ပမာဏအပေါ် လူအများ၏ အမှန်တကယ်အတွေ့အကြုံတို့အကြား ကြီးစွာခြားနားမှုရှိသည်ကို တွေ့ရှိရပါသည်။ အမြင်အခြေခံနည်းလမ်းများအပေါ် အခြားဝေဖန်မှုမှာ ယင်းတို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့များ၏ လုပ်ငန်းများက လွှမ်းမိုးခံရနိုင်ပါသည်။ တက်ကြွသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများသည် အဂတိလိုက်စားမှု အမှုအခင်းအသစ်များကို ခေါင်းစီးတပ်နိုင်ရန် အမြင်အခြေခံသော အညွှန်းကိန်းများ ထောင်တက်သွားရန် တွန်းအားပေးနိုင်သော်လည်း လက်တွေ့တွင် အဂတိလိုက်စားမှုများကို လျော့နည်းစေနိုင်ပါသည်။ ထို့အပြင် ၎င်းတို့သည် တိကျမှုနည်းပါးသော်လည်း မီဒီယာများက နှစ်စဉ်ထုတ်ပြန်သည့်အမြင် အခြေခံတိုင်းတာချက်များ ဖော်ပြမှုကြောင့် ရင်းနှီးမြှုပ်နှံသူများနှင့် အလှူရှင်များကို မောင်းထုတ်နိုင်ရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်နိုင်စွမ်းအပေါ် ထိခိုက်သော သက်ရောက်မှုရှိစေပါသည်။ (Byrne, Arnold and Nagano, 2010, pp. 19–20) တွင် ပိုမိုဆွေးနွေးထားပါသည်။)

၅၅။ ပေါင်းစပ်ညွှန်းကိန်းများသည် သဘောတရားအရ အတွေ့အကြုံအခြေခံညွှန်းကိန်းများမှ ရရှိခြင်းဖြစ်နိုင်ပါသည်။ သို့သော် အများစုသည် ကျွမ်းကျင်သူအကဲဖြတ်မှုနှင့် သဘောထားအမြင်စစ်တမ်းများကို ၎င်းတို့၏ အဓိကအရင်းအမြစ်အချက်အလက်များအဖြစ် အသုံးပြုပါသည်။ ထို့ကြောင့် အဂတိလိုက်စားမှုစစ်တမ်းလက်စွဲတွင် တရားဝင်မှု၊ ဆက်စပ်မှုတို့နှင့် ပတ်သက်၍ ၎င်းတို့၏အားနည်းချက်များကို သတိပေးဖော်ပြခဲ့ပါသည်။ အကြောင်းမှာ ၎င်းတို့သည် ရောနှောနေသော အချက်အလက်ကို ပေါင်းစပ်အသုံးပြုသည့် အယ်လ်ဂိုရသမ်လုပ်နည်းစနစ်ဖြင့် တွက်ချက်ခြင်းနှင့် ပြောင်းလဲနိုင်သော ကိန်းရှင်များ သို့မဟုတ် အရင်း

အမြစ်များကို ရွေးချယ်ခြင်းကဲ့သို့ ပုဂ္ဂလဓိဋ္ဌာန်ကျသော ယူဆချက်များစွာအပေါ် အခြေခံခြင်းကြောင့် ဖြစ်ပါသည် (UNODC, UNDP and UNODC–INEGI, 2018, p. 21)။ လူသိများသော အမြင်အခြေခံသည့် ပေါင်းစပ်အညွှန်းကိန်းမှာ အဂတိလိုက်စားမှုအပေါ် သဘောထားအမြင်၏ အဆင့်ဖြစ်စဉ်နှင့် နိုင်ငံများစာရင်းကို ပြုစုသည့် အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှု အဖွဲ့၏ Corruption Perception Index (CPI) (https://www.transparency.org/cpi2018) ဖြစ်ပါသည်။ CPI သည် အဖွဲ့အစည်း (၁၂) ဖွဲ့မှ အညွှန်းကိန်း (၁၃) ခု (https://www.transparency.org/files/content/pages/2018_CPI_Methodology.zip) ပေါင်းစည်းထားသော အညွှန်းကိန်းဖြစ်ပါသည်။ ၎င်းသည် အခြားကျွမ်းကျင်သူအကဲဖြတ်မှုနှင့် ထင်မြင်ချက်စစ်တမ်းများမှ အချက်အလက်အသုံးပြုသည့်အတွက် ၎င်းတို့ဖော်ပြသော နည်းပညာ၌ ဘက်လိုက်မှုများအပေါ် မေးခွန်းထုတ်ကြပါသည် (Donchey and Ujhelyi, 2014; Knack, 2007)။ CPI သည် သာမာန်ပြည်သူများနှင့် အဂတိလိုက်စားမှုကြောင့် နစ်နာသူများကို ဖြေကြားသူလူစုမှ ချန်လှပ်ထားခြင်းကြောင့် ဝေဖန်ခြင်းခံရပါသည် (Graycar and Prenzler, 2013, p. 15)။ ထို့ပြင် အချို့သော ကျွမ်းကျင်သူအကဲဖြတ်မှုများသည် မေးမြန်းခံရသည့် နိုင်ငံက ပါဝင်ပတ်သက်သူမဟုတ်သည့် တွေ့ဆုံမေးမြန်းမှုများအပေါ် အခြေခံပြီး အားကိုးအားထားပြုထားသောကြောင့် ဖြစ်ပါသည်။ ဥပမာ– ဥရောပစီးပွားရေးလုပ်ငန်းရှင်အားအာဖရိကနိုင်ငံ၏ အဂတိလိုက်စားမှုအကြောင်း မေးမြန်းခြင်းမျိုး ဖြစ်ပါသည်။ CPI နှင့် ပတ်သက်သည့် ဆန်းစစ်ဝေဖန်မှုနှင့် အသေးစိတ်အချက်အလက်များကို အဂတိလိုက်စားမှုစစ်တမ်းလက်စွဲ (UNODC, UNDP and UNODC–INEGI, 2018) နှင့် Thompson and Shah (2005)တွင် ဖတ်ရှုနိုင်ပါသည်။ TI သည် လာဘ်ပေးလာဘ်ယူမှုပုံနှိပ်ခြင်းအပေါ် အမြင်အခြေခံနှင့် အတွေ့အကြုံအခြေခံ မေးမြန်းချက်များပါဝင်သည့် Global Corruption Barometer (https://www.transparency.org/research/gcb/overview) ခေါ် အဂတိလိုက်စားမှုစစ်တမ်းကိုလည်း ပြုစုထားရှိရာ ယင်းအပေါ်တွင်လည်း ဝေဖန်ခံရလျက်ရှိပါသည်။

၅၆။ တရားရေးဆိုင်ရာ လွတ်လပ်မှုနှင့် စာနယ်ဇင်းလွတ်လပ်ခွင့်ကဲ့သို့ ကိုယ်စားပြု အညွှန်းကိန်းများအပေါ် အားထားသည့် စိတ်ဝင်စားဖွယ်ရာ ပေါင်းစပ်အညွှန်းကိန်းအမျိုးအစားတစ်ခုသည် အများပြည်သူဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု အညွှန်းကိန်း (Index of Public Integrity–IPI) (https://integrity–index.org/) ဖြစ်ပါသည်။ IPI သည် နိုင်ငံပေါင်း ၁၀၀ ကျော်တွင် အဂတိလိုက်စားမှုထိန်းချုပ်မှုအခြေအနေအပေါ် ဓမ္မဓိဋ္ဌာန်ကျကျနှင့် ပြည့်စုံသော

ရုပ်ပုံဖော်ပြနိုင်ရန် ရည်ရွယ်ပါသည်။ အဆိုပါအညွှန်းကိန်းသည် တရားရေးဆိုင်ရာ လွတ်လပ်မှု၊ အုပ်ချုပ်ရေးဆိုင်ရာ အတားအဆီး၊ ကုန်သွယ်ရေး ဖွင့်လှစ်ချပြမှု၊ ဘတ်ဂျက်ပွင့်လင်းမြင်သာမှု၊ အီလက်ထရောနစ်စနစ်ဖြင့် နိုင်ငံသားဖြစ်မှု၊ စာနယ်ဇင်းလွတ်လပ်ခွင့်ဟူ၍ အစိတ်အပိုင်း (၆) ခုအပေါ် အခြေခံသုံးသပ်အကဲဖြတ်ခြင်းဖြစ်ပြီး အများပြည်သူဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှုကို အားကောင်းစေသော အဖွဲ့အစည်းဆိုင်ရာ မူဘောင်ကို ရှင်းလင်းသိရှိစေရန် ကူညီပေးပါသည်။ ထိုအညွှန်းကိန်းသည် ထင်မြင်ချက်သဘောထားများအပေါ် အခြေခံထားခြင်းမဟုတ်သည့်အတွက် အဂတိလိုက်စားမှု၏ အမှန်တကယ်အဆင့်ထက် ဘေးအန္တရာယ်ရှိမှုအကဲဖြတ်ဆန်းစစ်မှုကို ပိုမိုဖော်ပြပါသည်။ အခြားသော ပေါင်းစပ်အညွှန်းကိန်း ဥပမာများမှာ World Bank Governance Indicators ပါ အဂတိလိုက်စားမှု ထိန်းချုပ်ခြင်း (https://tcdata360.worldbank.org/indicators/hc153e067?country=BRA&indicator=364&viz=line_chart&years=1996,2017) အညွှန်းကိန်း (http://info.worldbank.org/governance/wgi/#home)၊ Bertelsmann Stiftung ၏ Sustainable Government Indicators (http://www.sgi-network.org/2018/) နှင့် အတိုင်ပင်ခံလုပ်ငန်းများ၏ အဂတိလိုက်စားမှုကို အမှတ်ပေးသည့် PRS Group ၏ International Country Risk Guide (https://www.prsgroup.com/explore-our-products/international-country-risk-guide/) တို့ ဖြစ်ပါသည်။

၅၇။ နိုင်ငံအဆင့်သတ်မှတ်ခြင်း အတွေးအခေါ်သည် စိန်ခေါ်ခြင်းခံရပါသည်။ နယူးဇီလန်နိုင်ငံနှင့် စင်္ကာပူနိုင်ငံကဲ့သို့သော နိုင်ငံများသည် အညွှန်းကိန်းအဆင့်သတ်မှတ်ချက်တွင် မကြာခဏ အကောင်းဆုံးအမှတ် ရရှိပါသည်။ အလားတူပင် အဆင်းရဲဆုံးနှင့် ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ် အများဆုံးခံစားရသည့်နိုင်ငံများကို အဂတိလိုက်စားမှု အများဆုံးအဆင့်သတ်မှတ်ခြင်းကလည်း ထပ်တလဲလဲဖြစ်မှု၏ သင့်သောအတိုင်းအတာဖြစ်ပါသည်။ သို့သော် အပြည့်အစုံရုပ်ပုံကို မဖော်ပြနိုင်သည့်အတွက် အမြင်မှားစေနိုင်ပါသည်။ ဥပမာ-နိုင်ငံအညွှန်းကိန်းများ၏ အောက်တွင်ရှိသည့် နိုင်ငံများရှိ အကြီးမားဆုံး လာဘ်ပေးသူများသည် အမြင့်ဆုံးအဆင့် ရရှိထားသော နိုင်ငံများ၏ နိုင်ငံတကာအခြေစိုက်ကုမ္ပဏီများမှ ဖြစ်သည် ဆိုသည်ကိုမူ လျစ်လျူရှုထားကြပါသည်။ CPI (Cassin, 2019) တွင် CPI အရ အဂတိလိုက်စားမှု အနည်းဆုံးနိုင်ငံများတွင် အခြေစိုက်သည့် ကုမ္ပဏီများ၌ အမေရိကန်ပြည်ထောင်စု၏ Foreign Corrupt Practices Act အရ ပြီးပြေအောင် ပေးဆပ်ခြင်းနှင့်

ဒဏ်ငွေချမှတ်ခြင်းခံရမှုမှာ အမှုကိစ္စ (၁၀) ခုတွင် (၈) ခု ရှိကြောင်းကို ၂၀၁၉ ခုနှစ် ဇူလိုင်လ စာရင်းအချက်အလက်များတွင် ဖော်ပြထားပါသည် (http://www.fcpablog.com/blog/2018/6/7/socgen-replaces-total-sa-on-the-top-ten-list.html)။ ယင်းအစွန်းနှစ်ခု အကြား အလယ်အဆင့်တွင် ရပ်တည်နေသော နိုင်ငံအများစုတွင် တိုင်းတာမှုနည်းလမ်းသည် နိုင်ငံတစ်နိုင်ငံ၏ ရပ်တည်မှုကို လိုက်၍ ထူးခြားသော ကွာခြားမှုကို ဖြစ်စေနိုင်ပါသည်။ သို့ဖြစ်ရာ နိုင်ငံအဆင့်သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ - ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများတွင် မတူညီသော အဂတိလိုက်စားမှု အမျိုးအစားများနှင့် မတူညီသော အဆင့်များကို မည်ကဲ့သို့ ရှင်းပြမည်နည်း ကဲ့သို့သော မေးမြန်းချက်များ ထွက်ပေါ်လာပါသည်။ နိုင်ငံရေးစနစ်များ၊ ယဉ်ကျေးမှု၊ နိုင်ငံအရွယ်အစားနှင့် လူဦးရေမျှတမှု၊ သမိုင်းကြောင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု အဆင့်၊ ဥပဒေပြုရေးစနစ်များ (သို့မဟုတ် အထူးသဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေမူဘောင်များ)၊ စီးပွားရေးစနစ်များ၊ သဘာဝသယံဇာတများ၏ လုပ်ငန်းဆောင်တာများ သို့မဟုတ် အခြားသော ရောနှောပေါင်းစပ်ခြင်းများ သို့မဟုတ် အခြားအခြေခံအကြောင်းအချက်များ ရှိ/မရှိ၊ မိမိ၏ နိုင်ငံသားများ သို့မဟုတ် ဥပဒေအရ အဖွဲ့အစည်းများသည် ပြည်ပတွင် အဂတိလိုက်စားမှုကို ကျူးလွန်ပါက အကျင့်ပျက်သည်ဟု စဉ်းစားဆုံးဖြတ်သင့်ပါသလား။ စစ်တမ်းတွေ့ရှိချက်အပေါ် မူတည်၍ မည်သည်တို့က အဂတိလိုက်စားမှုအတွက် အဖြေထုတ်မှုဖြစ်မည်နည်း။

၅၈။ တရားဝင်ထုတ်ပြန်ထားသော အချက်အလက်နှင့် အတွေ့အကြုံအခြေခံနမူနာ စစ်တမ်းများကဲ့သို့ တိုက်ရိုက်နည်းလမ်းများအပေါ် အဂတိလိုက်စားမှုစစ်တမ်းလက်စွဲကမူ မူဝါဒချမှတ်ခြင်းအတွက် လိုအပ်သော အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် အသေးစိတ် သတင်းအချက်အလက်များကို ထုတ်ပြန်ရန် ယုံကြည်စိတ်ချရဆုံး ချဉ်းကပ်နည်းလမ်းအဖြစ် ဖော်ပြထားပါသည်။ (ဥပမာ- အဂတိလိုက်စားမှု ဖြစ်လေ့ဖြစ်ထရှိသော နယ်ပယ်များ၊ ဘေးအန္တရာယ်ရှိသော လုပ်ထုံးလုပ်နည်းများနှင့် ရာထူးနေရာများ သို့မဟုတ် အချိန်နှင့်အမျှ စောင့်ကြည့်သည့် ဦးတည်ရာများ) သို့သော် နစ်နာသူများသည် အဂတိလိုက်စားမှုများကို သတင်းပို့ခြင်း မရှိသောကြောင့် သတင်းပို့သည့်ကိစ္စများတွင် တရားဝင်ကိန်းဂဏန်းအပေါ် တွင်သာ အားထားခြင်းမပြုရန် လက်စွဲက သတိပေးထားပါသည်။ တရားဝင်အချက်အလက်များက အဂတိလိုက်စားခြင်းမှလွဲ၍ အခြားသော အချက်အလက်များ၊ ဥပမာ- တရားစီရင်ရေးစနစ်၏ အရည်အသွေးပြည့်ဝမှုနှင့် အလွန်ဆုံးအဂတိလိုက်စားမှုအပေါ် အတွေးအခေါ်

အနည်းအကျဉ်းတို့ကိုသာ သိမ်းယူနိုင်ပါသည်။ နမူနာအဖြစ် ဖော်ပြထားသော လူဦးရေ၏ နမူနာအတွေ့အကြုံများနှင့် ပတ်သက်သော အချက်အလက်များကို စစ်တမ်းကောက်ယူရာတွင် အသုံးပြုရန် လက်စွဲ၌ ဖော်ပြထားပါသည်။ ထို့ပြင် လက်စွဲတွင် အတွေ့အကြုံ အခြေခံ စစ်တမ်းနမူနာများမှတစ်ဆင့် လာဘ်ပေးလာဘ်ယူမှု၏ ပျံ့နှံ့မှုကို တိုင်းတာသည့် နည်းလမ်းများလည်း ဖော်ပြထားပါသည်။

၅၉။ အတွေ့အကြုံအခြေခံသည့် စစ်တမ်းများသည် အဂတိလိုက်စားမှုကို အမှန်ကိုယ်တိုင် တွေ့ကြုံမှုနှင့်ပတ်သက်၍ တိုင်းတာရန် ကြိုးပမ်းခြင်းဖြစ်ရာ ဥပမာအားဖြင့် နိုင်ငံသားများသို့မဟုတ် စီးပွားရေးလုပ်ငန်းရှင်များက လာဘ်ပေးရခြင်း သို့မဟုတ် အခြားသော အဂတိလိုက်စားမှုပုံစံများတွင် ပါဝင်ပတ်သက်ခြင်းတို့ကို မေးမြန်းခြင်းဖြစ်ပါသည်။ ယင်းနည်းလမ်းသည် တရားဝင်စာရင်းအင်းအချက်အလက်များ၏ သတင်းရရှိမှုလျော့နည်းသည့် ပြဿနာကို ကျော်လွှားရန်အတွက် အသုံးဝင်ပြီး ကွဲပြားသော လူအုပ်စုများအတွက် သတင်းအချက်အလက်များကို နှိုင်းယှဉ်ရန်နှင့် သတင်းအချက်အလက် ခွဲခြမ်းရန်တို့ကို ပြုပေးပါသည်။ ဖြစ်နိုင်ခြေရှိသော သတင်းအချက်အလက် အရင်းအမြစ် ကြွယ်ဝစွာ ရှိသော်လည်း လာဘ်ပေးလာဘ်ယူခြင်းအပေါ် စူးစိုက်သည့် စစ်တမ်းနမူနာများသည် ကြီးမားသော အဂတိလိုက်စားမှုသို့မဟုတ် ခိုးယူမှုများကို ရှာဖွေတွေ့ရှိနိုင်ရန် စိစစ်ချိန်ကိုက်နိုင်ခြင်းမရှိပေ။ အနည်းငယ်မျှသော နိုင်ငံသားများသည် အဆင့်မြင့်အရာရှိများနှင့် အဂတိလိုက်စားသည့်အစီအစဉ်များတွင် ၎င်းတို့နှင့်အတူ ပါဝင်သော အရာထမ်းများနှင့် အဆက်အသွယ်ရှိပြီး အမည်မဖော်သည့်တိုင် သတင်းပေးပို့လိုခြင်း မရှိကြပါ။

၆၀။ ၁၉၉၀ ခုနှစ်များ၌ အဂတိလိုက်စားမှုအပေါ် ပထမဆုံးနမူနာစစ်တမ်းများသည် အဂတိလိုက်စားသည့် အပြုအမူများဆိုင်ရာ ထင်မြင်ချက်များကို အဓိကဦးတည်ခဲ့သော်လည်း နောက်ပိုင်းတွင် လာဘ်ပေးလာဘ်ယူမှုဆိုင်ရာ အတွေ့အကြုံကို တိုင်းတာခြင်းများ ပါဝင်လာသည်အထိ ကျယ်ပြန့်လာပါသည်။ နိုင်ငံအသီးသီးရှိ ပြစ်မှုဆိုင်ရာတိုက်ရိုက် အတွေ့အကြုံကို တိုင်းတာသည့် လူသိများသော စစ်တမ်းနမူနာများတွင် တစ်ခုဖြစ်သည့် The International Crime Victims Survey (https://wp.unil.ch/icvs/) တွင် လူအများစုအကြား ကြုံတွေ့ရသည့် လာဘ်ပေးလာဘ်ယူမှုများအား တိုင်းတာခြင်းကို စူးစိုက်ပါသည်။ The World Bank's Enterprise Surveys (https://www.enterprisesurveys.org/) နှင့် Business Environment and Enterprise Performance Survey (https://ebrd-beeps.com/methodology/)

၁၂။ ကမ္ဘာ့ဘဏ်သည် ကောင်းမွန်သော အုပ်ချုပ်မှုကို နိုင်ငံတစ်ခု၏ အာဏာပိုင်တို့က ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများနှင့် အဖွဲ့အစည်းများတွင် ကျင့်သုံးဆောင်ရွက်ချက်များဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ (ယင်းနှင့်ပတ်သက်၍ http://info.worldbank.org/governance/wgi/#home ကို ကြည့်ပါ။) (၁) အစိုးရအား ရွေးချယ်ခြင်း၊ စောင့်ကြည့်ခြင်း၊ အစားထိုးခြင်းတို့အား ဆောင်ရွက်သော လုပ်ငန်းစဉ်၊ (၂) ကောင်းမွန်သော မူဝါဒ ရေးဆွဲခြင်း၊ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် အစိုးရ၏ စွမ်းဆောင်ရည်၊ (၃) စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အပြန်အလှန်ဆက်နွယ်မှုများအား စီမံအုပ်ချုပ်သည့် အဖွဲ့အစည်းများအပေါ် ပြည်သူတို့၏ လေးစားမှုတို့ ပါဝင်ပါသည် (Kaufmann, Kraay and

Zoido-Lobaton, 1999)။ ယင်းဖွင့်ဆိုမှုသည် ကောင်းမွန်သော အုပ်ချုပ်မှုအပေါ် မကြာခဏ သုံးသည့် ဖွင့်ဆိုမှုတစ်ခုဖြစ်ပြီး ကမ္ဘာ့ဘဏ်၏ ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုအညွှန်းကိန်းများ (Worldwide Governance Indicators) တွင် အခြေခံဖြစ်ပါသည် (http://info.worldbank.org/governance/wgi/index.aspx#home)။ ၎င်းတို့ကို အောက်တွင် ဆွေးနွေးထားပါသည်။

၁၃။ မူဝါဒတွင် ပါဝင်သော အချက်များ ('sound policies') နှင့် လုပ်ငန်းစဉ်များ ('တရား ဥပဒေစိုးမိုးရေး')၊ ပြည်သူလူထု၏ အစိုးရအပေါ် အကဲဖြတ်မှု၊ ဥပဒေပြုမှု၊ မူဝါဒရေးရာ စသည့်ကိစ္စရပ်များအပြင် နိုင်ငံသားများ၏ အကဲဖြတ်ချက် ('လေးစားမှု')၊ နိုင်ငံရေးအာဏာကို ပေးအပ်နိုင်သော အဖွဲ့အစည်း၊ ဥပဒေနှင့် မူဝါဒကို အကောင်အထည်ဖော်သော အဖွဲ့အစည်းများ ရောထွေးမှုများကို ဝေဖန်ခဲ့ကြပါသည် (Rothstein and Teorell, 2008)။ အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ခိုင်မာသော မူဝါဒထည့်သွင်းမှုက နိုင်ငံတကာကျွမ်းကျင်သူများ (အထူးသဖြင့် စီးပွားရေး) က ခိုင်မာသော မူဝါဒတွင် ပါဝင်သည့် အချက်များကို သိရန် အမှန်မျှော်လင့်နေသလား ဟူသော မေးခွန်းပေါ်ပေါက်စေပါသည်။ ဥပမာ- ပင်စင် သို့မဟုတ် ကျန်းမာရေး စောင့်ရှောက်မှု သို့မဟုတ် ပညာရေးကို ပုဂ္ဂလိက သို့မဟုတ် အစိုးရက ထောက်ပံ့ပေးသင့်သလား သို့မဟုတ် နှစ်ဖွဲ့လုံးပေါင်းပေးသင့်သလား၊ ဘဏ္ဍာရေးအဖွဲ့အစည်းကို မည်သည့် အတိုင်းအတာအထိ မည်ကဲ့သို့ ထိန်းသိမ်းသင့်သနည်း စသည်တို့ဖြစ်ပါသည်။ ပညာရှင် ရော့သ်စတိန်း (Rothstein)နှင့် တီအိုရေးလ် (Teorell)တို့က အစိုးရတစ်ရပ်၏ အရည်အသွေးအား အကဲဖြတ်ခြင်းလုပ်ငန်းစဉ်ထက် မူဝါဒရေးရာအသွင်အပြင်နှင့် မူဝါဒအား အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အချို့သော အဖွဲ့အစည်းများက ပိုမိုအရေးပါကြောင်း တွေ့ရှိရပါသည်ဟု ထောက်ပြခဲ့ပါသည်။

၁၄။ ပညာရှင် ကီးဖာ (Keefer) (2004, p. 5) ကမူ အုပ်ချုပ်မှုဘာသာရပ်သည် နိုင်ငံရေးသိပ္ပံနယ်ပယ်အားလုံးကို ခြုံငုံသည့် လူပုဂ္ဂိုလ်အုပ်စုများက ၎င်းတို့ကို မည်သို့အုပ်ချုပ်သည်ဆိုသည့် မေးခွန်းနှင့် ဆက်နွယ်နေရာ ကျယ်ပြန့်သည့် အဓိပ္ပါယ်ဖွင့်ဆိုမှုများကို မပြုလုပ်ရန် သတိပေးထားပြီးဖြစ်ပါသည်။ ယင်းသည် ဂရင်းန်ဒယ်လ် (Grindle) ၏ ဝေဖန်မှုများနှင့်လည်း ကိုက်ညီပါသည်။ ဂရင်းန်ဒယ်လ်က ဤဝေါဟာရသည် ကောင်းမွန်သော အရာများစွာကို ခြုံငုံထားသော စကားရပ်ဖြစ်ပြီး ဆောင်ရွက်ရမည့် စာရင်းများထက် အနည်းငယ်သာပို၍ ဆောင်ရွက်မှုဖြစ်သည်ဟု ဝေဖန်ခဲ့သည်။ နိုင်ငံဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် အစိုးရအရာရှိကြီးများသည် ကောင်းမွန်သော အုပ်ချုပ်မှု ရရှိရန် မဖြစ်မနေ

ဆောင်ရွက်ရမည့် ကိစ္စများအတွက် စာရင်းရှည်များနှင့် ဆက်လက်ရင်ဆိုင်နေရပြီး ယင်း စာရင်းထဲမှ မည်သည်ကို ဦးစားပေးအဖြစ် ရွေးချယ်နိုင်ရန် လမ်းညွှန်မှုသည် အနည်းငယ်သာ ရှိကြောင်း ဖော်ပြပါသည် (2007, p. 571)။ ပညာရှင် ဂရင်းနဲဒယ်လ်က ကောင်းမွန်သော အုပ်ချုပ်ရေးနှင့်ပတ်သက်၍ အကြံဉာဏ် (၃) ခု ပေးထားပါသည်။ ယင်းတို့မှာ (၁) နိုင်ငံ တစ်နိုင်ငံတွင် ကောင်းမွန်သော အုပ်ချုပ်ရေးရရှိရေး မျှော်လင့်ချက်သည် အထူးသဖြင့် ဆင်းရဲ သော နိုင်ငံများတွင် လွန်ကဲစေနိုင်ခြင်း၊ (၂) အမျိုးမျိုးသော ဖွဲ့စည်းမှုဆိုင်ရာ သီးခြားလက္ခဏာ များနှင့် အလားတူသော ပန်းတိုင်များရရှိနိုင်သည့် ပိုမိုအခြေခံကျသည့် သဘောတရားတို့ကို ခွဲခြားမှုမပြုလုပ်နိုင်ခြင်း၊ (၃) ဩဇာအာဏာနှင့် နိုင်ငံရေးဆိုင်ရာ စီးပွားရေးတို့၏ အရေးကြီး ပြဿနာများအား မျက်ကွယ်ပြုခြင်းဖြင့် ယင်းအယူအဆသည် မည်သို့အောင်မြင်နိုင်မည် ဆိုသည့်အပေါ် အသုံးဝင်မည့် လမ်းညွှန်မှုကို မပေးနိုင်ဟု ပြောကြားခဲ့ပါသည်။

၁၅။ ဤဝေဖန်ချက်များနှင့်အညီ ဆွီဒင်နိုင်ငံရှိ ဂိုသန်ဘာဂ်တက္ကသိုလ် (University of Gothenburg) ၏ Quality of Government Institute (QoG) (https://qog.pol.gu.se/data) ကလည်း အုပ်ချုပ်မှုဆိုသည့် စကားရပ်မှာ ကျယ်ပြန့်လွန်းသဖြင့် သုံးစွဲမှုကို ရှောင်ရှားပြီး ယင်းသို့ အသုံးပြုမည့်အစား အစိုးရ၏ အရည်အသွေးတစ်ရပ် (Quality of Government) ဟု သုံးသင့်ပါကြောင်းနှင့် အထူးသဖြင့် ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် မူဝါဒတစ်ခုစီအပေါ်တွင်သာ အဓိကထားသင့်ကြောင်း ထောက်ပြပါသည်။ အစိုးရအရည်အသွေး၏ အဓိကကွာခြားချက်မှာ လူ့အဖွဲ့အစည်းများတွင် အစိုးရအဖွဲ့အစည်းများ၏ အရည်အသွေးက ပြည်သူလူထု၏ တိုးတက်ကြီးပွားမှုအတွက် အရေးအကြီးဆုံးဖြစ်သည်ဟု ဆိုလိုပါသည်။ Quality of Government (QoG) သည် ကိန်းရှင်ပေါင်း (၂၅၀၀) ကျော်ဖြင့် ပြုစုထားသည့် နိုင်ငံရေးအဖွဲ့အစည်းများနှင့် လုပ်ငန်းစဉ် များဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ ပြုစုခြင်းဖြစ်ပါသည်။ နိုင်ငံတစ်ခု၏ တရား ဥပဒေစိုးမိုးရေး၊ သာတူညီမျှဖြစ်ရေး၊ နိုင်ငံရေးဝါဒ ကွဲပြားစွာ တည်ရှိမှုနှင့် ပညာရေး၊ သတင်း အချက်အလက်နှင့် ဗဟုသုတတို့အပေါ် လက်လှမ်းမီမှု စသည့် အဂတိလိုက်စားမှုဖြစ်စေနိုင် သည့် ကိစ္စရပ်များအပေါ် တိုင်းတာနိုင်သည့် ပုံမှန်နှင့် ပုံမှန်မဟုတ်သည့် အဖွဲ့အစည်းများ၏ ညွှန်းကိန်းများပါဝင်ပါသည်။

ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး

၁၆။ ကောင်းမွန်သော အုပ်ချုပ်ရေးသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားတို့၏ သုခကို ရရှိစေရန် အဓိကသော့ချက်ဖြစ်ပါသည်။ လက်တွေ့ကို အခြေခံသော ဘာသာရပ်များက ဒီမိုကရေစီ ကျင့်သုံးမှုနှင့် ခြားနားချက်၊ ကောင်းမွန်သော အုပ်ချုပ်ရေးသည် လူမှုရေးဆိုင်ရာ ယုံကြည်မှု၊ ဘဝကို ကျေနပ်မှု၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးတရားဝင်ဖြစ်မှု စသည့် ဆောင်ရွက်မှုများအပေါ် ခိုင်မာသော အကောင်းမြင်အကျိုးသက်ရောက်မှုဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည် (Ghosh and Siddique, 2015; Rose–Ackerman, 2016; Rothstein and Teoreel, 2008)။ ကောင်းမွန်သော အုပ်ချုပ်ရေးသည် ကောင်းမွန်သော အစိုးရလက်အောက်တွင် လူတို့ ပိုမိုပျော်ရွှင်စွာ နေရသဖြင့် လူမှုဘဝ၏ တန်ဖိုးရှိမှုကို တိုက်ရိုက်တိုးတက်စေပြီး လူတို့၏ သုခအတွက် တိုက်ရိုက်အရေးကြီးသည့် အရာတစ်ခုကို ပိုမိုအဆင့်မြင့်စွာ ရရှိနိုင်ခြင်းကြောင့် သွယ်ဝိုက်၍လည်း လူမှုဘဝမြင့်မားပျော်ရွှင်ရေးအတွက် ထိရောက်အကျိုးရှိစေပါသည် (Ott, 2010)။ ယင်းသည် အဂတိလိုက်စားမှုကို ထိန်းချုပ်ခြင်းနှင့် ဆက်နွယ်နေပြီး သုခရရှိရေးအတွက် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သက်ရောက်စေပါသည်။ အဂတိလိုက်စားမှုမရှိလျှင် အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိကလုပ်ငန်းများ၏ အရည်အသွေးမြင့်မားလာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်သာသော အနေအထားများ ဖန်တီးပေးပါသည်။ ယေဘုယျနှင့် သီးခြားယုံကြည်မှုမြင့်မားသော အဆင့်သည် ပြည်သူများအား မြင့်မားသော ဝင်ငွေများ ရရှိခြင်းထက် ပျော်ရွှင်မှုကို ဖန်တီးပေးနိုင်သော အထောက်အထားများ တွေ့ရပါသည် (Mungiu–Pippidi, 2015)။ အစိုးရ၏ ဝန်ဆောင်မှုပေးအပ်သော အရည်အသွေးပြောင်းလဲခြင်းသည် နိုင်ငံသားများ၏ လူနေမှုဘဝကို အကဲဖြတ်သုံးသပ်ရာတွင် အကောင်းဘက်မှ အထောက်အပံ့ဖြစ်စေသည်ဟု ဟေလီဝေးလ် (Helliwell) နှင့် အခြားသူများက ၂၀၁၈ ခုနှစ်တွင် တွေ့ရှိခဲ့ပါသည်။

၁၇။ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (SDGs) (https://sustainabledevelopment.un.org/?menu=1300)ကို ပြည့်မီရန် ကောင်းမွန်သော အုပ်ချုပ်ရေး လိုအပ်ကြောင်းနှင့် ပန်းတိုင် (၁၆) (http://sustainabledovelopment.un.org/sdg16) အရ “ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ခိုင်မာအားကောင်းလာသော အဖွဲ့အစည်းများ” ခေါင်းစဉ်ဖြင့် “ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုအတွက် အေးချမ်းသာယာပြီး အားလုံးပါဝင်နိုင်သည့် လူမှုအဖွဲ့အစည်းအား မြှင့်တင်ရေး၊ ပြည်သူ

အားလုံးသို့ တရားမျှတမှု ဆောင်ကြဉ်းပေးနိုင်ရေး၊ တာဝန်ယူ/တာဝန်ခံမှုရှိပြီး ပွင့်လင်းမြင်သာသော အဖွဲ့အစည်းအဖြစ် မြှင့်တင်ရေး" အတွက် ရည်ရွယ်ပါသည်။ အခြား SDGs များသည်လည်း ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် ခိုင်မာစွာ ချိတ်ဆက်ပါသည်။ ဥပမာ-ပန်းတိုင် (၁၀) (https://www.un.org/sustainabledovelopment/inequality/) သည် မညီမျှမှုများကို လျှော့ချပြီး လူတိုင်းပါဝင်သော လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးကို မြှင့်တင်ရန် ဖြစ်ပါသည်။ ပို၍ ယေဘုယျဆန်ဆန်ပြောရလျှင် SDGs အားလုံးကို ပြည့်မီအောင်မြင်ရန်သည် ကောင်းမွန်သော အုပ်ချုပ်ရေးအပေါ် မူတည်နေပါသည်။ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဏာရှိသူများအနေဖြင့် လူ့အခွင့်အရေးကို လေးစားမှုနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးကို ဦးတည်သော အလုပ်အကိုင်၊ နိုင်ငံသားများအတွက် ငတ်မွတ်မှု မရှိစေရေး၊ ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် အရည်အသွေးမြင့်မားသော ပညာရေး၊ ကျား-မတန်းတူညီမျှမှုကို အာမခံရေး၊ မညီမျှမှုလျှော့ချရေး စသည်တို့ကို လုပ်ဆောင်ရန် လိုအပ်ပါသည်။ အဂတိလိုက်စားမှုသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်အပေါ် ဆိုးကျိုးသက်ရောက်မှု ရှိနိုင်ကြောင်းကို E4J အဂတိလိုက်စားမှုတိုက်ဖျက်ရေး တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (၁)၊ အခန်း(၁) ၏ နောက်ဆက်တွဲ (/e4j/en/anti-corruption/module-1/appendix.html) တွင် ဖော်ပြထားပါသည်။

ကောင်းမွန်သော အုပ်ချုပ်ရေး၏ စည်းမျဉ်းဥပဒေသများ

၁၈။ ကောင်းမွန်သော အုပ်ချုပ်ရေး၏ စည်းမျဉ်းဥပဒေသများမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ဆက်စပ်လျက်ရှိပါသည်။ ထို့ကြောင့် ကောင်းမွန်သော အုပ်ချုပ်ရေး၏ အဓိက စည်းမျဉ်း၊ ဥပဒေများသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေသများပင်ဖြစ်သည်။ ကောင်းမွန်သော အုပ်ချုပ်ရေးကို နိုင်ငံရေးစနစ်များနှင့် အဓိပ္ပါယ်ဖွင့်ဆိုရာတွင်-

(၁) ပါဝင်ဆောင်ရွက်နိုင်ခြင်း၊

(၂) တရားဥပဒေစိုးမိုးရေးနှင့် ကိုက်ညီခြင်း၊

(၃) ပွင့်လင်းမြင်သာမှုရှိခြင်း၊

(၄) တုံ့ပြန်ဆောင်ရွက်ခြင်း၊

(၅) အများသဘောဆန္ဒကို အလေးပေးခြင်း၊

(၆) သာတူညီမျှမှုနှင့် အားလုံးပါဝင်နိုင်ခြင်း၊

(၇) ထိရောက်မှုနှင့် အရည်အသွေးရှိခြင်း၊

(၈) တာဝန်ယူ/တာဝန်ခံမှုရှိခြင်း။ (Rothstein and Teorell, 2008; UN, 2009 (https://www.unescap.org/sites/default/files/good-governance.pdf))

၁၉။ နိုင်ငံရေးစနစ်များသည် အထက်ဖော်ပြပါ အချက် (၈) ချက်နှင့် ကိုက်ညီမှုမရှိပါက ယင်း၏အဖွဲ့အစည်းများသည် ပြည်သူ့ရေးရာဝန်ဆောင်မှုပေးဆောင်နိုင်စွမ်း မရှိနိုင်တော့ဘဲ လူတို့၏ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်ခြင်းမရှိပါ။ ဆင်္ခမအချက်သည် အထူး အလေးထားထိုက်ပါသည်။ အကြောင်းမှာ လူနည်းစုတို့၏ အမြင်များကို ထည့်သွင်းစဉ်းစားခြင်း နှင့် ထိလွယ်ရှလွယ်အဖြစ်ဆုံး အုပ်စုများ၏ အသံများကို ဆုံးဖြတ်ချက် ချမှတ်ရာတွင် နားထောင် ခြင်းတို့ကို သေချာစေသောကြောင့်ဖြစ်ပါသည်။ ယင်းအချက် (၈) ချက်ကို အောက်ပါ စာပိုဒ် များတွင် အသေးစိတ်ရှင်းလင်းထားပါသည်။

(၁) ပါဝင်ဆောင်ရွက်နိုင်ခြင်း

၂၀။ အများအကျိုးရှိသော ကိစ္စရပ်အားလုံးအတွက် ဆုံးဖြတ်ချက်ချမှတ်ရာတွင် လူမှုရေး နယ်ပယ်မှ ကဏ္ဍအားလုံးက ပါဝင်ဆောင်ရွက်နိုင်သော အခွင့်အရေးကို ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဟု ခေါ်သည်။ ပါဝင်နိုင်စေရန်အတွက် ဖြစ်နိုင်သော ပတ်ဝန်းကျင်များကို မြှင့်တင်ပေးပြီး ဆက်စပ်သော သတင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီ ဖြန့်ဝေ ပေးခြင်းဖြင့် သက်ဆိုင်သော လူပုဂ္ဂိုလ်အားလုံးတို့က ၎င်းတို့၏ သဘောထားအကြံဉာဏ် များကို လိုလားစွာ ပြောဆိုနိုင်ခြင်းဖြစ်ပါသည်။ လက်လှမ်းမီမှုနှင့် နိုင်ငံသားပါဝင်နိုင်ခြင်း အပေါ် အညွှန်းကိန်းများကို ဥပမာပေးပါသည် (linares, 2016)။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် UNCAC ၏ အပိုဒ် ၁၃ (/documents/brussels/UN_Convention_Against_Corruption.pdf) အရ အဖွဲ့ဝင်နိုင်ငံများသည် အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးနှင့် တိုက်ဖျက်ရေးတွင် အများပြည်သူကဏ္ဍဖြစ်သည့် အရပ်ဖက်အဖွဲ့အစည်း များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူမှုအခြေပြုအဖွဲ့အစည်းများမှ တစ်ဦး တစ်ယောက်ချင်း သို့မဟုတ် အဖွဲ့လိုက်ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ရမည်။

(၂) တရားဥပဒေစိုးမိုးရေးနှင့် ကိုက်ညီခြင်း

၂၁။ တရားဥပဒေစိုးမိုးရေးဆိုသည်မှာ နိုင်ငံတော်၏အာဏာကို အသုံးပြုပြီး အများပြည်သူ ပံ့ပိုးမှုကို ကျယ်ပြန့်စွာ အခြေခံစေပြီး ပုဂ္ဂလိကတစ်ဦးချင်း ကောင်းစားရေးကို ရှောင်ကြဉ်

သော လူမှုတန်ဖိုးများအား ကျယ်ပြန့်စွာ အထောက်အကူပြုသည့် ထုတ်ပြန်ထားရှိသော စံနှုန်းများဖြင့် ဦးဆောင်သွားခြင်းဖြစ်သည် (Johnston, 2002)။ ဥပဒေမူဘောင်များ တည်ရှိပြီး တရားဥပဒေစိုးမိုးမှုရှိ၍ တရားစီရင်ရေးစနစ်သည်လည်း လွတ်လပ်ပြီး ထိရောက်မှုရှိခြင်း၊ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် အခွင့်အရေးများနှင့် ပဋိညာဉ်စာချုပ်များအားလည်း အာဏာသက်ရောက်စေနိုင်ခြင်းအပြင် လူ့အခွင့်အရေးစံနှုန်းကိုလည်း အကောင်အထည်ဖော်ခြင်းဖြစ်ပါသည်။ အုပ်ချုပ်ရေး၏ အာဏာအပေါ် ဖွဲ့စည်းပုံအခြေခံဆိုင်ရာ ကန့်သတ်မှုများလည်း ရှိပါသည်။ ဥပဒေများသည် လူ့အဖွဲ့အစည်း လိုအပ်ချက်များကို တုံ့ပြန်နိုင်ရန်၊ မျှတရန်နှင့် ဘက်လိုက်မှု မရှိဘဲ အာဏာသက်ရောက်မှုရှိရန် လိုအပ်သည်။ ဖိနှိပ်ခြင်း၊ အကျင့်ပျက်ခြင်းများရှိသည့် နိုင်ငံများတွင် အထက်ဖော်ပြပါ လိုအပ်မှုများကို အာမခံခြင်းမပြုသော ဥပဒေများကို ပြဋ္ဌာန်းလိုက်နာစေနိုင်ပါသည်။ စစ်မှန်သော တရားဥပဒေစိုးမိုးရေးစနစ်အတွက် လူ့အဖွဲ့အစည်းနှင့် အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပြီး ယင်းသည် ရှုပ်ထွေးပြီး နက်နဲစွာ အမြစ်တွယ်နေသော လူမှုရေးလုပ်ငန်းစဉ်များ၏ ရလဒ်ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေး (rule of law) နှင့် ဥပဒေဖြင့် အုပ်ချုပ်ရေး (rule by law) တို့ကို ဖုကူရာမ (Fukuyama) (2013) က ခွဲခြားဖော်ပြပါသည်။ ဥပဒေဖြင့် အုပ်ချုပ်ရေး ဆိုသည်မှာ ဥပဒေနှင့် ဗျူရိုကရေစီကို အာဏာ၏ လက်သုံးကိရိယာအဖြစ် အသုံးပြုခြင်းဖြစ်ပြီး တရားဥပဒေစိုးမိုးရေးဆိုသည်မှာ အုပ်ချုပ်ရေးကိုယ်တိုင်က လူတိုင်းအပေါ် ကျင့်သုံးသည့် ဥပဒေများအတိုင်း ကန့်သတ်ထားခြင်းဖြစ်ပါသည်။

၂၂။ ယင်းအစိတ်အပိုင်းများကို စုပေါင်း၍ ကုလသမဂ္ဂက တရားဥပဒေစိုးမိုးရေးကို လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် အများပြည်သူ ပါဝင်သည့် အုပ်ချုပ်ရေးစနစ်တစ်ရပ်သည် ချမှတ်ထားသည့် ဥပဒေအပေါ် နိုင်ငံတကာစံနှုန်းများ၊ လူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီအောင် ထိန်းညှိပြီး အများပြည်သူ သိမြင်နိုင်စေရန် ချပြကာ တာဝန်ယူ/တာဝန်ခံမှုရှိသည့် အုပ်ချုပ်ရေးစနစ်မျိုးဟု အဓိပ္ပါယ်ဖော်ပြပါသည်။ ဥပဒေကြီးစိုးမှု၊ ဥပဒေရှေ့မှောက်တွင် တူညီမှု၊ ဥပဒေအား တာဝန်ခံမှု၊ ဥပဒေကျင့်သုံးရာတွင် မျှတမှု၊ အာဏာခွဲဝေမှု၊ ဆုံးဖြတ်ချက်ချရာတွင် ပါဝင်နိုင်မှု၊ ဥပဒေဆိုင်ရာ သေချာမှု၊ တစ်ဖက်သတ်ကျမှုကို ရှောင်ရှားမှုနှင့် လုပ်ထုံးလုပ်နည်းနှင့် ဥပဒေများ ပွင့်လင်းမြင်သာမှု စသည့်အချက်အလက်များနှင့် အကဲဖြတ်တိုင်းတာနိုင်သည့် အုပ်ချုပ်ရေးတစ်ရပ်ဖြစ်ရန် လိုအပ်ပါသည် (United Nations, 2004 (http://www.un.org/en/documents/view.asp?symbol=S/2004/616))။

၂၃။ The World Justice Project Rule of Law Index (https://worldjusticeproject.org/our-work/wjp-rule-law-index/wjp-rule-law-index-2017%E2%80%932018) နှင့် UN Rule of Law Indicators (https://peacekeeping.un.org/sites/default/files/un_rule_of_law_indicators.pdf) တို့တွင် ပါဝင်သော အညွှန်းကိန်းများနှင့် အတိုင်းအတာများအတွက် သက်ဆိုင်ရာ ဥပမာများကို ကြည့်နိုင်ပါသည်။

(၃) ပွင့်လင်းမြင်သာမှုရှိခြင်း

၂၄။ လူ့အသိုက်အဝန်းမှ သက်ဆိုင်ရာ လူပုဂ္ဂိုလ်များက အာဏာရှိသူ၏ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်ကို စိစစ်နိုင်လျှင် ပွင့်လင်းမြင်သာမှုရှိခြင်း ဖြစ်ပါသည်။ ပွင့်လင်းမြင်သာမှုသည် ပူးပေါင်းဆောင်ရွက်မှုအပေါ် မူတည်ပါသည်။ အရာရှိများသည် သတင်းအချက်အလက် ပေးနိုင်ရန်အတွက် ဆောင်ရွက်ရမည်။ အသုံးပြုနိုင်ရန်အတွက် သတင်းအချက်အလက်များ ပေးနိုင်သော အခွင့်အလမ်းများရှိသည့် ကျိုးကြောင်းဆီလျော်သည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ ရှိရမည်။ လွတ်လပ်သော တရားစီရင်ရေး၊ လွတ်လပ်၍ ပြိုင်ဆိုင်မှုရှိပြီး တာဝန်ယူ/တာဝန်ခံမှုရှိသော သတင်းမီဒီယာအပြင် တက်ကြွပြီး ဆန်းစစ်ဝေဖန်နိုင်သော အရပ်ဖက်အဖွဲ့အစည်းများ ရှိခြင်းသည် အဓိကသော့ချက်ဖြစ်သည် (Johnston, 2002)။ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို လူအများနားလည်စေပြီး လေ့လာ၍ရနိုင်ရန် ထုတ်ဖော်ဖွင့်ချရပါမည်။ ပွင့်လင်းသော အစိုးရသည် ၎င်းတို့ မည်သို့မည်ပုံဆောင်ရွက်နေသည်ကို ပြည်သူတို့အား ချပြခြင်း၊ မည်သည့် စံနှုန်းဖြင့် မည်သူက ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်ကို လူအများ သိရှိအောင် ချပြခြင်းများ ပြုလုပ်ကြပါသည်။ ပွင့်လင်းမြင်သာမှုရှိခြင်းသည် အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် အခြေခံကျသည့် အရေးအကြီးဆုံး သဘောတရားများအနက် တစ်ခုဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ UNCAC ၏ အပိုဒ် (၁၀) (/documents/ brussels/ UN_Convention_Against_Corruption.pdf) တွင် အဖွဲ့ဝင်နိုင်ငံများအား ပြည်သူ့ရေးရာအဖွဲ့အစည်းများတွင် ပွင့်လင်းမြင်သာမှု မြှင့်တင်ရန် အရေးယူဆောင်ရွက်ရေး လိုအပ်ချက်များကို ဖော်ပြထားခြင်းဖြစ်ပါသည်။ ပွင့်လင်းမြင်သာမှုရှိရန်အတွက် အရေးပါသော အရင်းအမြစ်များရှိရမည့်အပြင် သက်ဆိုင်သူများ နားလည်နိုင်သော နည်းလမ်းဖြင့် ဆက်စပ်ပြီး အလွယ်တကူလက်လှမ်းမီနိုင်သည့် လွတ်လပ်စွာ သတင်းစီးဆင်းမှုစနစ်ရှိရပါမည်။ သို့မှသာ အစိုးရ၏ ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ချက်များကို အလွယ်တကူ စောင့်ကြည့်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတကာပွင့်လင်းမြင်သာမှုနှင့် ပတ်သက်သော အညွှန်းကိန်းများသုံးသပ်မှုနှင့်ပတ်သက်၍

Williams, 2014 နှင့် Index of Public Integrity (https://integrity-index.org/) တို့ကို ကြည့်ပါ။ ၎င်းတို့တွင် ဥပမာ- ဘတ်ဂျက်ပွင့်လင်းမြင်သာမှုကဲ့သို့သော အချက်များ ပါဝင်ပါသည်။

(၄) တုံ့ပြန်ဆောင်ရွက်ခြင်း

၂၅။ ပြည်သူလူထုအကျိုးစီးပွားများကို ကာကွယ်နိုင်ရေးအတွက် အဖွဲ့အစည်းများနှင့် ၎င်းတို့၏ လုပ်ငန်းစဉ်များသည် ပါဝင်သက်ဆိုင်သူများအပေါ် ချက်ချင်းသင့်လျော်သော နည်းလမ်းဖြင့် အသင့်တာဝန်ထမ်းဆောင်ခြင်းသည် တုံ့ပြန်ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ အုပ်ချုပ်မှုယန္တရားတွင် လူနည်းစုနှင့် တိုင်းရင်းသားလူမျိုးစုများအပေါ် ထိခိုက်စေသော ခွဲခြားဆက်ဆံခြင်း၊ ကျား-မခွဲခြားခြင်း စသည့် ရှိပြီးဖြစ်သော ခွဲခြားဆက်ဆံမှုဆိုင်ရာ အလေ့အကျင့်များကို အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် ရင်ဆိုင်ခြင်းတို့ကိုလည်း ရည်ညွှန်းပါသည်။ တုံ့ပြန်ဆောင်ရွက်ခြင်း ကောင်းမွန်စေရန် လုပ်ထုံးလုပ်နည်းများတွင် ရွေးချယ်သော ဗဟိုချုပ်ကိုင်မှုအား လျှော့ချခြင်းကို ရွေးချယ်ခြင်းလည်း ပါဝင်နိုင်ပါသည်။ သို့မှသာ ဒေသဆိုင်ရာအစိုးရများသည် မဲဆန္ဒရှင်များ၏ လိုအပ်မှုများနှင့် ပို၍လိုက်ဖက်စွာ ချက်ချင်းလုပ်ဆောင်ပေးနိုင်ခြင်းဖြင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းများတွင် ပိုမိုပါဝင်လာနိုင်မည်ဖြစ်သည်။ နိုင်ငံသားများ၏ ရပိုင်ခွင့်များနှင့် ပံ့ပိုးပေးသည့် ဥပဒေများသည်လည်း တုံ့ပြန်ဆောင်ရွက်ခြင်းကို တိုးတက်မြင့်မားစေရန် ရှေ့တန်းဝန်ဆောင်မှုများ၊ hotline များနှင့် တိုင်ကြားစာများ၊ အသနားခံစာများကို လက်ခံပြီး အာရုံစိုက်လုပ်ဆောင်ပေးသည့် ဝန်ထမ်းများ ထားရှိပြီး အဆင့်တိုင်းအတွက် အချိန်ကာလဘောင် ချမှတ်ထားရမည်ဖြစ်ပါသည်။ တုံ့ပြန်ဆောင်ရွက်ခြင်းကို အထူးသဖြင့် နိုင်ငံတကာအဆင့်တွင် နှိုင်းယှဉ်နိုင်ရန်အလို့ငှာ တိုင်းတာရန် ခက်ခဲပါသည်။ ယင်းနှင့်ပတ်သက်၍ De Silva (n.d)နှင့် E4J ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (၂)၊ အခန်း (၅) (/e4j/en/integrity-ethics/module-5/key-issues.html) တို့ကို ကြည့်ပါ။

(၅) အများသဘောဆန္ဒကို အလေးပေးခြင်း

၂၆။ လက်ရှိစနစ်များသည် လူ့အဖွဲ့အစည်းအတွက် အကောင်းဆုံးသော အကျိုးစီးပွားများဖြည့်ဆည်းပေးရန် အများသဘောဆန္ဒကို အလေးပေးခြင်းက သေချာစေပါသည်။ မည်သည့် လုပ်ဆောင်မှု သို့မဟုတ် မူဝါဒမဆို လူ့အဖွဲ့အစည်းတွင် မတူညီသော အစုအဖွဲ့များအပေါ် ကွဲပြားပြီး ရံဖန်ရံခါဆန့်ကျင်သော နည်းလမ်းများနှင့် ထိခိုက်စေနိုင်သည့်အတွက် ယင်းသည်

အခက်ခဲဆုံး သဘောတရားများအနက် တစ်ခုဖြစ်သည်။ သို့ဖြစ်၍ ကွဲပြားသော အမြင်ရှုထောင့်များကို ထည့်သွင်းစဉ်းစားရပါမည်။ အပေးအယူပြုလုပ်မှုတစ်ရပ်ရရှိရန် ခိုင်မာပြီး ဘက်မလိုက်သည့် ပျော့ပျောင်းသော ဖြန်ဖြေမှုဖွဲ့စည်းပုံတစ်ခု လိုအပ်ပါသည်။ သို့မှသာ အသိုင်းအဝိုင်းတစ်ခုလုံး၏ အကောင်းဆုံးသော အကျိုးစီးပွားရရှိစေရန် လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ပြည်သူ့အသံကို နားထောင်ခြင်း၊ ဆန္ဒခံယူပွဲများ၊ စကားစစ်ထိုးပွဲဖိုရမ်များ ပြုလုပ်ခြင်း၊ ပြည်သူလူထု၏ ဥပဒေကြောင်းဆိုင်ရာ အခွင့်အရေးများကို ခေါင်းဆောင်များသို့ မူဝါဒ အသနားခံစာတင်သွင်းခြင်းနှင့် ဆွေးနွေးတိုင်ပင်ခြင်း ယန္တရားများသည် အများဆန္ဒ ရရှိရန် သို့မဟုတ် အနည်းဆုံး ညှိနှိုင်းမှုလုပ်ကိုင်နိုင်သော နည်းလမ်းများ၏ ဥပမာများဖြစ်ပါသည်။

(၆) သာတူညီမျှမှုနှင့် အားလုံးပါဝင်နိုင်ခြင်း

၂၇။ လူသားတိုင်းတွင် မိမိတို့၏ သုခချမ်းသာဘဝကို တိုးတက်ကောင်းမွန်အောင် သို့မဟုတ် တည်တံ့အောင် ထိန်းသိမ်းနိုင်သည့် အခွင့်အလမ်းများရှိလျှင် သာတူညီမျှမှုနှင့် အားလုံးပါဝင်နိုင်မှုရှိခြင်းဖြစ်ပါသည်။ မူဝါဒများရေးဆွဲချမှတ်ရာတွင် လူ့အဖွဲ့အစည်းအတွင်းရှိ လူသားများအားလုံး အထူးသဖြင့် ထိခိုက်ဆုံးရှုံးမှုအများဆုံးခံစားရသူများကို ထည့်သွင်းစဉ်းစားပေးရန် လိုအပ်ပြီး ထိုသို့ဆောင်ရွက်ပေးပါက ဖယ်ကြဉ်ထားခြင်းခံရခြင်း၊ နိုင်ငံသားအခွင့်အရေးဆုံးရှုံးခြင်း၊ နောက်ကျချန်ရစ်ခံရခြင်းများကို မည်သူမျှခံစားရမည် မဟုတ်ပါ။ ကောင်းမွန်သော အုပ်ချုပ်ရေးသည် ဆင်းရဲနွမ်းပါးသူ၊ အပယ်ခံရသူနှင့် ချို့တဲ့သူတို့၏ အတိဒုက္ခအပေါ် ဦးစားပေးအလေးထားမှုကို တောင်းဆိုပါသည်။ ယင်းမှာ ပညာရှင် ရောလ်စ် (Rawls)၏ မျှတမှုဆိုင်ရာ စည်းမျဉ်းများနှင့် ကိုက်ညီမှုရှိပြီး လူ့အဖွဲ့အစည်းရှိ အဆိုးဆုံးသည်ပင်လျှင် ၎င်းတို့အတွက် မျှတသော အပေးအယူသဘောတူညီချက်တစ်ခု လက်ခံရရှိရမည်ဖြစ်ပါသည်။ ရောလ်စ် (၁၉၇၁) အရ လူမှုရေးနှင့် စီးပွားရေးရာမူဝါဒတွင် အနေအထား (၂) ခုကို လက်ခံသင့်ပါကြောင်း၊ ပထမအချက်မှာ အစိုးရရုံးအဖွဲ့အစည်းများနှင့် ရာထူးနေရာများကို မျှတသော တန်းတူညီမျှအခွင့်အလမ်းများ ဖွင့်ပေးခြင်းနှင့် ဒုတိယအချက်မှာ လူမှုအဖွဲ့အစည်းအတွင်း အခွင့်အရေးအနည်းဆုံးရသူများအား အများဆုံးအကျိုးဖြစ်ထွန်းစေရန် စီစဉ်ပေးရမည်ဖြစ်သည်။ တိုးတက်ကောင်းမွန်သော အခွန်ကောက်ခံမှု၊ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် အိမ်ရာထောက်ပံ့ပေးခြင်းများသည် သာတူညီမျှမှုရှိစေသည့် ယန္တရားများဖြစ်သည်။ တန်းတူညီမျှမှုမရှိခြင်းကို တိုင်းတာမှုအများဆုံးမှာ Gini Index (https://www.cia.gov/library/publications/the-world-factbook/rankorder/2172rank.html) ဖြစ်ပြီး

ယင်းမှာ ပြည့်စုံမှု မရှိပါ။ အဆိုပါ Gini Index သည် နိုင်ငံအတွင်း အခြေချနေထိုင်သူများ၏ ဝင်ငွေ သို့မဟုတ် ချမ်းသာကြွယ်ဝမှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ဖြန့်ဝေခြင်း ဖြစ်ပါသည်။ အခြားတိုင်းတာမှုတစ်ခုမှာ ဆင်းရဲနွမ်းပါးမှု သတ်မှတ်ချက်ထက်နိမ့်သော အခြေအနေတွင် ရောက်ရှိနေသော လူပုဂ္ဂိုလ်များ၏ရာခိုင်နှုန်းကို တိုင်းတာခြင်းဖြစ်ပြီး ယင်းမှာ ဒေသန္တရအခြေအနေများ ဟန်ချက်ညီစေရန် တိုင်းတာခြင်း ဖြစ်ပါသည်။ သာတူညီမျှမှုနှင့် တန်းတူညီမျှမှုဆိုင်ရာ ဆွေးနွေးချက်များ အထူးသဖြင့် မတူကွဲပြားသော ကမ္ဘာတစ်ဝန်းရှိ အကြောင်းအရာများနှင့်ပတ်သက်၍ E4J ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ် တက္ကသိုလ် အဆင့် ရည်ညွှန်းစာစောင် (၂)၊ အခန်း (၅) (http://www.unodc.org/e4j/en/integrity-ethics/module-5/key-issues.html) တွင် ကြည့်နိုင်ပါသည်။

(၇) ထိရောက်မှုနှင့် အရည်အသွေးရှိခြင်း

၂၈။ အစိုးရအဖွဲ့အစည်းများနှင့် ၎င်းတို့၏ လုပ်ငန်းစဉ်များသည် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်နှင့် ကိုက်ညီသော ရလဒ်ကောင်းများ ထွက်ပေါ်စေရန် အရင်းအမြစ်များကို အကောင်းဆုံး အသုံးပြုခြင်းသည် အစိုးရ၏ ထိရောက်မှုနှင့် အရည်အသွေးရှိခြင်းဖြစ်ပါသည်။ အစိုးရအနေဖြင့် ၎င်းတို့၏ လုပ်ငန်းစဉ်များ ထိရောက်မှုနှင့် အရည်အသွေးရှိရေးတို့အတွက် ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးနှင့် စံများ တိုးမြှင့်ရန်၊ ပညာရှင်ပီသသော ဗျူရိုကရေစီစနစ် ဖြစ်စေရန်၊ အဓိကအရေးကြီးသည့် လုပ်ငန်းတာဝန်များအပေါ် အစိုးရ၏ ကြိုးပမ်းမှုများကို အာရုံစိုက်ရန်နှင့် ပိုလျှံမှုကို ဖယ်ရှားရန် သို့မဟုတ် လုပ်ငန်းတာဝန်များ ထပ်နေခြင်းတို့ကို ဖယ်ရှားရန် ဖြစ်ပါသည်။ ပြည်သူ့ရေးရာဝန်ဆောင်မှုတွင် အဖွဲ့အစည်းများ အနေဖြင့် မလိုအပ်သော သတင်းအချက်အလက်တောင်းဆိုမှုများ မဖြစ်စေရန် အစိုးရအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပြီး အစိုးရအဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း တင်းကြပ်မှုများ လျှော့ချခြင်း၊ သင့်လျော်သော နည်းပညာ အသုံးပြုခြင်းများဖြင့် ပြည်သူများ၏ လိုအပ်ချက်ကို တုံ့ဆိုင်းခြင်းမရှိဘဲ လုံလောက်စွာ ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ အများပြည်သူဆိုင်ရာ ပစ္စည်းများနှင့် အများပြည်သူဆိုင်ရာ တန်ဖိုးများ တိုးပွားများပြားစေရန် ဖြောင့်မတ်တည်ကြည်မှုရှိသော လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများဖြင့် နိုင်ငံ၏အရင်းအမြစ်များနှင့် ဩဇာအာဏာကို အသုံးချပြီး နိုင်ငံအတွက် အဓိကအထောက်အပံ့ဖြစ်စေသည့် ကောင်းမွန်သော အုပ်ချုပ်ရေးဆိုင်ရာ စံသတ်မှတ်ချက် တစ်ခု ရှိပါသည်။ ထိရောက်မှုနှင့် အရည်အသွေးရှိခြင်းသည် အဖွဲ့အစည်း၏ အစီအစဉ်များ၊

ရည်မှန်းချက်များနှင့် တစ်ဦးချင်းလုပ်ငန်းဆောင်ရွက်မှုပန်းတိုင်များ ကိုက်ညီမှုရှိရန်လည်း တောင်းဆိုပါသည်။ အလားတူစွာ စိတ်ဓါတ်ပိုင်းဆိုင်ရာ မြှင့်တင်ရေးနှင့် လုပ်ကိုင်နိုင်စွမ်းရည် တည်တံ့ရေးတို့အတွက် လုံလောက်သော လုပ်ခလစာပေးခြင်းနှင့် ငွေကြေးမဟုတ်သော အစားထိုးပေးမှုများလည်း ရှိရပါမည်။ အညွှန်းကိန်းနမူနာအဖြစ် Worldwide Governance Indicator (WGI) တွင် ပါဝင်သော အစိုးရ၏ လုပ်ငန်းစဉ်များ ထိရောက်မှု (http://info.worldbank.org/governance/wgi/#doc) ကို ကြည့်ပါ။

(၈) တာဝန်ယူ/တာဝန်ခံမှုရှိခြင်း

၂၉။ တာဝန်ယူ/တာဝန်ခံမှုရှိခြင်းသည် လူပုဂ္ဂိုလ် သို့မဟုတ် အစုအဖွဲ့တိုင်း ၎င်းတို့၏ ပြုမူဆောင်ရွက်ချက်များ အထူးသဖြင့် အများပြည်သူအကျိုးစီးပွားအပေါ် ထိခိုက်စေမည့် ၎င်းတို့၏ လုပ်ဆောင်မှုများအပေါ် တာဝန်ရှိကြသည်ဟူသော သဘောတရားကို အခြေခံပါသည်။ အဖွဲ့အစည်းဆိုင်ရာ ပါဝင်ပတ်သက်သူများအပါအဝင် အစိုးရ၊ ပုဂ္ဂလိကနှင့် အရပ်ဖက်အဖွဲ့အစည်းများရှိ အဆုံးအဖြတ်ပေးသူများအနေဖြင့် ၎င်းတို့၏ ပြုမူဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အများပြည်သူသို့ ဖြေကြားနိုင်ခြင်း သို့မဟုတ် တာဝန်ယူခြင်းကို ရည်ညွှန်းပါသည်။ တာဝန်ခံမှုသည် အဖွဲ့အစည်းဆိုင်ရာ ပုံစံ၏ကိစ္စရပ်ဟု တစ်စိတ်တစ်ပိုင်းပြောနိုင်ပြီး ပုံမှန် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းမှုများနှင့်ပတ်သက်၍ မည်သည့်ဖွဲ့စည်းတည်ဆောက်ပုံတွင်မဆို ထည့်သွင်းနိုင်သည့်အပြင် ထည့်သွင်းသင့်ကြောင်း ဆိုလိုသည် (Johnston, 2002)။ တာဝန်ယူ/တာဝန်ခံမှု မြှင့်တင်ခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းအတွက် အရေးပါပြီး UNCAC ၏ အဓိကရည်ရွယ်ချက်တစ်ခုဖြစ်ပါသည်။ UNCAC ၏ အပိုဒ် (၁) (/documents/brussels/UN_Convention_Against_Corruption.pdf) ကို ကြည့်ပါ။

၃၀။ တာဝန်ယူ/တာဝန်ခံမှုတွင် နိုင်ငံရေးခွန်အားလည်း လိုအပ်ပါသည်။ ပြည်သူလူထု၊ အကျိုးတူအုပ်စု အစုအဖွဲ့များ၊ အရပ်ဖက်အဖွဲ့အစည်း၊ တရားရုံးများ၊ စာနယ်ဇင်းနှင့် အတိုက်အခံပါတီများအနေဖြင့် အုပ်ချုပ်သူများအား တရားဝင်လုပ်ပိုင်ခွင့်ရှိမှုများကို လိုက်နာပြီး ၎င်းတို့ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပေးရေးအတွက် ခိုင်ခိုင်မာမာတောင်းဆိုနိုင်ရန် ဖြစ်ပါသည်။ ထို့အပြင် ယင်းသို့ တာဝန်ယူ/တာဝန်ခံမှုရှိရေးအတွက် တောင်းဆိုသူများအနေနှင့် ၎င်းတို့ အန္တရာယ်ကင်းစွာ လုပ်နိုင်ကြောင်းနှင့် အစိုးရအရာရှိများကလည်း လူမှုလိုအပ်ချက်နှင့် တောင်းဆိုချက်များကို အလေးအနက်ထားကြောင်း ယုံကြည်စိတ်ချရမည် ဖြစ်ပါသည် (Johnston, 2002, pp. 3–4)။ တစ်ခါတစ်ရံ ပြည်သူ့ရေးရာကဏ္ဍအတွင်း

အပြန်အလှန်ထိန်းကျောင်းခြင်းတာဝန် (အလျားလိုက်တာဝန်ခံခြင်း – horizontal accountability) နှင့် ပြည်သူများအပေါ် အစိုးရ၏တာဝန်ခံမှု (ဒေါင်လိုက်တာဝန်ခံခြင်း – vertical accountability) တို့အကြား ခြားနားမှုတစ်ရပ် တစ်ခါတစ်ရံရှိတတ်ပါသည်။

၃၁။ တာဝန်ယူ/တာဝန်ခံမှုနှင့် ပညာရှင်ပီသမှုမြှင့်တင်ရန် အုပ်ချုပ်မှုဆိုင်ရာ ယန္တရား သို့မဟုတ် လက်သုံးကိရိယာမှာ ကျင့်ဝတ်ပင်ဖြစ်သည်။ ကျင့်ဝတ်များသည် လူပုဂ္ဂိုလ်တစ်ဦး ချင်း၏ ဖြောင့်မတ်တည်ကြည်မှု၊ ရိုးဖြောင့်မှုနှင့် တာဝန်ယူ/တာဝန်ခံမှု မြှင့်တင်ရေးတို့အတွက် မရှိမဖြစ်လိုအပ်သော လက်သုံးကိရိယာများဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ UNCAC ၏ အပိုဒ် (၈) (/documents/treaties/UNCAC/Publications/Convention/08-50026_E.pdf) တွင် “အများပြည်သူဆိုင်ရာ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် မှန်ကန်မှု၊ ဂုဏ်သိက္ခာ ရှိမှုနှင့် နည်းလမ်းတကျရှိစေရန်အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းသည် အပြုအမူဆိုင်ရာ စံနှုန်းများ သို့မဟုတ် ကျင့်ဝတ်ဥပဒေများကို မိမိနိုင်ငံရှိ ဥပဒေစနစ်များနှင့် အဖွဲ့အစည်းများဆိုင်ရာ စနစ်များအတွင်း၌ ပြဋ္ဌာန်းကျင့်သုံးရန် အားထုတ်ဆောင်ရွက်ရမည်” ဟူ၍ ထောက်ခံတင်ပြ ထားပါသည်။ တာဝန်ခံမှုဆိုင်ရာ အညွှန်းကိန်းများကို Holland and others (2009) တွင် ကြည့်ပါ။

ကောင်းမွန်သော အုပ်ချုပ်မှုကို တိုင်းတာခြင်း

၃၂။ ကောင်းမွန်သော အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းများကို လိုက်နာစေပြီး မတူကွဲပြားသော စီရင်ပိုင်ခွင့်အာဏာများကို ကျယ်ကျယ်ပြန့်ပြန့် တိုင်းတာရန်မှာ ရှုပ်ထွေးခက်ခဲပြီး စိန်ခေါ်နေသော လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သည်။ ဤစည်းမျဉ်းအချို့သည် တစ်ဦးနှင့် တစ်ဦး၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု အချင်းချင်းပဋိပက္ခ ဖြစ်စေနိုင်ပါသည်။ ဥပမာအားဖြင့် ပြည်သူများ သာတူညီမျှမှုနှင့် အားလုံးပါဝင်နိုင်မှုတို့ ရရှိစေရန်အတွက် အစိုးရ၏လုပ်ငန်းစဉ်များသည် ထိရောက်ပြီး အကျိုးရှိစေရေး ညှိနှိုင်းမှုများ လိုအပ်ပါသည်။ အများအားဖြင့် အသုံးပြုလျက်ရှိသော အညွှန်းကိန်းများသည် အောက်ပါသတ်မှတ်ထားသော အချက်များအပေါ် ရမှတ်များ ပေးပါသည်– (က) ဘတ်ဂျက်ခွဲဝေခြင်းနှင့် ဝယ်ယူရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အရည်အသွေးနှင့် ဗျူရိုကရေစီစနစ် ကျင့်သုံးနေမှုတွင် တိကျရှင်းလင်းသော လုပ်ငန်းပိုင်းဆိုင်ရာ ဖော်ပြချက်များ၊ (ခ) ပညာရေးဆိုင်ရာ အောင်မြင်မှုပျမ်းမျှရရှိမှု၊ နည်းပညာနှင့် အတတ် ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတို့ကဲ့သို့ စွမ်းဆောင်ရည် အဆင့်များ၊ (ဂ) ပညာရေးနှင့်

ကျန်းမာရေးဆိုင်ရာ ရလဒ်များကဲ့သို့ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုရရှိခြင်း၊ (ဃ) တိုက်ရိုက်လေ့လာသုံးသပ်ချက်များမှ ခန့်မှန်းချက်များ ဖြစ်ပါသည်။

၃၃။ ကောင်းမွန်သော အုပ်ချုပ်ရေးဆိုင်ရာ လူသုံးများသော အညွှန်းကိန်းအချို့မှာ ကမ္ဘာ့ဘဏ်၏ Worldwide Governance Indicators (WGI) (http://info.worldbank.org/governance/wgi/index.aspx#home)၊ Index of Public Integrity (IPI) (https://integrity-index.org/)နှင့် Freedom House ၏ အစီရင်ခံစာတို့ဖြစ်ပါသည် (Freedom in the World)(https://freedomhouse.org/report/freedom-world/freedom-world-2018#anchor-one)။ ဒေသတွင်းအပေါ် စူးစိုက်သည့် Ibrahim Index of African Governance (http://mo.ibrahim.foundation/iiag/) အညွှန်းကိန်းများလည်း ရှိပါသည်။ ယင်းအညွှန်းကိန်းများသည် အုပ်ချုပ်ရေး၏ မတူကွဲပြားသော ရှုထောင့်များနှင့် အမျိုးမျိုးသော အညွှန်းကိန်းများကို စစ်ဆေးပြီး ကောင်းမွန်သော အုပ်ချုပ်ရေးကို တိုင်းတာပါသည်။ ဥပမာအားဖြင့် ကမ္ဘာတစ်ဝန်း ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိသော ကမ္ဘာ့ဘဏ်၏ WGI သည် “စက်မှုနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ကျွမ်းကျင်သော စစ်တမ်းကောက်ယူသူများ၊ နိုင်ငံသားများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အမြင်များ” အပေါ် အခြေခံကာ အောက်ပါအုပ်ချုပ်ရေးဆိုင်ရာ ရှုထောင့် (၆) ရပ်ကို အခြေခံ၍ ကောင်းမွန်သော အုပ်ချုပ်ရေးကို တိုင်းတာပါသည် (WGI website (http://info.worldbank.org/governance/wgi/index.aspx#home)) –

(၁) ပြည်သူ့အသံနှင့် တာဝန်ခံမှု – ပြည်သူ့အခွင့်အရေး၊ ပြည်သူများ ပူးပေါင်းပါဝင်မှု၊ မီဒီယာလွတ်လပ်မှုနှင့် နိုင်ငံရေးလွတ်လပ်မှုများ

(၂) နိုင်ငံရေးတည်ငြိမ်မှုနှင့် ဆူပူ/အကြမ်းဖက်ခြင်း ကင်းမဲ့မှု – နိုင်ငံ့အာဏာသိမ်းယူရေး ခြိမ်းခြောက်မှု

(၃) အစိုးရ၏ လုပ်ငန်းစဉ်များ ထိရောက်မှု – ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေး

(၄) ကြပ်မတ်သော စည်းမျဉ်းများ အရည်အသွေး – စျေးကွက်အားပေးခြင်းဆိုင်ရာ မူဝါဒများ

(၅) တရားဥပဒေစိုးမိုးမှု – ပြစ်မှုဆိုင်ရာ သိရှိနားလည်မှု၊ ထိရောက်သော တရားစီရင်မှု၊ ပဋိညာဉ်စာချုပ်များ

(၆) အဂတိလိုက်စားမှု – အဂတိလိုက်စားမှုကို ထိန်းချုပ်နိုင်မှု၊ စစ်တမ်းကောက်ယူရရှိသည့် အချက်အလက်များအရ တိုင်းတာမှု

၃၄။ အခြားနမူနာတစ်ခုဖြစ်သည့် IPI (https://integrity-index.org/) သည် “အဂတိလိုက်စားမှုကို ထိန်းချုပ်ရန်နှင့် အကျင့်ပျက်မှုမရှိဘဲ အများပြည်သူဆိုင်ရာ အရင်းအမြစ်များသုံးစွဲမှုကို သေချာစေသည့် လူ့အဖွဲ့အစည်းတစ်ရပ်၏ စွမ်းဆောင်ရည်” ကို အကဲဖြတ်ရန် ရှာဖွေခြင်းဖြစ်ပြီး “အစိုးရကို တာဝန်ယူ/တာဝန်ခံစေခြင်း” ဖြစ်ပါသည် (Mungiu-Pippidi and other, 2017)။ ဤအပိုင်းတွင် IPI သည် တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှု၊ အုပ်ချုပ်ရေးတာဝန်၊ ကုန်သွယ်ရေးဆိုင်ရာ လမ်းဖွင့်ပေးမှုများ၊ ဘတ်ဂျက်ဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ e-citizenshipနှင့် သတင်းလွတ်လပ်ခွင့် စသည့် ရှုထောင့်များကို တိုင်းတာပါသည်။ ထို့အပြင် ဖြောင့်မတ်တည်ကြည်မှုကို သုံးသပ်အကဲဖြတ်ပြီး အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များအတွက် အသုံးဝင်သော အချက်အလက်များကို ထောက်ပံ့ပေးပါသည်။ အုပ်ချုပ်ရေးအတွက် အချက်အလက်များ ထောက်ပံ့ပေးသော အခြားအညွှန်းတစ်ခုမှာ World Justice Project Rule of Law Index (https://worldjusticeproject.org/our-work/wjp-rule-law-index) ဖြစ်ပါသည်။ အဆိုပါအညွှန်းကိန်းသည် ကျွမ်းကျင်မှုဆိုင်ရာ စစ်တမ်းပေါင်း (၃၈၀၀)နှင့် အိမ်ထောင်စုပေါင်း (၁၂၀၀၀၀) ကျော်တို့အပေါ် အခြေခံပြီး ကမ္ဘာတစ်ဝန်းရှိ သာမန်ပြည်သူလူထုအနေဖြင့် သိရှိကြုံတွေ့ရသော တရားဥပဒေစိုးမိုးမှုကို တိုင်းတာပါသည် (https://worldjustice project.org/our-work/wjp-rule-law-index)။

၃၅။ ကောင်းမွန်သော အုပ်ချုပ်ရေးဆိုင်ရာ အကဲဖြတ်ခြင်းအတွက် အခြားအရင်းအမြစ်တစ်ခုမှာ World Values Survey (http://www.worldvaluessurvey.org/wvs.jsp) ဖြစ်ပြီး ယင်းမှာ နိုင်ငံအတွင်း အုပ်ချုပ်ရေး၏ အရည်အသွေးအပေါ် ပြည်သူများက မည်သို့သဘောထားအမြင်ရှိမှုကို အခြေခံကာ ကမ္ဘာတစ်ဝန်း နိုင်ငံအဆင့် သတ်မှတ်ပေးခြင်းဖြစ်ပါသည် (Ivanyna and Shah, 2018)။ ထိုထက်ပို၍ တိကျသော အခြေအနေများအပေါ် ဒေသဆိုင်ရာ လေ့လာဆန်းစစ်မှုများဖြင့် ဆောင်ရွက်ခြင်းသည် အတွင်းကျကျသိမြင်နိုင်မှုကို ပေးစွမ်းနိုင်သော်လည်း လက်တွေ့တွင် အသုံးပြုရန်အတွက်မူ ကန့်သတ်ချက်များ ရှိနေပါသည်။ (ဥပမာအားဖြင့် Moore, 1993 နှင့် Olken and Pande, 2012 တို့ကို ကြည့်ပါ။)

၃၆။ မည်သို့ပင်ဖြစ်စေ အထက်ပါအညွှန်းကိန်းများတွင် ပုဂ္ဂိုလ်ရေးခံစားချက်၊ အမြင်များဖြင့် အကဲဖြတ်မှုများရှိနေခြင်း၊ စစ်တမ်းဖြေဆိုသူများဘက်မှ ပါဝင်လိုသည့် စိတ်ဆန္ဒအမျိုးမျိုး

ကြောင့် ဖြစ်ပေါ်လာနိုင်သော ဘက်လိုက်မှုများ ရှိနေခြင်းကြောင့် ယင်းတို့နှင့်ပတ်သက်၍ ယုံကြည်စိတ်ချရမှုရှိ/မရှိ ဝေဖန်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ဤတိုင်းတာမှုတစ်ခုချင်းစီတွင် ၎င်းတို့၏ ကိုယ်ပိုင်ကန့်သတ်ချက်များရှိသည်ကို မှတ်သားထားရန် အရေးကြီးပါသည်။ ကောင်းမွန်သော အုပ်ချုပ်ရေးကို တိုင်းတာသည့် အတိုင်းအတာများအားလုံးသည် တိကျမှုများ ရှာဖွေရန်နှင့် အခြားသော အကြောင်းအရာများအား လျစ်လျူရှုရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်။ ကျောင်းသားများအနေဖြင့် "တိုင်းတာခြင်းနှင့်ပတ်သက်၍ နည်းလမ်းတစ်ခုစီကမည်သို့အတိအကျပြောနိုင်သနည်း၊ ယင်းသို့ တိုင်းတာရန် သတ်မှတ်ချက်များကို မည်သို့ဖွဲ့စည်းတည်ဆောက်သနည်း" ဟူသည့် မေးခွန်းများကို မေးမြန်းနိုင်ပါသည်။ ဒုတိယပိုင်းမေးခွန်းသည် မည်သည်ကို တိုင်းတာရန် တောင်းဆိုမှုနှင့် ဆန့်ကျင်ပြီး မည်သည့်အညွှန်းကိန်းသို့မဟုတ် အဆင့်တစ်ခုချင်းက အမှန်တကယ်တိုင်းတာမှုဖြစ်သည်ကို မေးမြန်းထားခြင်းဖြစ်ပါသည်။

၃၇။ ကောင်းမွန်သော အုပ်ချုပ်ရေးကို တိုင်းတာခြင်းနှင့် အနက်အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အခက်အခဲရှိသည့် အဓိကအကြောင်းအရင်းတစ်ရပ်မှာ သီအိုရီပိုင်းဆိုင်ရာ ချဉ်းကပ်မှု၊ နည်းစနစ်ကျသော ချဉ်းကပ်မှုနှင့် လက်တွေ့ကျသော ချဉ်းကပ်မှုများ တစ်ခုစီသည် "အုပ်ချုပ်ရေး" ဟူသည့် စကားရပ်ကို ကွဲပြားစွာ စိတ်ကူးပုံဖော်နေကြခြင်းတို့ကြောင့် ဖြစ်ပါသည် (Andrews, 2008)။ အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ ကောင်းမွန်သော အုပ်ချုပ်ရေးအစား "အစိုးရ၏ အရည်အသွေး" ဟူသော စကားရပ်ကို အသုံးပြုခြင်းက ဖြေရှင်းချက်တစ်ရပ်ပင် ဖြစ်ကြောင်း ပညာရှင် ရော့သ်စတိန်း (Rothstein) နှင့် တီအိုရေးလ် (Teorell) (2008) တို့ကဲ့သို့သော သုတေသနပညာရှင်များက အကြံပြုထားပါသည်။ သို့သော် ကောင်းမွန်သော အုပ်ချုပ်ရေးဟူသည့် စကားရပ်ကို ကျယ်ကျယ်ပြန့်ပြန့် ရှည်ကြာစွာ အသုံးပြုလျက်ရှိပြီး ယင်းကို တိုင်းတာရန်နှင့် အနက်အဓိပ္ပါယ်ဖွင့်ဆိုရန် စိန်ခေါ်မှုများရှိသော်လည်း ကြိုးစားဆောင်ရွက်ရန် လိုအပ်ပါသည်။

အဂတိလိုက်စားမှုနှင့် ညံ့ဖျင်းသော အုပ်ချုပ်ရေး

၃၈။ ၁၉၉၀ ပြည့်နှစ်များ၏ အလယ်ပိုင်းကာလမတိုင်မီအထိ ပညာရှင်များနှင့် လက်တွေ့လေ့လာသူများအနေဖြင့် အဂတိလိုက်စားမှုနှင့် ညံ့ဖျင်းသော အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးအဖြေရှာမှုများ ပြုလုပ်ခြင်းမရှိခဲ့ပါ။ အဂတိလိုက်စားမှု အမျိုးအစားအချို့မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် လုပ်ငန်းသဘောအရ "ဘီးများအတွက် ချောဆီ" ဖြစ်နိုင်သည် ဟူ၍

အများစုက အငြင်းပွားခဲ့ကြပါသည်။ ကမ္ဘာ့ဘဏ်၏ WGI ကဲ့သို့သော အညွှန်းကိန်းများနှင့် တိုင်းတာမှုများစွာ ရှိခဲ့ကြပြီး အစိုးရအဖွဲ့အစည်းများသည် အဂတိလိုက်စားမှုမှ ကျိုးကြောင်းလျော်ညီစွာ လွတ်မြောက်နေကြပြီး ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ပြည်သူများအတွက် ကျန်းမာပျော်ရွှင်သော လူနေမှုဘဝ ရရှိစေသည့် ကောင်းမွန်သော အကျိုးသက်ရောက်မှုများရှိသည်ကို လေ့လာတွေ့ရှိချက်များစွာက ဖော်ပြခဲ့ကြပါသည်။ ဤအပိုင်းသည် မူဝါဒရေးရာအကောင်အထည်ဖော်ဆောင်ရွက်သည့် အစိုးရအဖွဲ့အစည်းများ၏ အရည်အသွေး (အဂတိလိုက်စားမှုကို ထိန်းချုပ်မှုနှင့် တရားဥပဒေစိုးမိုးမှု)နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အကြား ဆက်နွယ်မှုနှင့်ပတ်သက်၍ ဆွေးနွေးမှုက အခရာဖြစ်ပါသည် (Holmberg, Rothstein and Nasiritousi, 2009)။

၃၉။ ထိရောက်မှုမရှိသော အစိုးရအဖွဲ့အစည်းများသည် ပြည်သူ့ရေးရာဝန်ဆောင်မှု လုပ်ငန်းများဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် ဥပဒေအာဏာသက်ရောက်မှုတို့အပေါ် အဟန့်အတားဖြစ်စေပါသည်။ ပြည်သူ့ဝန်ထမ်းအရာရှိများက ၎င်းတို့အပေါ် ပြည်သူများ မျှော်လင့်ထားသော ဝန်ဆောင်မှုများ ရရှိစေရန် ဗျူရိုကရက်များကဲ့သို့ ဆောင်ရွက်ပေးခြင်းမရှိပါက ပြည်သူများအနေဖြင့် အခြားနည်းလမ်းများသုံး၍ ဝန်ဆောင်မှုများ ရယူနိုင်ပါသည်။ ပြည်သူများအနေဖြင့် လာဘ်ပေးရန် မလိုဘဲ ဝန်ဆောင်မှုများ ရယူနိုင်သည့် နိုင်ငံများအမြောက်အများရှိပါသည်။ သို့သော် နိုင်ငံတိုင်းကို မဆိုလိုပါ။ ဒေသတွင်း၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာတွင် အစိုးရ၏ အုပ်ချုပ်မှုအရည်အသွေးနှင့်ပတ်သက်သော ရှုထောင့်အမြင်များမျှဝေနိုင်ရန်နှင့် ကောင်းမွန်သော အုပ်ချုပ်မှုအရည်အသွေးမြှင့်တင်နိုင်ရန် မိဒီယာများ၏ အခန်းကဏ္ဍသည် အရေးကြီးပါသည်။

၄၀။ အဂတိလိုက်စားမှုနှင့် ကောင်းမွန်သော အုပ်ချုပ်မှုအကြား ကျိုးကြောင်းဆက်စပ်မှု ရှိသော ရုန်းမထွက်နိုင်သည့် အပြန်အလှန်ဆက်နွယ်မှုတစ်ခု ရှိနေပါသည်။ ကောင်းမွန်သော အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းများနှင့် ဖွဲ့စည်းပုံများ အစီအစဉ်တကျမရှိပါက ယင်းသည် အဂတိလိုက်စားမှုဖြစ်ပေါ်ရန် ကြီးမားသော အခွင့်အလမ်းတစ်ခု ဖြစ်စေပါသည်။ အခြားတစ်ဖက်တွင်လည်း အဂတိလိုက်စားမှုသည် ကောင်းမွန်သော အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းများနှင့် ဖွဲ့စည်းပုံများကို အစီအစဉ်တကျရှိစေရန် သို့မဟုတ် ဥပဒေအာဏာသက်ရောက်မှုရှိစေရန် အဟန့်အတားဖြစ်စေပါသည်။ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် တရားဥပဒေစိုးမိုးမှုဆိုင်ရာ စည်းမျဉ်းများ ချိုးဖောက်ခြင်းသည် အဂတိလိုက်စားမှုကို အနီးစပ်ဆုံးဆက်စပ်

ဖြစ်ပေါ်စေပါသည်။ အဆုံးတွင် အဂတိလိုက်စားမှုနှင့် အုပ်ချုပ်ရေးအားနည်းမှုတို့သည် ဒီမိုကရေစီစနစ်၊ တရားဥပဒေစိုးမိုးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဟန့်အတားဖြစ်စေသော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ ဖြစ်လာကြပါသည်။

၄၁။ ပြည်သူ့ကျန်းမာရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးတို့ကဲ့သို့သော နယ်ပယ်များတွင် ပစ္စည်းပိုင်ဆိုင်ခွင့် အခွင့်အရေးများ မရှိခြင်းနှင့် အဂတိလိုက်စားမှုများ ဖြစ်ပွားခြင်းတို့၏ အဓိကအကြောင်းအရင်းဖြစ်သည့် ညံ့ဖျင်းသော အုပ်ချုပ်ရေး၏ နောက်ဆက်တွဲဆိုးကျိုးများနှင့်ပတ်သက်၍ ပညာရှင်အဖွဲ့အစည်းတစ်ခုက ဖော်ထုတ်ခဲ့ပါသည် (Swaroop and Rajkumar, 2002; Holmberg and Rothstein, 2011)။ အာဏာရှင်ဆန်သော အုပ်ချုပ်မှု၊ အဂတိလိုက်စားမှုနှင့် စီးပွားရေးကျဆင်းမှုတို့အပါအဝင် အရည်အချင်း မပြည့်ဝသော အစိုးရသည် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ ပူးပေါင်းပါဝင်ရေးနှင့် မဲပေးရေးတို့အပေါ် သက်ရောက်မှု ဖြစ်စေပါသည် (Hooghe and Quintelier, 2014; Kostadinova, 2009)။ ကောင်းမွန်သော အုပ်ချုပ်ရေးကို တိုင်းတာရာတွင် ပြည်တွင်းဆူပူအကြမ်းဖက်မှု ပဋိပက္ခများ မရှိစေရေး ကြိုတင်ခန့်မှန်းခြင်းသည် ဒီမိုကရေစီဆိုင်ရာ ဆောင်ရွက်ချက်များထက် ကောင်းမွန်သော အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များက ပိုမိုအားကောင်းသည်ဟု ရိုဘီ (Roby) နှင့် တီအိုရေးလ် (၂၀၁၀) တို့က ဖော်ပြကြပါသည်။ လက်ပွမ်နတီ (Lapuente) နှင့် ရော့သ်စတိန်း (၂၀၁၀) တို့က ပြည်တွင်းစစ်ပွဲများအတွက် အလားတူရလဒ်များဖြစ်စေပါသည်။ (တရားဥပဒေစိုးမိုးမှု၊ အဂတိလိုက်စားမှု ထိန်းချုပ်မှုနှင့် အစိုးရ၏လုပ်ငန်းစဉ်များ ထိရောက်မှုတို့ ပေါင်းစပ်ထားသော) အထွေထွေအုပ်ချုပ်ရေးသည် ကမ္ဘာ့နိုင်ငံသားများ၏ နိုင်ငံများအပေါ် အကဲဖြတ်ခြင်းတွင် အရေးပါပြီး ကြီးမားကျယ်ပြန့်လျက်ရှိသည်ကို ဂဲလ်လီ (Gilley) (2006, p.57) က ဖော်ပြထားပါသည်။ ထို့အပြင် ဂဲလ်လီက ဒီမိုကရေစီဆိုင်ရာ အခွင့်အရေးနှင့် လူမှုဖူလုံရေးရရှိမှုကို တိုင်းတာသည့် ပြောင်းလဲနိုင်သော အတိုင်းအတာများထက် ဤအုပ်ချုပ်မှုကို တိုင်းတာသည့် ပြောင်းလဲနိုင်သော အတိုင်းအတာများက နိုင်ငံရေးဆိုင်ရာ တရားဝင်ဖြစ်မှုအပေါ် ပိုမိုပြင်းထန်စွာ ဆိုးကျိုးသက်ရောက်မှုရှိသည်ဟု ထပ်မံဖော်ပြထားပါသည်။

အုပ်ချုပ်မှုဆိုင်ရာပြုပြင်ပြောင်းလဲမှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး

၄၂။ ယေဘုယျအားဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေးသည် အလုံးစုံအောင်မြင်မှုရရှိရန်မှာ ခက်ခဲသော စံနမူနာတစ်ခု ဖြစ်ပါသည်။ ပုံမှန်အားဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေးတွင်

မူဝါဒရေးဆွဲရေးဆိုင်ရာ ဆွေးနွေးပွဲစားပွဲဝိုင်းသို့ ဦးစားပေးမှုများ၊ အတွေ့အကြုံများနှင့် အတွေး အခေါ်များ ယူဆောင်လာသည့် စိတ်ရင်းစေတနာကောင်းသော ပြည်သူများ ပါဝင်ပတ်သက်နေ ပါသည်။ ကောင်းမွန်သော အုပ်ချုပ်ရေး ဖြစ်စေရန်အတွက် ထိရောက်မှုရှိပြီး ကျင့်ဝတ်နှင့်ညီ သော ခေါင်းဆောင်မှုရှိရန် လိုအပ်ပါသည်။ (ဤအကြောင်းအရာနှင့်ပတ်သက်သော ဆွေးနွေး ချက်ကို E4J ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (၁)၊ အခန်း (၄) (/e4j/en/integrity-ethics/module-4/index.html)ကို ကြည့်ပါ။)

၄၃။ အုပ်ချုပ်ရေးဆိုင်ရာ အရည်အသွေး တိုးတက်ကောင်းမွန်ရန်အတွက် အစိုးရနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်ရေးအပေါ် တည်ဆောက်သည့် နှစ်ရှည်မဟာဗျူဟာ အပါအဝင် ပူးပေါင်းဆောင်ရွက်မှုနှင့် အဖွဲ့အစည်းများ ခိုင်မာအားကောင်းရန် လိုအပ်သည် ဟု ဂျွန်စတန် (Johnston) (2002) က ဖော်ပြထားပါသည်။ အစိုးရတစ်ရပ်အနေဖြင့် တာဝန် ယူမှု၊ ပွင့်လင်းမြင်သာမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ တရားဥပဒေစိုးမိုးမှုတို့ရှိပါက အများ ပြည်သူ၏ ယုံကြည်မှု၊ ထိရောက်မှုနှင့် တရားဝင်ဖြစ်မှုတို့ တိုးတက်လာနိုင်ပြီး ပြည်သူများ ပိုမိုပူးပေါင်းပါဝင်သော ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းထားနိုင်မည်ဖြစ်ပါသည်။

၄၄။ “ကောင်းမွန်သော အုပ်ချုပ်ရေး” ၏ အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်ဆိုင်ရာ ဆွေးနွေးမှု များနှင့် ဒီမိုကရေစီစနစ်၏ အရည်အသွေး၊ စွမ်းဆောင်ရည်ရှိသော မူဝါဒချမှတ်ရေးနှင့် အဂတိ လိုက်စားမှုတိုက်ဖျက်ရေးတို့၏ ဆက်နွယ်မှုများသည် ရှိနေဆဲဖြစ်ပြီး နိုင်ငံရေး၊ စက်မှုလုပ်ငန်း ဗဟုသုတပုံစံအသစ်များနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကြိုးပမ်းမှုများသည် မူဝါဒ ရေးဆွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အသိပညာဗဟုသုတများ ပိုမိုပါဝင်နိုင်ရန် တောင်းဆိုမှုများဖြင့် ပြည့်ကြပ်မနေရန် လိုအပ်ပါသည် (Grindle, 2017; Rose-Ackerman, 2016)။

၄၅။ မတူညီသော ဖွဲ့စည်းပုံဆိုင်ရာ တည်ဆောက်မှုများအရ ကောင်းမွန်သော အုပ်ချုပ် ရေးတွင် ပါဝင်ရမည့် အချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုများရှိနေသဖြင့် ကောင်းမွန် သော အုပ်ချုပ်ရေးနှင့် ဒီမိုကရေစီစနစ်တို့အကြား ဆက်နွယ်မှုဆိုင်ရာ ဆွေးနွေးပွဲများ ပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။ အားနည်းချက်များရှိသော်လည်း လွတ်လပ်သော ဒီမိုကရေစီ စနစ်ကျင့်သုံးသော အစိုးရဖွဲ့စည်းမှုပုံစံသည် ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သဘာဝအားဖြင့် ကိုက်ညီမှုအရှိဆုံး ဝိသေသလက္ခဏာများ ပေးစွမ်းနိုင်ပါသည်။ အဆိုပါ ဒီမိုကရေစီစနစ်တွင် ပြည်သူများအနေဖြင့် ၎င်းတို့ကို ကိုယ်စားပြုသော ကိုယ်စားလှယ်များမှတစ်ဆင့် ၎င်းတို့ ရရှိ

ထိုက်သော အခွင့်အရေးများအား ကာကွယ်ရန်နှင့် ကျင့်သုံးရန် အခွင့်အာဏာများ ပါဝင် ပတ်သက်နေသောကြောင့် ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်သည် အစိုးရအဖွဲ့အစည်းများ အချင်းချင်း အပြန်အလှန်စောင့်ကြည့်ထိန်းကျောင်းခြင်းနှင့် အမြင်ကျယ်သော ပညာတတ် ပြည်သူများ လိုအပ်ပါသည်။ အာဏာအပြောင်းအလဲအတွက် အကြိတ်အနယ်ယှဉ်ပြိုင်သော ရွေးကောက်ပွဲများအနေနှင့် သမားရိုးကျဒီမိုကရေစီစနစ်သည် ကောင်းမွန်သော အုပ်ချုပ်ရေး အတွက် လိုအပ်သော အနေအထားမဟုတ်ပါ။ ဒီမိုကရေစီစနစ်က ကောင်းမွန်သော အုပ်ချုပ် ရေးကို အားပေးရန် အထောက်အကူပြုသင့်သော်လည်း ရွေးကောက်ခံသည့် ဒီမိုကရေစီ မရှိဘဲ အများပြည်သူဆိုင်ရာ တာဝန်ခံမှုရှိသည့် မူဝါဒချမှတ်ခြင်း ရှိခြင်းသည်လည်း ဖြစ်နိုင်ပါ သည်။ သို့ဖြစ်ရာ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၏ အဓိကစိန်ခေါ်မှုမှာ ပြည်သူများ လက်ခံနိုင်ပြီး ၎င်းတို့၏ လူမှုပြဿနာများကို ဖြေရှင်းပေးနိုင်မည့် မူဝါဒများ ထွက်ပေါ်လာစေ ရေးအတွက် ဒီမိုကရေစီဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ပါဝင်ဆောင်ရွက်မှုတို့ ပံ့ပိုးပေးရန် ဖြစ်ပါသည် (Rose-Ackerman, 2016)။

၄၆။ ယေဘုယျအားဖြင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများသည် အစိုးရအရာရှိများနှင့် ပုဂ္ဂလိကအဖွဲ့အစည်း/လူပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များအကြား စေ့စပ်ညှိနှိုင်း ဆွေးနွေးမှုများ တိုးတက်ကောင်းမွန်ရန် အာရုံစိုက်သင့်ပါသည် (Rose-Ackerman, 2016)။ စိန်ခေါ်မှုသည် အစိုးရ (နှင့် ပုဂ္ဂလိကကဏ္ဍ) လုပ်ဆောင်မှုတွင် တာဝန်ယူ/တာဝန်ခံမှုနှင့် အရည်အသွေးကို အားပေးသည့် စနစ်များ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများဖြင့် ဖြောင့်မတ် တည်ကြည်မှု အခြေခံအဆောက်အဦကို ဖန်တီးပေးခြင်းဖြစ်ပါသည် (လူ့အဖွဲ့အစည်း၏ အရင်းအမြစ်များကို အကောင်းဆုံးအသုံးပြုရန် လုပ်ဆောင်ခြင်း)။ ကျင့်ဝတ်နှင့်မညီသည့် အမူအကျင့်များ လျော့ပါးခြင်း၏ ရှုပ်ထွေးမှုနှင့်ပတ်သက်၍ E4J ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (၂)၊ အခန်း(၆) (http://www.unodc.org/e4j/en/integrity-ethics/module-6/key-issues.html)၊ အခန်း(၇) (http://www.unodc.org/e4j/en/integrity-ethics/module-7/key-issues.html) နှင့် အခန်း(၈) (http://www.unodc.org/e4j/en/integrity-ethics/module-8/key-issues.html) တို့တွင် လေ့လာနိုင်ပါ သည်။

၄၇။ သို့သော်လည်း မြန်မြန်ဆန်ဆန်ဖြေရှင်းနိုင်သော နည်းလမ်းများ မရှိသေးပါ။ အချို့သော ကြိုးပမ်းဆောင်ရွက်မှုများသည် ထိရောက်မှုရှိပြီး အချို့မှာ အကျိုးအမြတ်အနည်းငယ်သာ

ရရှိခြင်း၊ အရင်းအမြစ်များနှင့် အခွင့်အလမ်းများ ဆုံးရှုံးခြင်း သို့မဟုတ် ကောင်းကျိုးထက် ထိခိုက်ဆုံးရှုံးမှု ပိုမိုများပြားနေခြင်းတို့ ဖြစ်လာပါသည်။ ဖွံ့ဖြိုးမှုလုပ်ငန်းဆောင်ရွက်နေသူများ (အကြံပေးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း ခေါင်းဆောင်များနှင့် အစိုးရအရာရှိများကဲ့သို့) အနေဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေး ဖြစ်စေရန် "ဆောင်ရွက်ရမည့် ကိစ္စရပ်များ" ကို စာရင်းရှည်ဖြင့် ထားရှိကြပြီး ဦးစားပေးရမည့်ကိစ္စအပေါ် လမ်းညွှန်ချက် အနည်းငယ်သာ ပေးလေ့ရှိပါသည် (Grindle, 2017)။ ဂျွန်စတန် (2002) က အဂတိလိုက်စားမှုများ လျှော့ချရန်၊ ကောင်းမွန်သော အုပ်ချုပ်မှုအရည်အသွေးတိုးတက်စေရန် ရှောင်ကြဉ်ရမည့် အချက်များနှင့် ကြိုတင်မျှော်မှန်းထားသင့်သော အဓိကစိန်ခေါ်မှု (၉) ချက်နှင့်ပတ်သက်၍ ဆွေးနွေးပါသည်။ ၎င်းဆွေးနွေးချက်အနှစ်ချုပ်ကို အောက်တွင် ဖော်ပြထားပါသည်။

လွန်ကဲစွာ ဥပဒေပြုခြင်းနှင့် စည်းမျဉ်းကြပ်မတ်ခြင်းကို ရှောင်ကြဉ်ရန်

၄၈။ မူဝါဒနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို တိုးတက်ကောင်းမွန်စေရန် ဥပဒေများနှင့် အထက်မှအောက် မူဝါဒချမှတ်ခြင်းအပေါ် လွန်စွာအမှီပြုခြင်းက ဆွဲဆောင်နေပါသည်။ ယင်းသို့ တရားသေဆန်မှု၏ အကျိုးဆက်အနေဖြင့် အရင်းအမြစ်များနှင့် အခွင့်အလမ်းများ ဆုံးရှုံးပြီး လူအဖွဲ့အစည်း၏ ဒိဋ္ဌဖြစ်ရပ်များအတွက် ကောင်းမွန်သော တုံ့ပြန်ဆောင်ရွက်ချက်များ မရှိသည့် မူဝါဒများ ထွက်ပေါ်လာစေပါသည်။ ထို့အပြင် ကောင်းမွန်သော အုပ်ချုပ်မှုဖြစ်စေရေး ကြိုးပမ်းမှုများအပေါ် အများယုံကြည်လက်ခံနိုင်မှုကို လျော့ပါးစေပြီး အဂတိလိုက်စားမှုများအတွက် မက်လုံးများ ပိုမိုဖြစ်ပွားစေပါသည်။ သို့ဖြစ်ရာ ဆွေးနွေးဝေဖန်မှုများနှင့် ဆွေးနွေးတိုင်ပင်မှုများအတွက် နေရာတိုးမြှင့်ပေးနိုင်မည့် မူဝါဒများ လိုအပ်ပြီး ဆန်းသစ်တီထွင်မှုကို အားပေး၍ တားမြစ်မှုများထက် အပြုသဘောဆောင်သော မက်လုံးများဖြင့် မျှော်မှန်းသော ရလဒ်များ ထွက်ပေါ်စေရန် လိုက်ပါလုပ်ဆောင်ရပါမည်။

နိုင်ငံရေးသည် ကောင်းမွန်သော အုပ်ချုပ်ရေး၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်ကို သတိရရန်

၄၉။ ပြုပြင်ပြောင်းလဲရေးဖော်ဆောင်သူအများစုက အုပ်ချုပ်ရေးနှင့်ပတ်သက်၍ အုပ်ချုပ်ရေးဆိုသည်မှာ စီမံခန့်ခွဲရေးနည်းပညာလုပ်ငန်းများဖြစ်ပြီး ထင်ပေါ်သော်လည်း သက်တမ်းမရှည်သည့် လူထုလှုံ့ဆော်ပွဲများမှတစ်ဆင့် ကြိုတင်အသိပေးထားသော လေ့ကျင့်ခန်းမျိုး သို့မဟုတ် အထက်မှ ဇာတ်တိုက်ထားသည့် လုပ်ငန်းစဉ်မျိုးဖြင့် လူထုပူးပေါင်းပါဝင်ခြင်းဟု ရှုမြင်ကြပါသည်။ မည်သည့်လူထုပူးပေါင်းပါဝင်မှုမြင်ကွင်းဖြစ်စေ၊ နိုင်ငံသားများအတွက် မည်သည့် ရေရှည်လမ်းကြောင်းတွင်မဆို ပါဝင်ရန် သို့မဟုတ် မိမိတို့အသိုင်းအဝိုင်း၏

အခက်အခဲပြဿနာများအပေါ် တရားဝင်ကတိပေးမှုများနှင့် ချိတ်ဆက်ရန် အခွင့်အလမ်း သို့မဟုတ် မက်လုံးအနည်းငယ်သာ ရှိပါသည်။

ပြုပြင်ပြောင်းလဲရေးအတွက် ကျယ်ပြန့်စွာ အခြေခံသော ပံ့ပိုးမှုများ တည်ဆောက်ရန်နှင့် ပြဿနာများနှင့် အငြင်းပွားမှုများကို သတိမူရန်

၅၀။ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများတွင် တည်မြဲသော ခေါင်းဆောင်မှုနှင့် အထက်မှ ကတိကဝတ်များ လိုအပ်ပါသည်။ အုပ်ချုပ်ရေးဖွဲ့ဖြိုးတိုးတက်ကောင်းမွန်လာစေရန် ယုံကြည်မှု မျှဝေခြင်း ပါဝင်ပတ်သက်နိုင်သော်လည်း အရင်းအမြစ်များ၊ ကြိုးပမ်းအားထုတ်မှု၊ အချိန်ယူမှု များရှိနေသည့်တိုင် လူ့အဖွဲ့အစည်းအတွင်း သွားရောက်ပြီး ပြည်သူလူထု၏ စိုးရိမ်မှုများကို သိရှိနားလည်၍ ကျယ်ပြန့်စွာ အခြေခံသော ပံ့ပိုးမှုကို တည်ဆောက်ရပါမည်။

မက်လုံးများကို သတိမူရန်

၅၁။ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုသည် အရည်အသွေးရှိမှု၊ ရိုးဖြောင့်မှုနှင့် ယဉ်ကျေးမှု အရ စာနာမှု စသဖြင့် အများပြည်သူဆိုင်ရာပစ္စည်းများအပေါ် ရံဖန်ရံခါအလေးထားပါသည်။ ပုဂ္ဂလိကအကျိုးခံစားခွင့်များအား ချန်လှပ်ထားပါသည်။ ပိုမိုကောင်းမွန်သော အုပ်ချုပ်ရေးက အခွန်များ ဖြတ်တောက်နိုင်ခြင်း၊ ပြန်လည်အားပြည့်လာသည့် စီးပွားရေးတွင် အလုပ်အကိုင် များ ရှာဖွေရန် ပိုမိုလွယ်ကူစေခြင်း၊ မိသားစုနှင့် ပိုင်ဆိုင်မှုများကို အကာအကွယ်ပေးခြင်း စသည့် ဆွဲဆောင်မှုများသည် အရပ်ဖက်အဖွဲ့အစည်း၏ ပူးပေါင်းပါဝင်အားပေးမှုရှိနေလျက် နှင့်ပင် အသိအမှတ်ပြုခံရခြင်း လွန်စွာနည်းပါးနေပါသည်။ နိုင်ငံသားများ၊ အစိုးရအရာရှိများ နှင့် နိုင်ငံရေးခေါင်းဆောင်များအနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်မှ အကျိုးခံစားခွင့် များ ရရှိမည်ဖြစ်ကြောင်း ကြီးမားသော ကြိုးပမ်းမှုများဖြင့် ဆွဲဆောင်ရမည် ဖြစ်ပါသည်။

ပြည်သူများ၏ သဘောထားအမြင်ကိစ္စများ

၅၂။ ပေါ်ထွန်းစ ဒီမိုကရေစီများတွင်ပင်လျှင် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေသူများ သည် ပြည်သူများ၏အမြင်ကို လျစ်လျူရှုခြင်းဖြင့် ၎င်းတို့အတွက် အန္တရာယ် ကျရောက်နိုင်ပါ သည်။ လက်ရှိဖြစ်ပွားနေသော ကိစ္စရပ်များအပေါ် လူထု၏ ယုံကြည်မှုနှင့် ပြုပြင်ပြောင်းလဲ ရေး မျှော်လင့်ချက်များကို ဖော်ထုတ်ရန် ဆန်းစစ်လေ့လာမှုများ၊ အုပ်စုအစည်းအဝေးများ လိုအပ်ပါသည်။ ထို့အတူ အဓိကပြဿနာများအပေါ် ပြည်သူအား ပညာပေးရန် အဆိုပြုသော ပြောင်းလဲမှုများအတွက် မှန်ကန်ကြောင်း ကျိုးကြောင်းဖော်ပြချက်၊ ပိုမိုကောင်းမွန်သော

အုပ်ချုပ်မှု၏ ပေးဆပ်ရမှုများနှင့် အမှန်တကယ် ရလဒ်များအတွက် တည်တံ့သော ကြိုးပမ်းမှုများသည်လည်း အရေးပါပါသည်။

အပြန်အလှန်ထိန်းကျောင်းမှုများ ခိုင်မာအားကောင်းစေရန်

၅၃။ အစိုးရ၏ အစိတ်အပိုင်းများအကြား ပေါင်းစပ်ညှိနှိုင်းခြင်းဆောင်ရွက်မှုသည် အရေးပါသော်လည်း ရုပ်ပုံတစ်ခုလုံး၏ တစ်စိတ်တစ်ဒေသသာဖြစ်သည်။ အစိုးရအနေဖြင့် ၎င်းတို့၏ လွန်ကျွံမှုများကို စစ်ဆေးနိုင်စွမ်းရှိရမည်ဖြစ်ပါသည်။ တရားစီရင်ရေးသည် ဥပဒေအသစ်များနှင့် စံနှုန်းများ၏ အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် အာဏာသက်ရောက်စေခြင်းတို့အတွက် အရေးပါပြီး အစိုးရအဖွဲ့ထံမှ လွတ်လပ်စွာ ရပ်တည်နိုင်ခြင်းမရှိပါက ၎င်း၏ ထိရောက်မှုမရှိနိုင်ပါ။ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် ဖြောင့်မတ်တည်ကြည်မှုတို့နှင့်ပတ်သက်၍ UNODC ၏ Global Judicial Integrity Network website (/ji/en/resdb/) တွင် ကြည့်နိုင်ပါသည်။ အုပ်ချုပ်မှု၏ ဖွဲ့စည်းတည်ဆောက်ပုံက နေရာတကျရှိမည်ဆိုလျှင် ဥပမာအားဖြင့် အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းများနှင့်အညီ လွတ်လပ်စွာ သတင်းအချက်အလက်ရရှိခြင်းနှင့် စုဆောင်းခြင်းကို ခွင့်ပြုသည့် ဥပဒေများ၊ ခန့်ထားရေး၊ ရာထူးတိုးရေးနှင့် ထုတ်ပယ်ခြင်းဆိုင်ရာစံနှုန်းများ၊ ဝယ်ယူရေးဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်များရှိလျှင် အဂတိလိုက်စားသည့် လုပ်ဆောင်မှုကို ဖယ်ရှားနိုင်မည်ဖြစ်ပါသည်။ ထိုနည်းတူစွာ စီမံခန့်ခွဲရေးအဖွဲ့များအတွက် ကြပ်မတ်ခြင်းရှိရန် လိုအပ်ပါသည်။ ဥပဒေဆိုင်ရာကြည့်ရှုစိစစ်ခြင်းနှင့် ယုံကြည်ရသော ပြင်ပစောင့်ကြည့်အဖွဲ့များရှိခြင်းကြောင့် ထိရောက်သော မူဝါဒအကောင်အထည်ဖော်မှုကို မြှင့်တင်ပေးနိုင်ပြီး အလွဲသုံးစားမှုများကို စစ်ဆေးနိုင်မည်ဖြစ်ပါသည်။ ခုံသမာဓိ (Ombudsman) စနစ်ရှိခြင်းဖြင့် ပြည်သူများက တိုင်ကြားစာနှင့် သတင်းပေးပို့မှုများ တင်ပြနိုင်ခြင်းကြောင့် များစွာအဖိုးတန်ပါသည်။ သို့သော်လည်း ပြည်သူများအနေဖြင့် ၎င်းတို့၏ တိုင်ကြားမှုနှင့်ပတ်သက်၍ တန်ပြန်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်းမျိုးနှင့် ရင်ဆိုင်ရခြင်းမရှိဘဲ သတင်းပေးပို့ခြင်းများအပေါ် အလေးအနက်ထားပြီး သတင်းအချက်အလက်များကိုလည်း လျှို့ဝှက်စွာ ကိုင်တွယ်စီမံသည်ဟု ယုံကြည်မှုရှိရန် လိုအပ်ပါသည်။

ပြုပြင်ပြောင်းလဲရေးအတွက် အတိုက်အခံများရှိမှုအပေါ် လျှော့တွက်ခြင်းမဖြစ်ရန်

၅၄။ ပြင်းထန်သော ပြုပြင်ပြောင်းလဲမှုများသည် အစိုးရအဖွဲ့အစည်းအတွင်းနှင့် တစ်စိတ်တစ်ဒေသသော ပြည်သူလူထုတို့ထံမှ တိုးပွားလာသော ဆန့်ကျင်မှုများနှင့် ကြုံတွေ့နိုင်ပါသည်။ အစိုးရနှင့် လူမှုအဖွဲ့အစည်းတွင် လက်ရှိအကျိုးခံစားမှု ရှိနေခြင်းများကြောင့် ပွင့်လင်း

မြင်သာမှုနှင့် တာဝန်ယူ/တာဝန်ခံမှုပြဿနာများသည် ဆက်လက်၍ ဖြစ်ပွားနိုင်ဖွယ်ရှိပါသည်။ ပြုပြင်ပြောင်းလဲရေးသမားများအနေနှင့် တစ်ခါတစ်ရံ အဆိုပါဆန့်ကျင်နေသော ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ/တာဝန်ခံမှုမြှင့်တင်ခြင်းသည် (အစီရင်ခံတင်ပြခြင်းများ၊ ကိန်းဂဏန်း အချက်အလက်ထုတ်ပေးခြင်း၊ သုံးသပ်အကဲဖြတ်မှုများ ဆောင်ရွက်ခြင်းကဲ့သို့) အဆိုပြုချက်များမှတစ်ဆင့် သေချာစွာ စစ်ဆေးနိုင်သည်ကို သတိပြုသင့်ပါသည်။ ယင်းတွင် ထုတ်ဖော်ခြင်းနှင့် ဖြေရှင်းခြင်းအစား ဖုံးကွယ်ခြင်းများ ဖြစ်တတ်၍ အုပ်ချုပ်မှုပြဿနာများ ဖြစ်လာပါသည်။ စာရင်းစစ်၊ ဥပဒေဆိုင်ရာကြေပ်မတ်ရေးအဖွဲ့များနှင့် စုံစမ်းစစ်ဆေးသည့် တရားသူကြီးများကဲ့သို့ ပြင်ပစောင့်ကြည့်သူများသည် မရှိမဖြစ်အရေးပါပါသည်။

နိုင်ငံတစ်ခုချင်းစီကို အာရုံစိုက်ခြင်းမပြုရန်

၅၅။ အိမ်နီးနားချင်း လူ့အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများသည် အလားတူ ပြဿနာများနှင့် အခက်အခဲအတားအဆီးများကို ကောင်းစွာနိုင်နိုင်နင်းနင်းလုပ်ကိုင်နိုင်ပြီး ရှုပ်ထွေးသော အနေအထားအသစ်များနှင့် လိုက်ဖက်မည့် တရားဥပဒေစိုးမိုးရေး၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ/တာဝန်ခံမှု ယန္တရားများအတွက် နည်းလမ်းများလည်း ရှာဖွေနိုင်မည် ဖြစ်ပါသည်။ ဒေသတွင်းကို အခြေခံ၍ အတွေးအခေါ်အယူအဆ၊ အတွေ့အကြုံနှင့် အရင်းအမြစ်များ မျှဝေခြင်း၊ ဒေသဆိုင်ရာ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် အုပ်ချုပ်မှုလုပ်ထုံးလုပ်နည်းများအပေါ် အချင်းချင်းပြန်လည်သုံးသပ်ခြင်းတို့က လူမှုဘဝ အစစ်အမှန်များနှင့် ဆီလျော်သော ပြုပြင်ပြောင်းလဲမှုများသို့ ဖြစ်စေပါသည်။ အကန့်အသတ်ဖြင့်ရှိသော အရင်းအမြစ်များကို ပိုမိုကောင်းမွန်စွာ အသုံးပြုမှုဖြစ်စေပါသည်။

ရေရှည်သက်တမ်းအတွက် ဦးတည်ချက်ထားရှိရန်

၅၆။ အဂတိလိုက်စားမှု မကောင်းသတင်းများ သို့မဟုတ် အကြပ်အတည်းများဖြေရှင်းခြင်းကဲ့သို့သော အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများသည် ရေတိုကိစ္စရပ်တစ်ခုဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးနှင့် ယင်း၏လူမှုအခြေခံအုတ်မြစ်များအနေနှင့် အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အောင်မြင်ရန် အနည်းဆုံး မျိုးဆက်တစ်ခုစာ အချိန် လိုအပ်ပါသည်။ နှစ်အနည်းငယ်၊ လအနည်းငယ်ဖြင့် မရနိုင်ပါ။ ထို့အတူ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ/တာဝန်ခံမှုကိစ္စတွင်လည်း အဖွဲ့အစည်း၊ နိုင်ငံရေးဩဇာအာဏာရှိသူနှင့် နိုင်ငံ့ဝန်ထမ်းယဉ်ကျေးမှုများကို ပြောင်းလဲရန် လိုအပ်နိုင်ပါသည်။ လူပုဂ္ဂိုလ်များအား အထိုက်အလျောက် အစားထိုးနိုင်ခြင်းနှင့် အဖွဲ့အစည်းများ၏ မက်လုံးပေးသည့် စနစ်များကို အလုံးစုံပြုပြင်ပေးခြင်းတို့သည် ယင်း

နယ်ပယ်များတွင် ပိုမိုအလျင်အမြန်တိုးတက်ရန် ဖြစ်နိုင်ပါသည်။ ဗျူရိုကရက်များအနေဖြင့် ထပ်မံလေ့ကျင့်မှုများ ပုံမှန်လိုအပ်မည်ဖြစ်သကဲ့သို့ အုပ်ချုပ်ရေးပြဿနာများအတွက် ရွေးချယ်ထားသော အရာရှိများအနေဖြင့်လည်း စဉ်ဆက်မပြတ် သတင်းအချက်အလက်များရရှိရန် (ထို့အပြင် ယင်းတို့ကို ပြုပြင်ရန် စဉ်ဆက်မပြတ်မက်လုံးများ)နှင့် ရေရှည်တွင် ပြည်သူတို့၏ ထောက်ခံမှုများ လိုအပ်ပါသည်။ တာဝန်ယူ/တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတိုးတက်စေရေးနှင့် တရားဥပဒေစိုးမိုးစေရေးနက်ရှိုင်းစေရန် ပြည်သူလူထုအသိပညာပေးခြင်းက မည်သည့် ကြိုးပမ်းဆောင်ရွက်မှုတွင်မဆို မရှိမဖြစ်ပါဝင်ပါသည်။

၅၇။ ကောင်းမွန်သော အုပ်ချုပ်ရေးသည် ဘက်ပေါင်းစုံပါဝင်သော ချဉ်းကပ်နည်းကို လက်ခံရန် လိုအပ်ပါသည်။ ယင်းတွင် အမျိုးမျိုးသော အသင်းအဖွဲ့များ၏ အာဏာခွဲဝေမှုမှတစ်ဆင့်လည်းကောင်း၊ အရပ်ဖက်အဖွဲ့အစည်းနှင့် မီဒီယာပါဝင်ပတ်သက်မှုမှတစ်ဆင့်လည်းကောင်း၊ စီးပွားရေးကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မှု သို့မဟုတ် သဘောတူညီချက်များမှတစ်ဆင့်လည်းကောင်း၊ ရရှိနိုင်သော အပြန်အလှန်စစ်ဆေးထိန်းကျောင်းခြင်းနည်းစနစ်အများအပြား ပါဝင်ပါသည်။

Module 2

Corruption and Good Governance

၂၀၂၀ မတ် လ

ACC Myanmar

Introduction

